# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၇ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၂၁၇)

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

# ပုံမှန်အခြေအနေ အမြန်ဆုံး ရောက်စေချင်ကြောင်း၊ ရောက်နိုင်အောင်လည်း ကြိုးစားမည်ဖြစ်ကြောင်း သတင်းစကားပါး

**နေပြည်တော် မေ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပုံမှန်အခြေအနေ အမြန်ဆုံးရောက်စေချင်ကြောင်း၊ ရောက်နိုင်အောင်လည်း ကြိုးစားမည်ဖြစ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် –

အိမ်ထဲမှာ ရက်ရှည်နေရခြင်းက အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်ပါတယ်။

နေမကောင်းလို့၊ ပင်ပန်းပြီးနားချင်လို့၊ အကျယ်ချုပ်ကျနေလို့၊ ဘုရား၊ တရားအလုပ်တွေ အချိန်ပြည့်လုပ်နေလို့ စသဖြင့် ဖြစ်နိုင်ပါတယ်။ နောက်ဆုံး အကြောင်းကတော့ အကောင်းဆုံးပေါ့။ ကျွန်မမိတ်ဆွေတစ်ယောက်က တစ်နေ့တစ်နေ့ ဘုရား၊ တရား အလုပ်တွေနဲ့ အချိန်(၇)နာရီလောက်ကုန်ပြီး အေးချမ်း၊ ကျေနပ်စွာ ညအိပ်ရာဝင်နိုင်တယ်ဆိုတာ ကြားရတော့ မုဒိတာပွား၊ အားရပါတယ်။

Covid မပြန့်ပွားစေဖို့ အိမ်ထဲမှာနေရပုံက အခြားအကြောင်းတွေကြောင့် နေရပုံနဲ့ တူတာတွေလည်း ရှိပါလိမ့်မယ်၊ မတူတာတွေလည်း ရှိပါလိမ့်မယ်။ တစ်နေ့ တစ်ချိန်တစ်ခါမှာ covid အတွေ့အကြုံတွေအကြောင်း စာအုပ်တွေ ထွက်လာမှာပါ။

ရန်ကုန်မြို့ထဲမှာ အသွားအလာတွေ များလာတယ်လို့ သိရပါတယ်။ ရန်ကုန်ဟာ covid ရောဂါ ကူးစက်ထားသူ အများဆုံးတွေ့ထားတဲ့မြို့ ဖြစ်တော့ ကျန်းမာရေးဆိုင်ရာ စည်းကမ်းတွေကို အထူးဂရုစိုက်လိုက်နာဖို့ လိုပါတယ်။ ကိစ္စအမျိုးမျိုးကြောင့်၊ ဥပမာ အလုပ်အကိုင်နဲ့ ပတ်သက်လို့၊ အိမ်ပြင်ထွက်ဖို့ လိုတာတွေရှိနိုင်မယ်ဆိုတာ နားလည်ပါတယ်။ ဒါကြောင့် ပုံမှန်အခြေအနေ အမြန်ဆုံးရောက်စေချင်ပါတယ်။ ရောက်နိုင်အောင်လည်း ကြိုးစားပါမယ်။

**◆ ရောဂါမကူးစက်စေဖို့ ထိရောက်တဲ့ နည်းတစ်ခုကတော့ Mask ကို စနစ်တကျ တပ်ဆင်ခြင်းပါပဲ။ Mask တပ်ဆင်တဲ့ အလေ့အထကို အားပေးဖို့ mask ပြိုင်ပွဲလေးတစ်ခုလုပ်မလား စဉ်းစားနေပါတယ်**

**❖ ရန်ကုန်ဟာ covid ရောဂါ ကူးစက်ထားသူ အများဆုံး တွေ့ထားတဲ့ မြို့ဖြစ်တော့ ကျန်းမာရေးဆိုင်ရာ စည်းကမ်းတွေကို အထူးဂရုစိုက်လိုက်နာဖို့ လိုပါတယ်။ ကိစ္စအမျိုးမျိုးကြောင့်၊ ဥပမာ အလုပ်အကိုင်နဲ့ ပတ်သက်လို့၊ အိမ်ပြင်ထွက်ဖို့ လိုတာတွေ ရှိနိုင်မယ်ဆိုတာ နားလည်ပါတယ်။ ဒါကြောင့် ပုံမှန်အခြေအနေ အမြန်ဆုံးရောက်စေချင်ပါတယ်။ ရောက်နိုင်အောင်လည်း ကြိုးစားပါမယ်**

သို့သော် ဒီအချိန်မှာတော့ သည်းခံရပါမယ်။ သည်းခံကြပါ။ သည်းခံရခြင်းအကြောင်းတွေ နောင်တစ်ချိန်မှာ ရေးနိုင်တာပေါ့။

ရောဂါမကူးစက်စေဖို့ ထိရောက်တဲ့ နည်းတစ်ခုကတော့ Mask ကို စနစ်တကျ တပ်ဆင်ခြင်းပါပဲ။ Mask တပ်ဆင်တဲ့ အလေ့အထကို အားပေးဖို့ mask ပြိုင်ပွဲလေးတစ်ခုလုပ်မလား စဉ်းစားနေပါတယ်။ စိတ်ဝင်စားကြပါလား။ အိမ်မှာနေပြီး လုပ်နိုင်မဲ့အလုပ်လေ။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အင်းစိန်မြို့နယ်၌ ကျန်းမာရေးစစ်တမ်းကောက်ယူနေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် အင်းစိန်မြို့နယ် အထွေထွေရောဂါကု ဆေးရုံကြီးမှ သမားတော်ကြီးများ ဦးဆောင်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးအဖွဲ့မှ ယနေ့နံနက်ပိုင်းက ကျန်းမာရေးစစ်တမ်း ကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုတွေ့ရှိသူ အများဆုံးမြို့နယ်ဖြစ်သည့် အင်းစိန်မြို့နယ်ရှိ ရပ်ကွက်လေးခုတွင် ကျန်းမာရေးစစ်တမ်းကောက်ယူခြင်း ဆောင်ရွက်လျက်ရှိရာ ရောဂါပိုးတွေ့ရှိသူ အများဆုံးဖြစ်သော

*စာမျက်နှာ ၄ ကော်လံ ၅* ❄



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကျန်းမာရေးစစ်တမ်းကောက်ယူရွှေ့လျားမော်တော်ယာဉ်ကို စစ်ဆေးစဉ်။

ကပ်ရောဂါတိုက်ဖျက်ရာတွင် ကျန်းမာရေးနှင့် ဆေးဘက်အဖွဲ့အစည်းများအနေဖြင့် ဆိုက်ဘာခြိမ်းခြောက်မှုကို ရင်ဆိုင်ရနိုင်ကြောင်း ဗြိတိန်နှင့် အမေရိကန်သတိပေး
နိုင်ငံတကာသတင်း စာ » ၁၂

ကိုဗစ် – ၁၉ ရိုက်ခတ်မှုဒဏ် ခံစားခဲ့ရသော ဂျာမနီနိုင်ငံရှိ ဈေးဆိုင်များနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်
နိုင်ငံတကာသတင်း စာ » ၁၃

ကပ်ရောဂါဘေးကိုသာမက ဆာလောင်မှုဘေးကိုပါ စိုးရိမ်နေရတဲ့ ဟောတီ
နိုင်ငံတကာရေးရာ စာ » ၁၄

# မမေ့မလျော့သော သတိဖြင့် ရှိကြဖို့

ဥဋ္ဌာန ဝတော သတိမတော၊ သုစိကမ္မဿ နိသမ္မကာရိနော၊ သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသော ဘိဝၶုတိ။

လုံ့လလည်းရှိ၊ သတိလည်းရှိ၊

အပြစ်ကင်း စင်ကြယ်သော အလုပ်ကိုလည်း ပြုလုပ်တတ်၊

အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊

ကိုယ် နှုတ် စိတ် သုံးပါး ဣန္ဒြေကိုလည်း စောင့်စည်းလေ့ရှိ၊

တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍

မမေ့မလျော့သော သူမှာ

ကောင်းမွန်အထူး ကျေးဇူးသတင်း ကျော်ဇောခြင်း

အလွန် တိုးပွားလေ၏။

(ဓမ္မပဒ။ အပ္ပမာဒ ဝဂ္ဂ)

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ပြီး ကမ္ဘာ့ကပ်ရောဂါအဖြစ်ကြေညာရသည့်အဖြစ်သို့ ရောက်ခဲ့ရသည်။ နိုင်ငံအသီးသီးတွင် များစွာကူးစက်ခဲ့ပြီး ယနေ့အချိန်ထိဆိုလျှင် ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသူ သုံးသန်းခုနစ်သိန်း ငါးသောင်းကျော်ရှိပြီး သေဆုံးသူမှာ နှစ်သိန်းငါးသောင်းကိုးထောင်ကျော်၊ ပြန်လည်ကောင်းမွန်သူ တစ်သန်း နှစ်သိန်းငါးသောင်းကျော်ထိ ရှိနေပြီ။ ဗိုင်းရပ်စ်ကြောင့် ရောဂါဖြစ်ပွားနေသူ နှစ်သန်း နှစ်သိန်းကျော်ရှိ၏။

မြန်မာနိုင်ငံ၌ ပိုးကူးစက်ခံထားရသည်ဟု အတည်ပြုထားသူ ၁၆၁ ဦးရှိ၏။ သေဆုံးသူ ၆ ဦးရှိ၏။ ရောဂါပိုးရှိထားသည်ဟု သတ်မှတ်ထားပြီး ဆေးရုံတွင်ထားကာ ကုသမှုခံယူ၍ ရောဂါပိုးကင်းစင်လာသူ ၅၀ ဟု သိရသည်။ ယခုရက်ပိုင်းအတွင်း သံသယရှိသူများကို ဆက်လက်စစ်ဆေးနေရာတွင် မေလ ၁ ရက်၊ ၂ ရက်နေ့များတွင် ရောဂါပိုးမတွေ့ရှိ၊ ၃ ရက်နေ့တွင် ပိုးတွေ့သူ ၄ ယောက်၊ ၄ ရက်နေ့တွင် ၆ ယောက်၊ ၅ ရက်နှင့် ၆ ရက်နေ့များတွင် ပိုးတွေ့ရှိမှု လုံးဝမရှိဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များအရ အတည်ပြုသိရှိရပါသည်။

နိုင်ငံတကာမှ နိုင်ငံကြီးများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ၏ အနေအထားက မဆိုးရွားလှဟု ဆိုနိုင်သော်လည်း စိုးရိမ်ဖွယ်မရှိ၊ ကောင်းနေပြီဟု ယတိပြတ်စိတ်ချရသောအခြေအနေ မဟုတ်သေးပါ။ ကိုဗစ်-၁၉ ရောဂါပိုးက အလွယ်တကူမမြင်ရအောင် ပုန်းကွယ်နေနိုင်သူ၊ တိတ်တဆိတ်ဝင်လာနိုင်သူ၊ မည်သည့်လက္ခဏာတစ်စုံတစ်ရာမှ မပြဘဲ ဟန်မပျက်ရှိနေနိုင်သူ ဖြစ်၏။ အလွန်အမင်း စိုးရိမ်ပူပန်ရမည် မဟုတ်သော်လည်း ပေ့ါပေ့ါဆဆ နေလို့မဖြစ်။

သတိတရားနှင့် အသိဉာဏ်ပညာရှိဖို့ လိုအပ်ပါသည်။ ဉာဏ်ဖြင့်ကပ်၍ အမြဲစောင့်ကြည့် သတိဖြင့်နေခြင်းက ယနေ့ ကြုံတွေ့နေရသော ကပ်ရောဂါမျှသာမက သံသရာကိုပါ ကျော်လွန်အောင် မြင်နိုင်မည့် အကျင့်အမူဖြစ်ပါသည်။

လူတစ်ဦးသည် ထကြွလုံ့လလည်းရှိကာ သီလလုံခြုံသူလည်း ဖြစ်၍ ဉာဏ်ဖြင့်ယှဉ်ကာ မမေ့မလျော့၊ မပေ့ါမဆ၊ သတိဖြင့် နေထိုင်ခြင်းသည် သူတော်ကောင်းတို့၏ အကျင့်ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၄၈-ခု။ ဥတုဂိမန္တ ကဆုန်လပြည့်ည အင်္ဂါနေ့ မိုးသောက်ယံတွင် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံးစကားကို မြွက်ဆိုရာတွင်လည်း မမေ့မလျော့ကြသော သတိဖြင့် နေထိုင်ကြရန်ကို ညွှန်းဆိုဟောပြခဲ့ပေသည်။

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တ ယာမိ ဝေါ၊

ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ချစ်သားတို့- သင်တို့အား ယခု နောက်ဆုံးစကားမှာကြားပေအံ့။

"ဖြစ်ပေါ်သမျှ သဘာဝတို့သည် ပျက်စီးရသည်ချည်းသာတည်း။ မြဲမြံသောသတိဖြင့် သီလ သမာဓိ ပညာ တရားတို့ကို ပြည့်စုံတိုးပွားအောင် ကြိုးစားအားထုတ်ရစ်ကြကုန်လော့"ဟူ၏။

မြဲမြံသောသတိဖြင့် မမေ့မလျော့ ရှိကြပါစေ။

အပ္ပမာဒေန သမ္ပာဒေထ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရှေ့ဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

နေပြည်တော် မေ ၆

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (ASEAN Institute for Peace and Reconciliation-ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive- director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရေတာရှည်မြို့ အမှတ်(၃)ရပ်ကွက် မြဝတီလမ်းရှိ မိခင်နှင့်ကလေးဌာနတွင် ဖျားနာကုဆေးခန်းဖွင့်

ရေတာရှည် မေ ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၃)ရပ်ကွက် မြဝတီလမ်းရှိ မိခင်နှင့်ကလေးဌာနတွင် စေတနာရှင် ဆရာဝန်များ စုပေါင်းကူညီမှုဖြင့် ဖျားနာကုဆေးခန်းကို မေ ၅ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ကိုဗစ်- ၁၉ ရောဂါတိုက်ဖျက်ရေး ကာလတွင် အဆိုပါဆေးခန်းသို့ မည်သူမဆို အခမဲ့လာရောက်စမ်းသပ်ကုသနိုင်ကြောင်း၊ အခမဲ့ဆေးခန်းအား နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်ပေးသွားမည် ဖြစ်ပြီး လာရောက်သူများအနေဖြင့် နှာခေါင်းစည်းများ တပ်ဆင်လာရမည်ဖြစ်ကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာညီဆွေက ရှင်းလင်းပြောကြားသည်။



ယနေ့ ဖွင့်လှစ်လိုက်သည့် ဖျားနာကုဆေးခန်းတွင် အသုံးပြုနိုင်ရန် အလှူရှင်များ လှူဒါန်းထားသည့် ရောဂါကာကွယ်ရေး ဝတ်စုံ ၂၀၊ မျက်နှာအကာ ငါးခု၊ Statho Scope နှစ်ခု၊ သွေးပေါင်ချိန်စက်တစ်ခုနှင့် ဆေးဝါးပစ္စည်းမျိုးစုံတို့ကို လှူဒါန်းပေးအပ်ရာ မြို့နယ်ကုသရေးဌာနမှူး ဒေါက်တာ နန္ဒာညီဆွေ၊ ဒေါက်တာဇော်မြင့်နိုင်တို့က လက်ခံယူခဲ့သည်။ **(အပေါ်ပုံ)**

သန်းလွင်

## အင်အား အနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် မေ ၆

မေ ၆ ရက် ည ၈ နာရီ ၁၀ မိနစ် ၀၅ စက္ကန့်အချိန်တွင် ကသာမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၂၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ထီးချိုင့်မြို့၏ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၈၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၁ ဒီဂရီ၊ အနက် ၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# ပြည်သူသာလျှင် အဓိက

## ကဆုန်လပြည့်နေ့တွင် နေပြည်တော်နှင့် မန္တလေးရှိ ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများ၌ ပြည်သူအချို့ ကုသိုလ်ယူ

နေပြည်တော် မေ ၆

**ယနေ့ ကဆုန်လပြည့်နေ့တွင် နေပြည်တော်ရှိ ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများ၌ ပြည်သူအချို့ လာရောက်ကုသိုလ်ယူကြသည်ကို တွေ့ရသည်။**

ကဆုန်လပြည့် ဗုဒ္ဓနေ့သည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ နေ့တစ်နေ့ဖြစ်သော်လည်း ယခုအချိန်သည် ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် လူစုလူဝေးဖြင့် ပြုလုပ်ရသည့် အခမ်းအနားများ မပြုလုပ်ရန် နိုင်ငံတော်အစိုးရက ပြည်သူသို့ ပန်ကြားထားရှိရာ ယနေ့ ကဆုန်လပြည့်နေ့တွင် နေပြည်တော်ရှိ စေတီ၊ ပုထိုးများ၌ ယခင်နှစ်များနှင့် မတူဘဲ ဘုရားဖူးကုသိုလ်ယူရန် လာရောက်သည့် ပြည်သူအနည်းငယ်ရှိသည်ကို တွေ့ရသည်။

### ညောင်ရေသွန်းလောင်းပူဇော်

ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့တာဝန်ရှိသူတစ်ဦးက "ဥပ္ပါတသန္တိစေတီတော်ကြီးကို မနက် ၁၀ နာရီကနေ ညနေ ၄ နာရီအထိ ဘုရားဖူးပြည်သူတွေ ဖူးမြော်ကြည်ညိုနိုင်ဖို့ ဖွင့်လှစ်ပေးထားပါတယ်။ ဘုရားဖူးလာရောက်သူတွေအတွက် လက်ဆေးဘေစင်နဲ့ လက်သန့်ဆေးရည် တွေလည်း ဝင်ပေါက်မှာ စီစဉ်ပေးထားပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့အတွက် ဘုရားဖူးတွေ အတော်လေးနည်းပါတယ်။ ဘုရားညောင်ရေသွန်းလောင်း ပူဇော်တာကိုတော့ လူစုလူဝေးမဖြစ်အောင် ဂေါပကတာဝန်ရှိသူတွေကပဲ စနစ်တကျစီစဉ်ပြီး နံနက်ပိုင်းက ညောင်ရေသွန်းလောင်း ပူဇော်ဖြစ်ပါတယ်" ဟု ပြောသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ထာဝရငြိမ်းချမ်းရေးစေတီ၊ ရန်အောင်မြင်စေတီ၊ ဖောင်တော်ချက်မစေတီ၊ ကိုးခမ်းကြီးဘုရား၊ ဓာတုစယဓာတ်ပေါင်းစုစေတီ၊ လောကရန်နိမ်စေတီနှင့် ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ စေတီပုထိုးများတွင် ဘုရားဖူး လာရောက်သူများသည် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးရေး နည်းလမ်းများဖြစ်သည့် နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ ဘုရားဖူးခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ညောင်ရေသွန်းလောင်းပူဇော်ခြင်းဖြင့် ကုသိုလ်ဒါနပြုလျက်ရှိကြသကဲ့သို့ သက်ဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များကလည်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို လိုက်နာကာ ကုသိုလ်ယူနိုင်ရန် လက်ဆေးဘေစင်များ ထားရှိပေးခြင်း၊ လက်သန့်ဆေးရည်များ အသုံးပြုနိုင်ရန်နှင့် နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်းဖြင့် ကုသိုလ်ယူနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကဆုန်လပြည့်နေ့တွင် နေပြည်တော်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်တွင် ပြည်သူအချို့ ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။ ဓာတ်ပုံ-အေးသန်း



ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ နေ့တစ်နေ့ဖြစ်သည့်အတွက် ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများသို့ ကိုယ်တိုင်သွားရောက်ကုသိုလ် မယူနိုင်သော်လည်း မိမိတို့၏နေအိမ်များတွင် ကုသိုလ်ပြုကြသူများလည်း အများအပြားရှိကြသည်။

### ကပ်ရောဂါကင်းဝေးဖို့ ဆုတောင်း

လယ်ဝေးမြို့မှ ဒေါ်ခင်စန်းက "ပုံမှန်ဆိုရင် ကဆုန်လပြည့်နေ့ဆို မိသားစုတွေ၊ ဆွေမျိုးတွေစုပြီး တစ်နေကုန် ဘုရားသွားဖူးကြတယ်။ ဒီနှစ်တော့ ကိုဗစ်-၁၉ ကြောက်တာနဲ့ အိမ်မှာရှိတဲ့ ဘုရားကို ဆွမ်း၊ သစ်သီး၊ ပန်း ကပ်လှူပူဇော်ပြီး ပရိတ်ရွတ်၊ ပဋ္ဌာန်းပူဇော်ဖြစ်တယ်။ ရုပ်မြင်သံကြားကလာတဲ့ တရားတော်တွေနာယူဖြစ်တယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအားလုံး ယခုဖြစ်နေတဲ့ ကပ်ရောဂါဘေးမှ ကင်းဝေးဖို့လည်း ဆုတောင်းပေးပါတယ်" ဟု ပြောသည်။

### မန္တလေး

ကဆုန်လ ညောင်ရေသွန်းပွဲတော်ကို ယနေ့ကဆုန်လပြည့်၌ မန္တလေးမြို့နယ် ရပ်ကွက်များအတွင်းရှိ ဗောဓိပင်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ အစဉ်အလာမပျက် ကျင်းပခဲ့ကြသည်။

လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် လူစုလူဝေး မဖြစ်ပေါ်စေရန် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများအား ပိတ်ထားလျက်ရှိရာ မန္တလေးဒေသခံပြည်သူများအနေဖြင့် ကဆုန်လပြည့် နေ့ထူးနေ့မြတ် အခါသမယတွင် ရိုးရာဓလေ့အဖြစ် ညောင်ရေသွန်းပွဲတော်ကို မိမိတို့ မြို့နယ်ရပ်ကွက်များရှိ ဘုရားများ၊ ဓမ္မာရုံများတွင် စိုက်ပျိုးထားသည့် ဗောဓိပင် များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအတိုင်း လိုက်နာကာ နှာခေါင်းစည်းများ တပ်ဆင်၍ တစ်ဦးနှင့်တစ်ဦး ခွာ၍ လည်းကောင်း၊ ငါးဦးထက် မပိုသော လူဦးရေများဖြင့်လည်းကောင်း၊ ရေစင်သွန်းလောင်း ပူဇော်ပွဲကို ကျင်းပကြသည်။ **(အပေါ်ပုံ)**

ယခင်နှစ်များက ယခုလို ကဆုန်လပြည့်နေ့တွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဗောဓိကုန်းဘုရားတွင် မင်းတုန်းမင်းကြီး စိုက်ပျိုးလှူဒါန်းခဲ့သည့် ဗောဓိပင်တွင် ညောင်ရေသွန်းလောင်းလှူပွဲကြီးကို စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများဖြင့် နှစ်စဉ် စည်ကားစွာ ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ညောင်ရေသွန်းပွဲတော်ကို ကျင်းပခဲ့ခြင်း မရှိကြောင်း သိရသည်။

**သတင်း-ဟန်လင်းနိုင်**
**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော် မေ ၆

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | - ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | - ဖုန်း ၀၉-၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | - ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | - ၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | - ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၄၂-၂၁၂၄၀ |
| သာပေါင်း | - ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | - ဦးမောင်ပြုံး (အတွင်းရေးမှူး) | - ၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | - ဒေါ်ယုယုခင် (အတွင်းရေးမှူး) | - ၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | - ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၉၂၀၃၀၆၀၇ |
| ဟသ်ာတ | - ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | - ၀၄၄-၂၁၁၂၈ |
| ဇလွန် | - ဦးစောဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | - ဦးသန်းထိုက် (စာရေး-၁) | - ၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | - ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | - ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | - ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | - ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | - ၀၉-၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | - ဦးခင်စိုး (အတွင်းရေးမှူး) | - ၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | - ဦးအောင်မိုး (မန်နေဂျာ) | - ၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | - ဦးကျော်ကျော်(ဥက္ကဋ္ဌ) | - ၀၉-၆၇၁၁၂၀၆၆၈ |
| မအူပင် | - ဦးသန်းလွင် (အတွင်းရေးမှူး) | - ၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | - ဦးလူရွှေ(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | - ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | - ၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | - ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | - ဦးမျိုးအောင် (အတွင်းရေးမှူး) | - ၀၉-၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | - ဦးသက်ဝေလင်း (စာရင်းကိုင်) | - ၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**




စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူတစ်ဦးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

# ဒလမြို့နယ်၌ သောက်သုံးရေရှားပါးသော ဒေသခံများအား သောက်သုံးရေဂါလန်ပေါင်း ၂၂၀၀၀ ဖြန့်ဝေလှူဒါန်း

**ရန်ကုန် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း နှစ်စဉ်နွေရာသီကာလ၌ သောက်သုံးရေကန်များ ခန်းခြောက်ကာ ရေရှားပါးမှု ကြုံတွေ့လျက်ရှိပြီး ဒေသခံပြည်သူများ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ယနေ့နံနက်ပိုင်းက ဧရာဝတီရေတပ်စခန်းဌာနချုပ် မှ သောက်သုံးရေဂါလန် စုစုပေါင်း ၂၂၀၀၀ ကို မြို့ပေါ်ရှိ ရေရှားပါးသော ရပ်ကွက်များ၊ ကျေးရွာနှင့် ဘုန်းတော်ကြီးကျောင်းတို့ကို ဖြန့်ဝေလှူဒါန်းပေးသည်။

ထိုသို့ လှူဒါန်းရာတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် ဗိုလ်မှူးချုပ် ဇွဲဝင်းမြင့်၊ အရာရှိများနှင့် တပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်အောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်(၁) ဦးကျော်လင်း၊ မြို့နယ်ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)မှ တာဝန်ခံအင်ဂျင်နီယာ ဦးတိုးတိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ လူမှုကူညီရေး အသင်းအဖွဲ့များမှပူးပေါင်း၍ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လျက်ရှိသော ကျွန်စစ်သားရပ်ကွက်၌ သောက်သုံးရေဂါလန် ၆၂၀၀ ၊ ညောင်ကုန်းရပ်ကွက်၌ သောက်သုံးရေဂါလန် ၃၂၀၀ ၊ ရာဇသင်္ကြန်ရပ်ကွက်၌ သောက်သုံးရေဂါလန် ၃၀၀၀ ၊ ဗညားဒလရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ သောက်သုံးရေဂါလန် ၉၀၀ ၊ ဆာပါချောင်းကျောင်စုရပ်ကွက်၌ သောက်သုံးရေဂါလန် ၂၅၀၀ ၊ အုံ့ကြီးအနောက်ရပ်ကွက်၌ သောက်သုံးရေဂါလန် ၂၄၀၀ ၊ ကမာကသွယ်ရပ်ကွက်ရှိ မဟာသုမနာရာမ ဘုန်းကြီးကျောင်းတိုက်၌ သောက်သုံးရေဂါလန် ၁၀၀၀ ၊ သပြေကုန်းကျေးရွာ၌ သောက်သုံးရေဂါလန် ၂၈၀၀ စုစုပေါင်း သောက်သုံးရေဂါလန် ၂၂၀၀၀ ကို ဒေသခံပြည်သူများထံ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ–နိုင်လင်းကျော်(ဒလ)**




ကျွန်စစ်သားရပ်ကွက်ရှိ ဒေသခံပြည်သူများအား သောက်သုံးရေများ လှူဒါန်းနေစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးရှိ အခြေခံပြည်သူများအတွက် ကမ္ဘောဇဘဏ်က ဆန်အိတ် ၁၀၀၀ လှူဒါန်း

**နေပြည်တော် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကို မုံရွာမြို့ တိုင်းဒေသကြီး အစိုးရရုံး၌ ကမ္ဘောဇဘဏ်က ပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က လက်ခံရယူခဲ့သည်။

ကမ္ဘောဇဘဏ်သည် နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အခြေခံပြည်သူများအတွက် ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်အိတ်များကို ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ လှူဒါန်းပေးအပ်ထားပြီး စနစ်တကျ ဖြန့်ဝေလှူဒါန်းခဲ့သည်။ ၂၀၁၅ ခုနှစ်က ကလေးမြို့အပါအဝင် ရေလွှမ်းမိုးမှုခံရစဉ်က ငွေကျပ် သိန်းပေါင်း တစ်သောင်းခန့်ကို ပေးအပ်လှူဒါန်းခဲ့သည့်အပြင် Air KBZ လေကြောင်းလိုင်းဖြင့် ရန်ကုန်–ကလေး–စစ်တွေ ခရီးစဉ်၌ အလှူပစ္စည်းထုပ်များကို အထူးလေယာဉ်ဖြင့် ၁၉ ခေါက် အခမဲ့ ပျံသန်းပို့ဆောင်ပေးခဲ့သည်။

၂၀၁၆ ခုနှစ်က စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် သိန်း ၁၀၀၀ မတည်လှူဒါန်းခဲ့ပြီး ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်သစ်တစ်စီးကို ကလေးမြို့ရှိ ပြည်သူများအတွက် ပေးအပ်လှူဒါန်းခဲ့သည်။ ယခုအခါ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို လှူဒါန်းခြင်း၊ လှူဒါန်းငွေကျပ်သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို နိုင်ငံတွင်း အရေးပေါ်လိုအပ်သော နေရာများသို့ ဖြန့်ဝေလှူဒါန်းခြင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် နိုင်ငံသားများနှင့် ၎င်းတို့ ရောက်ရှိနေထိုင်ရာ နေရာဒေသများရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်း ခြောက်မျိုးကို လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ကိုကျော်**

# ကျောက်တလုံးကြီးမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ အိမ်ရာစိုက်ခင်းလှုပ်ရှားမှုအဖြစ် ဒေသခံပြည်သူများထံသို့ မျိုးစေ့များ အခမဲ့ဖြန့်ဝေပေး

**ကျောက်တလုံးကြီး မေ ၆**

ရှမ်းပြည်နယ် တောင်ပိုင်း ကျောက်တလုံးကြီးမြို့တွင် ကိုဗစ်–၁၉ အကျပ်အတည်းကာလနှင့် အကျပ်အတည်းလွန် ကာလများတွင် ဟင်းသီးဟင်းရွက်များ အလွယ်တကူ ဆွတ်ခူးစားသောက်နိုင်ရေးအတွက် အိမ်ရာစိုက်ခင်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ယနေ့နံနက် ၁၀ နာရီက တစ်ပိုင်တစ်နိုင် အိမ်ခြံဝင်းစိုက်ခင်းများ ဆောင်ရွက်နိုင်ရန်အတွက် မျိုးစေ့ထုပ်များ ပေးအပ်ခြင်းနှင့် ဒေသခံပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ကျောက်တလုံးကြီးမြို့ ထီလုံရပ်ကွက်ရှိ ဆင်ရုပ်အနီးတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးစောချမ်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်မြင့်နှင့် ဝန်ထမ်းများက နှာခေါင်းစည်းများနှင့် မျိုးစေ့ထုပ်များ၊ လက်ကမ်းစာစောင်တို့ကို အခမဲ့ဖြန့်ဝေပေးပြီး မြို့ပေါ် (၆) ရပ်ကွက်ရှိ ဒေသခံပြည်သူများအား တစ်ပိုင်တစ်နိုင် အိမ်ခြံဝင်းစိုက်ခင်းများ စိုက်ပျိုးနိုင်ရန်အတွက် အိမ်တိုင်ရာရောက် မျိုးစေ့ထုပ်များ ဖြန့်ဝေပေးသည်။ **(အောက်ပုံ)**

အဆိုပါ တစ်ပိုင်တစ်နိုင် အိမ်ခြံဝင်း စိုက်ခင်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်မြင့်က "စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် Home Gardening ဆောင်ရွက်နေမှုကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်–၁၉ ကာလအတွင်း ပြည်သူများ လူစုလူဝေး ရှောင်ကြဉ်နိုင်ရန်အတွက် ကျွန်တော်တို့ရုံးမှာ ပျိုးထားတဲ့ ဟင်းသီးဟင်းရွက် ပျိုးပင်များ၊ စုဆောင်းထားတဲ့ မျိုးစေ့၊ သဘာဝမြေဩဇာနှင့် စိုက်ပျိုးရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ကျောက်တလုံးကြီးမြို့နယ်အတွင်းရှိ အိမ်ထောင်စုများထံသို့ ဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် ခရမ်း၊ ချဉ်ပေါင်၊ မုန်ညင်း၊ ကန်စွန်း၊ ငရုတ်ပွ၊ ကြက်ဟင်းခါး၊ ဆလပ်၊ ပဲတောင့်ရှည်တို့အပြင် အခြားသောရက်တို သီးနှံမျိုးစေ့များကိုလည်း အခမဲ့ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခွန်အာကာ(ကျောက်တလုံး)**



❄ *ရှေ့ဖုံးမှ*

ကြို့ကုန်းအရှေ့ရပ်ကွက်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ရွာမအရှေ့ရပ်ကွက်၊ တောင်သူကုန်းရပ်ကွက်များရှိ လမ်းပေါင်း ၁၃၀ နှင့် အိမ်ထောင်စုပေါင်း ၁၀၁၁၇ စုတို့ထံ တစ်အိမ်တက်ဆင်း သွားရောက်၍ ကျန်းမာရေးစစ်တမ်း ကောက်ယူလျက်ရှိပြီး သံသယလူနာတွေ့ရှိပါက စစ်ဆေးသည့်စက်နှင့် အခန်းသီးသန့် ပြုလုပ်ထားသည့် ရွှေ့လျားမော်တော်ယာဉ်ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ပေါင်းစပ်ဆောင်ရွက်**

ထိုကဲ့သို့ ကျန်းမာရေးစစ်တမ်း ကောက်ယူနေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကြည့်ရှု၍ လိုအပ်သည်များ ပံ့ပိုးကူညီပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။ ကျန်းမာရေးစစ်တမ်း ကောက်ယူရာတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် ခရိုင်၊ မြို့နယ်များမှ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ စစ်တမ်းကောက်ယူကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်



ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှုစတဲ့ အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကိုအရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

❒ *ကျော့ဖုံးမှ*

ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့် နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အခြေခံအိမ်ထောင်စု ၅၀၀ အား ဆန်၊ ဆီ၊ ကြက်သွန်များ ပေးအပ်လှူဒါန်း

**လှိုင်သာယာ မေ ၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အပြင်ပဒံကျေးရွာရှိ အခြေခံအိမ်ထောင်စု ၅၀၀ ကို ယနေ့နံနက် ၁၁ နာရီက လှိုင်သာယာမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းအောင်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့မစခန်းမှူး ဒုရဲမှူး ခင်မောင်ထွန်း၊ အပြင်ပဒံကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းလင်းနှင့် တာဝန်ရှိသူများက ဆန်၊ ဆီ၊ ကြက်သွန်များ အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းကြောင်း သိရသည်။

### ပေးအပ်လှူဒါန်းသွားမည်

အဆိုပါ လှူဒါန်းမှုတွင် အပြင်ပဒံကျေးရွာရှိ အခြေခံအိမ်ထောင်စု ၅၀၀ ကို အိမ်ထောင်စုတစ်စုလျှင် ဆန် လေးပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာကို အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းခဲ့ပြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်းရှိ အခြေခံအိမ်ထောင်စု ၈၇၇၂ စုကို ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မြသန္တာဝင်း(ပြန်/ဆက်)**

## တရုတ်နိုင်ငံမှ နေရပ်ပြန်မြန်မာအလုပ်သမားများအား ၎င်းတို့နေရပ်ဒေသများသို့ ဆက်လက်ပို့ဆောင်

**ကျိုင်းတုံ မေ ၆**

တရုတ်နိုင်ငံတွင် ၄က်ပြောခြံ၊ ပြောင်းဖူးခြံ၊ ဖရဲခြံ၊ ကြံလုပ်ငန်း၊ ပဲစိုက်ခင်းများ သွားရောက်လုပ်ကိုင်ပြီး အထူးဒေသ-၄(မိုင်းလား)မှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမား ၅၅၃ ဦးသည် ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့ လေ့ကျင့်ရေးအားကစားရုံသို့ မေ ၄ ရက် ည ၉ နာရီက ရောက်ရှိရာ တာဝန်ရှိသူများက မူလနေရပ် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ အဆင်ပြေချောမွေ့စွာပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ ဆက်လက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာအလုပ်သမားများသည် မိုင်းလားအထူးဒေသ-၄၊ ဆီလူး၊ နမ့်ပန်းဒေသများတွင် အသွားအလာစောင့်ကြည့်မှု ၂၁ ရက် ပြည့်ပြီး ကျိုင်းတုံမြို့သို့ပြန်လည်ဝင်ရောက်လျက်ရှိရာ ဧပြီ ၂၈ ရက်မှ ယနေ့ထိ မွန်ပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၅၀၅ ဦး၊ ရှမ်းပြည်နယ်မှ ၈၁ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၅၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ နှစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၄ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၂၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ တစ်ဦး၊ နေပြည်တော်မှ နှစ်ဦး စုစုပေါင်း ၁၇၆၅ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

၎င်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံတက္ကသိုလ်ပါမောက္ခချုပ်နှင့်ဝန်ထမ်းများ၊ အလှူရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျန်းမာရေးစစ်ဆေးခြင်းနှင့် ထမင်းထုပ်၊ ရေသန့်ဘူး၊ မျက်နှာသုတ်ပဝါ၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ လက်အိတ်၊ နှာခေါင်းစည်းများ ဝေငှပေးပြီး နေရပ်ဒေသများသို့ အဆင်ပြေစွာပြန်လည်ပို့ဆောင်နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ ဆက်လက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



နေရပ်ပြန် မြန်မာအလုပ်သမားများအတွက် ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## ဒေးဒရဲမြို့၌ ရေစည်လှည်းနှင့် အနေးယာဉ်လုပ်သားကြီးများအား ဆန်၊ ဆီ၊ ပဲနှင့် အဝတ်နှာခေါင်းစည်းများ လှူဒါန်း

**ဒေးဒရဲ မေ ၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ဒေးဒရဲမြို့ပေါ်ရှိ အခြေခံလူတန်းစားများ၏ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်နှင့် ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီတို့ပူးပေါင်း၍ ယမန်နေ့ညနေ ၄နာရီက ချည်သားဖြင့် ချုပ်လုပ်ထားသော အဝတ်နှာခေါင်းစည်းများနှင့် အခြေခံစားသောက်ကုန်များကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုတွင် ဆန် ၇၇ အိတ်၊ ဆီ ပိဿာ ၁၉၀၊ ပဲ ၂၃၈ ပြည်နှင့် အဝတ်နှာခေါင်းစည်း ၃၈၁ ခုတို့ကို အနေးယာဉ်လုပ်သား ၃၂၉ ဦး၊ ရေစည်လှည်းလုပ်သား ၃၉ ဦးနှင့် စည်ပင်သာယာရေးအဖွဲ့ နေ့စားဝန်ထမ်း ၁၃ ဦး စုစုပေါင်း ၃၈၁ ဦးတို့ကို တစ်ဦးလျှင် ချည်သားဖြင့် ချုပ်လုပ်ထားသော နှာခေါင်းစည်းတစ်ခု၊ ဆန် ငါးပြည်၊ ပဲ ငါးဘူးနှင့် ဆီ ၅၀ ကျပ်သားစီတို့ကို အလှူရှင်များကိုယ်စား ကိုဗစ်-၁၉ အထောက်အကူပြုကော်မတီနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများက လုပ်သားကြီးများ၏ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြပြီး နှာခေါင်းစည်းများကို တပ်ဆင်အသုံးပြုနည်း၊ စနစ်တကျ ပြန်လည်လျှော်ဖွပ်၍ အသုံးပြုနိုင်ကြစေရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

# ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ် စာချုပ်နှင့်အညီလျှောက်လှမ်းနေသည့် မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်

မာလာအောင် (ယဉ်ကျေးမှု)

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၌ မျက်မြင်အားဖြင့် အကောင်အထည်မဖော်ပြနိုင်ဘဲ လူသားတို့၏ နှလုံးသား၌ စွဲကျန်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage)ဟူ၍ ရှိပါသည်။ တစ်နည်းအားဖြင့် မျိုးဆက်တစ်ခုမှမျိုးဆက်တစ်ခုထံသို့ ယဉ်ကျေးမှုအမွေအနှစ်များကို နှုတ်ဖြင့်ဖြစ်စေ၊ လက်တွေ့သင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ မှတ်တမ်းမှတ်ရာများထားရှိပေး၍ဖြစ်စေ ရှေးယခင်မှ ယနေ့မျက်မှောက်ကာလအထိ ဆင့်ကဲဆင့်ကဲ ရောက်ရှိလာခြင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပေါ်ထွန်းလာခြင်းပင်ဖြစ်ပါသည်။

အဆိုပါ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်နှင့် ထောက်ပံ့ကူညီပေးရန် ရည်ရွယ်၍ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံများပါဝင်ဖွဲ့စည်းထားသည့် ယူနက်စကိုအဖွဲ့အစည်း (UNESCO– United Nations Educational, Scientific and Cultural Organization – ကုလသမဂ္ဂပညာရေး၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း) သည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၁၇ ရက်နေ့ အထိ ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက်အထွေထွေအစည်းအဝေး(32nd Session) တွင် ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ် (2003– Convention for the Safeguarding of the Intangible Cultural Heritage)ကို ကြေညာခဲ့ပါသည်။

## မြန်မာနိုင်ငံလက်မှတ်ရေးထိုးခဲ့ခြင်း

မြန်မာနိုင်ငံသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရန်၊ အလေးထားတန်ဖိုးထားနိုင်ရန်နှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာပဋိညာဉ်စာချုပ်တွင် ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ခြင်း

မြန်မာနိုင်ငံအနေဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုများ ထိန်းသိမ်းခြင်းကို ၂၀၁၄ ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့ခြင်း မဟုတ်ခဲ့ပါ။ မြန်မာတို့၏ဒြပ်မဲ့ယဉ်ကျေးမှုတို့ကို ရှေးဘိုးဘေးများမှ ယနေ့လူငယ်များထံသို့ လက်ဆင့်ကမ်းလာခြင်းသည် ရှေးခေတ်အဆက်ဆက် နှစ်ပေါင်းများစွာကစ၍ ယနေ့တိုင်ပင် ရှင်သန်နေပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း ၁၉၅၂ ခုနှစ်၌ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနကိုတည်ထောင်၍ ဝန်ကြီးဌာနလက်အောက်ရှိ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် မြန်မာ့တိုင်းရင်းသားမျိုးနွယ်တို့၏ မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းကြသည့် ရိုးရာဓလေ့ထုံးစံများနှင့် ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ပြပွဲများပြုလုပ်ခြင်း၊ ပြတိုက်များတွင် ပြသခြင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ခြင်းဖြင့် ရိုးရာယဉ်ကျေးမှုကို ရှင်သန်စေရန် အားပေးဆောင်ရွက်ခဲ့ပါသည်။

ရှေးဟောင်းသုတေသနဌာနကလည်း ဒြပ်ရှိယဉ်ကျေးမှုများဖြစ်သည့် ခေတ်အဆက်ဆက် ရှေးဟောင်းအဆောက်အအုံများရှိအနုပညာလက်ရာများ၊ မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းနေရာများ တူးဖော်ရရှိသည့် ရှေးဟောင်းပစ္စည်းများကို ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြပါသည်။ ၂၀၀၇ ခုနှစ်တွင် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနနှင့် ရှေးဟောင်းသုတေသနဦးစီးဌာနတို့ပေါင်း၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်သည် သမိုင်းသုတေသနနှင့် ပေါင်း၍ ဦးစီးဌာနတစ်ခု ဖွဲ့စည်းလိုက်ပါသဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအဖြစ်သာ ပြန်လည်ဖွဲ့စည်းခဲ့ပြီး မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှု လုပ်ငန်းများနှင့် ဒြပ်ရှိယဉ်ကျေးမှုလုပ်ငန်းများကို ရေရှည်တည်တံ့စေရန် ဆောင်ရွက်လျက်ရှိပါသည်။



ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်သည့် မြန်မာ့ရိုးရာအနုပညာများကို သင်ကြားပြသပေးသည့် အနုပညာအထက်တန်းကျောင်း (ရန်ကုန်) ပန်တျာဌာနမှ ကျောင်းသူများ မြန်မာ့ရိုးရာအကကို လက်တွေ့သင်ကြားနေမှု။ ဓာတ်ပုံ–ယဉ်ကျေးမှု

> **“နိုင်ငံတော်အစိုးရကဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ်ရှိ အခန်းကဏ္ဍများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုကလည်း မိမိယဉ်ကျေးမှုကို မိမိတို့ ချစ်မြတ်နိုးစွာ ထိန်းသိမ်းခြင်းဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ရှင်သန်နေခြင်းပင်ဖြစ်”**

အနုပညာဦးစီးဌာနကလည်း ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်သည့် မြန်မာ့ရိုးရာအနုပညာများ ဆက်လက်ရှင်သန်စေရန် အနုပညာအထက်တန်းကျောင်းများဖြစ်သည့် ပန်းချီ၊ ပန်းပုနှင့် ပန်တျာကျောင်းများ ဖွင့်လှစ်ပြီး အနုပညာအမွေအနှစ်ကို လက်ဆင့်ကမ်း၍ ပြည်တွင်း/ ပြည်ပများ၌ မြန်မာ့ရိုးရာ ဂီတ၊ အကများကို ရင်းနှီးစေရန် ရည်ရွယ်၍ ဖျော်ဖြေပေးလျက်ရှိကြပါသည်။ ဤနည်းတူစွာ ၁၉၉၃ ခုနှစ်မှ စတင်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကို ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် မန္တလေးမြို့၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကို ထပ်မံဖွင့်လှစ်ပေး၍ မြန်မာ့အနုပညာများဖြစ်သည့် ပန်းချီ၊ ပန်းပု၊ ဇာတ်သဘင်နှင့် ဂီတတို့ကို တက္ကသိုလ်အဆင့် သင်ကြားပေးလျက်ရှိပါသည်။

၂၀၀၇ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၌ သမိုင်းသုတေသနဦးစီးဌာန ပေါ်ပေါက်လာပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာ၌ လွယ်ကူစေရန် ၂၀၁၃ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်နှင့် ပူးပေါင်း၍ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနဟု ပြန်လည်ဖွဲ့စည်းပြီး မြန်မာ့သမိုင်းအထောက်အထားများကို ဖော်ထုတ်ခြင်းများ နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်၊ ရန်ကုန်) တို့ကလည်း ပြည်သူလူထုဗဟုသုတရရှိစေရန်နှင့် ပညာရှာဖွေသူများအတွက် မားမားမတ်မတ် ရပ်တည်ပေးလျက်ရှိပြီး ရှေးဟောင်းပေစာ၊ ပုရပိုက်စာများကို ထိန်းသိမ်းခြင်းနှင့် အဆိုပါရှေးဟောင်းစာပေများမှ ဒြပ်ရှိ၊ ဒြပ်မဲ့ဆိုင်ရာ ယဉ်ကျေးမှုများကို ဖော်ထုတ်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့အား ပေါင်းစည်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဟူ၍ ပေါ်ပေါက်လာပြီး သာသနာရေးလုပ်ငန်းများနှင့် ယဉ်ကျေးမှုလုပ်ငန်းများဆိုင်ရာများကိုလည်း ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆက်လက်အကောင်ထည်ဖော်ဆောင်လျက်ရှိပါသည်။

## မြန်မာနိုင်ငံအတွင်း ပဋိညာဉ်စာချုပ်နှင့် အညီ ဆောင်ရွက်ချက်များ

ပဋိညာဉ်စာချုပ်ပါ အခန်း ၁ ရှိ စာချုပ်၏ ရည်ရွယ်ချက်နှင့်အညီ မြန်မာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုသိသာထင်ရှားစေရန် ယူနက်စကိုမှ သတ်မှတ်ထားသည့် အောက်ဖော်ပြပါ နယ်ပယ် ၅– ခု အတိုင်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်–

(က) ဘာသာစကား၊ နှုတ်ပြောအစဉ်အလာများနှင့် ဖော်ပြချက်များ(ဥပမာ–ကယန်းတိုင်းရင်းသားတို့၏ ခွန်းလှသန်းနှင့် မူအင်းသာပုံပြင်၊ ရိုးရာစကားပုံ၊ စကားထာများ)၊

(ခ) ဖျော်ဖြေတင်ဆက်မှုအနုပညာများ (ဥပမာ–ခေါမ်ဘော့ထွက်အက (ရှံ့လူးအက)၊ ကျေးလက်အက)၊

(ဂ) လူမှုထုံးတမ်းအစဉ်အလာများ၊ ပွဲလမ်းသဘင်များ(ဘုရားပွဲတော်၊ မနောပွဲ) ၊

(ဃ) သဘာဝနှင့် လူသားအားလုံးအတွက် သက်ဆိုင်သည့်အသိပညာနှင့်ထုံးစံများ (ရှိုးပတီးပိုးကောင်တိုင်းရင်းဆေး ၊ အိမ်ဝန်းအတွင်း မစိုက်သင့်သောအပင်များနှင့် သက်ဆိုင်သောအယူအဆများ)၊

(င) ရိုးရာလက်မှုပညာ (ဂျပ်ခုတ်ရက်ကန်း၊ ကောက်ရိုးပန်းချီ)။

ပဋိညာဉ်စာချုပ်ပါ အခန်း ၂ ရှိ စာချုပ်၏အင်္ဂါရပ်များအတိုင်း ယူနက်စကိုက အထွေထွေညီလာခံကို ပုံမှန်အားဖြင့် နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပပါသည်။ ထို့အပြင် ကျင်းပရန် လိုအပ်သည်ဟု ဆုံးဖြတ်လျှင်ဖြစ်စေ၊ တောင်းဆိုမှုရှိလျှင်ဖြစ်စေ၊ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာအစိုးရများဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီ (သို့မဟုတ်) စာချုပ်ဝင်နိုင်ငံများ အစုအဖွဲ့၏ အနည်းဆုံးသုံးပုံတစ်ပုံက တောင်းဆိုမှုပြုလုပ်လာလျှင် အရေးပေါ်အစည်းအဝေးကိုလည်း ကျင်းပကြပါသည်။ အဆိုပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြပါသည်။

ပဋိညာဉ်စာချုပ်ပါ အခန်း (၃) ရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာလုပ်ငန်းများအရ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို နယ်ပယ်များသတ်မှတ်၍ စာရင်းတင်သွင်းခြင်းများ ဆောင်ရွက် လျက်ရှိပါသည်။

ထိုသို့စာရင်းတင်သွင်းနိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် သင့်လျော်သည့် စာရင်းကောက်ယူမှုပုံစံရှိရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနသည် ဒြပ်ရှိ၊ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် စပ်လျဉ်းပြီး ယူနက်စကိုမှ ချမှတ်ထားသည့် စံနှုန်းများနှင့် စာရင်းကောက်ယူမှုပုံစံများကို အများပြည်သူများနှင့် လုပ်ငန်းများ ဆောင်ရွက်နေသူများ နားလည်စေရန် ရည်ရွယ်၍ ယူနက်စကို၏ မြန်မာဘာသာပြန်ဆိုမှုကို အခြေခံကာ စာရေးသူက ဆီလျော်စွာ ဘာသာပြန်ဆိုပြီး ဌာနအကြီးအကဲများက စိစစ်၍ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ လက်စွဲစာအုပ် ၃အုပ် (ဝါ၊ စိမ်း၊ နီ) ကို ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေနိုင်ခဲ့ပါသည်။

ဆက်လက်၍ ယူနက်စကို၏ လမ်းညွှန်ထားသည့် စာရင်းကောက်ယူမှုပုံစံကို အခြေခံပြီး မြန်မာနိုင်ငံနှင့် သင့်လျော်သော စာရင်းကောက်ယူမှုပုံစံများ ရေးဆွဲရန် ရည်ရွယ်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာနိုင်ငံရှိ ယူနက်စကိုရုံးခွဲ၊ နီးနွယ်ဝန်ကြီး ဌာနများ၊ ပြင်ပအဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် နိုင်ငံတစ်ဝန်းလုံးမှ စိတ်ဝင်စားသူများတို့ ဖိတ်ခေါ်၍ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ ၁၇.၃.၂၀၁၆ ရက်နေ့မှ ၁၈.၃.၂၀၁၆ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းကောက်ယူမှုပုံစံကို အများသဘောတူညီမှုနှင့် အတူ ရေးဆွဲနိုင်ခြင်း၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းမှုအား ပိုမိုသိရှိနားလည်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုပါဝင်လာခြင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အသိပညာပြန့်ပွားစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။

အဆိုပါ စာရင်းကောက်ယူမှုပုံစံကို အသုံးပြု၍ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတို့၌ စာရင်းကောက်ယူကြရာ ယနေ့အခါတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း စုစုပေါင်း ၂၂၁၈ ခု ကောက်ယူပြီးဖြစ်ပါသည်။ နယ်ပယ် ငါးခုအလိုက် အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | နယ်ပယ် | အရေအတွက် |
|---|---|---|
| ၁။ | ဘာသာစကား၊ နှုတ်ပြော အစဉ်အလာများနှင့် ဖော်ပြချက်များ စာရင်း | ၁၀၄ ခု |
| ၂။ | ဖျော်ဖြေတင်ဆက်မှု အနုပညာများစာရင်း | ၅၀၆ ခု |
| ၃။ | လူမှုထုံးတမ်း အစဉ်အလာများ၊ ပွဲလမ်းသဘင်များစာရင်း | ၆၅၁ ခု |
| ၄။ | သဘာဝနှင့်လူသားအားလုံး အတွက်သက်ဆိုင်သည့် အသိပညာနှင့် ထုံးစံများစာရင်း | ၁၉၉ ခု |
| ၅။ | ရိုးရာလက်မှုပညာစာရင်း | ၈၂၉ ခု |
| | **စုစုပေါင်း** | **၂၂၈၉ ခု** |

(မြန်မာဒြပ်မဲ့ယဉ်ကျေးမှု အတွင်းရေးမှူးအဖွဲ့မှ ရရှိသည့် စာရင်း)

*စာမျက်နှာ ၈ သို့*

# အခြေခံလူတန်းစားအိမ်ထောင်စုများအား ရိက္ခာစားသောက်ကုန် ပစ္စည်းငါးမျိုး ထပ်မံထောက်ပံ့ပေးလျက်ရှိ



ကလေး မေ ၆

ကလေးမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကြီးကြပ်ဆောင်ရွက်ကာ စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းထားသော ရိက္ခာစားသောက် ကုန်ပစ္စည်းများကို ကလေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ထောက်ပံ့ခြင်းလုပ်ငန်းကို ယနေ့နံနက် ၈ နာရီခွဲမှစတင်ကာ ကလေးမြို့ မြောက်ပိုင်းရှိ အိမ်ထောင်စုပေါင်း ၁၄၅၀ ကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကလေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ၏စာရင်းကို မှန်ကန်စွာစာရင်းကောက်ယူနိုင်ရေးအတွက် ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး အိမ်ထောင်စု တစ်စုလျှင် ဆန် ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာတို့ကို အိမ်တိုင်ရာရောက် စနစ်တကျ ပေးအပ်လှူဒါန်းသွားမည် ဖြစ်သည်။

ဧပြီ ၁၀ ရက်ကလည်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ကလေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၁၁၇ စုအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်များကို နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးထားပြီး ဖြစ်သည်။

ယခုအကြိမ် ထောက်ပံ့ပေးအပ်ခြင်းသည် ကလေးမြို့ မြို့မိမြို့ဖနှင့် စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၇၅၀၀ ကျော်အတွက် ဆန်အိတ်ပေါင်း ၁၈၅၀၊ ဆီ ပိဿာ ၃၇၅၀၊ ဆား ပိဿာ ၃၇၅၀၊ ပဲ ပိဿာ ၇၅၀၀၊ ကြက်သွန်နီ ပိဿာ ၇၅၀၀ တို့ကို ဝေငှခြင်းဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း(ဂန့်ဂေါ)**

---

○ *ကျောဖုံးမှ*

ဂျူဗင်တပ်စ်အသင်းကလည်း မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ပြန်လည်ခေါ်ယူခွင့်ရမည်ဆိုပါက အာဆင်နယ်ကွင်းလယ်ကစားသမားဟောင်းကို ထွက်ခွာခွင့်ပြုရန် ဆန္ဒရှိနေသည့်အတွက် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိကြောင်း သတင်းအများအပြားတွင် ဖော်ပြထားသည်။ ကမ္ဘာ့ဖလားရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည့် ပေါ့ဂ်ဘာသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်ယူမှ ထွက်ခွာဖွယ်ရှိနေကြောင်း သတင်းများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ထားသူဖြစ်သည်။

ပေါ့ဂ်ဘာကို နာမည်ကြီးအသင်းများဖြစ်သည့် ရီးရဲမက်ဒရစ်နှင့် ဂျူဗင်တပ်စ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။

Calciomercato ၏ဖော်ပြချက်တွင် မန်ယူအသင်းမှ ပေါ့ဂ်ဘာကို အီတလီသို့ ပြန်လည်ခေါ်ယူနိုင်ရန်အတွက် အသင်းမှ ဝေးလ်ကွင်းလယ်ကစားသမား ရမ်ဆေးကို အသုံးပြုသွားဖွယ်ရှိကြောင်း ဖော်ပြထားသည်။ ပေါ့ဂ်ဘာသည် ယခုနှစ်ရာသီ ဒဏ်ရာကြောင့် အနားယူနေရသူဖြစ်ပြီး အသင်းအတွက် ရှစ်ပွဲသာ ပါဝင်ကစားထားသူဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

---

## ၆-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၂၄၀၈၀၉ | ၂၀၁၈၇၉ | ၇၂၄၆၃ |
| ၂။ | စပိန် | ၂၅၃၆၈၂ | ၁၅၉၃၅၉ | ၂၅၈၅၇ |
| ၃။ | အီတလီ | ၂၁၃၀၁၃ | ၈၅၂၃၁ | ၂၉၃၁၅ |
| ၄။ | ဗြိတိန် | ၁၉၄၉၉၀ | စိစစ်ဆဲ | ၂၉၄၂၇ |
| ၅။ | ပြင်သစ် | ၁၇၀၅၅၁ | ၅၂၇၃၆ | ၂၅၅၃၁ |
| ၆။ | ဂျာမနီ | ၁၆၇၃၇၂ | ၁၃၇၄၀၀ | ၆၉၉၃ |
| ၇။ | ရုရှား | ၁၆၅၉၂၉ | ၂၁၃၂၇ | ၁၅၃၇ |
| ၈။ | တူရကီ | ၁၂၉၄၉၁ | ၇၃၂၈၅ | ၃၅၂၀ |
| ၉။ | ဘရာဇီး | ၁၁၆၂၉၉ | ၄၈၂၂၁ | ၇၉၆၆ |
| ၁၀။ | အီရန် | ၁၀၁၆၅၀ | ၈၁၅၈၇ | ၆၄၁၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၆-၅-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၀၁၉၈ | ၁၅၁၉ | ၂၀ |
| အင်ဒိုနီးရှား | ၁၂၄၃၈ | ၂၃၁၇ | ၈၉၅ |
| ဖိလစ်ပိုင် | ၁၀၀၀၄ | ၁၅၀၆ | ၆၅၈ |
| မလေးရှား | ၆၄၂၈ | ၄၇၀၂ | ၁၀၇ |
| ထိုင်း | ၂၉၈၉ | ၂၇၆၁ | ၅၅ |
| ဗီယက်နမ် | ၂၇၁ | ၂၃၂ | ၀ |
| မြန်မာ | ၁၆၁ | ၅၀ | ၆ |
| ဘရူနိုင်း | ၁၃၉ | ၁၃၁ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၉ | ၀ |

---

# မြိတ်မြို့နယ် ဓမ္မစကူးလ် ဆရာ ဆရာမ ၄၁၀ ကို ဆန်၊ ဆီနှင့် ဆပ်ပြာမှုန့်များ ထောက်ပံ့ပေးအပ်

မြိတ် မေ ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိဓမ္မစကူးလ်ဌာနအသီးသီးတွင် စေတနာမေတ္တာဖြင့် ဓမ္မစာပေသင်ကြားပေးခဲ့ကြသည့် ဓမ္မစကူးလ်မိသားစု ဆရာ ဆရာမများကို ကိုဗစ်-၁၉ ရောဂါကာလတွင် အထောက်အကူဖြစ်စေရန်အတွက် မြို့နယ်ဓမ္မစကူးလ်ကော်မတီ ဆရာတော်များနှင့် လူပုဂ္ဂိုလ်များက ဆန်၊ ဆီ၊ ဆပ်ပြာမှုန့်များကို ယနေ့ နံနက်ပိုင်းမှစတင်ကာ ဌာနများအလိုက် သွားရောက်ထောက်ပံ့ပေးလျက်ရှိသည်။

မြိတ်မြို့နယ်တွင် ဓမ္မစကူးလ်ဌာန ၅၀ ရှိ ဆရာ ဆရာမ ၄၁၀ ကို တစ်ဦးလျှင် ဆန်ငါးပြည်အိတ် တစ်အိတ်၊ ဆီတစ်ဘူးနှင့် ဆပ်ပြာမှုန့် သုံးထုပ်စီကို မြိတ်မြို့နယ်ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ ဘဒ္ဒန္တ ကောဝိဒ အေးရိပ်ချောင်ကျောင်းဆရာတော် ဦးဆောင်၍ ကော်မတီဝင် ဆရာတော်၊ သံဃာတော်နှင့် လူပုဂ္ဂိုလ်များက သွားရောက်ထောက်ပံ့ပေးလျက်ရှိသည်။

ဓမ္မစကူးလ်မိသားစု ဆရာ ဆရာမများအား ထောက်ပံ့ပေးသည့် ဆန်၊ ဆီ၊ ဆပ်ပြာမှုန့်များကို မြို့နယ်ဓမ္မစကူးလ်ကော်မတီမှ စုပေါင်းလှူဒါန်းခဲ့ကြောင်း၊ ဆန်၊ ဆီ၊ ဆပ်ပြာမှုန့်များကို ထောက်ပံ့ပေးရာ၌ ယနေ့တွင် မြို့ပေါ်ရှိ ဓမ္မစကူးလ်ဌာန ၂၄ ဌာနရှိ ဆရာ ဆရာမများကိုလည်းကောင်း၊ မေ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျေးရွာများရှိ ဓမ္မစကူးလ်ဌာန ၂၆ ဌာနမှဆရာဆရာမများကိုလည်းကောင်း မြို့နယ်ဓမ္မစကူးလ်ကော်မတီက သွားရောက်ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

---

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၉၈၀ | ၁၆၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၅၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၅၃၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၂၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၆၁ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၆-၅-၂၀၂၀ ရက်၊ ည(၈)နာရီ

# အိမ်ရာစိုက်ခင်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးစေ့နှင့် ပျိုးပင်များ ဖယ်ခုံမြို့နယ်၌ ထောက်ပံ့ပေးအပ်




**ဖယ်ခုံ မေ ၆**

ရှမ်းပြည်နယ် တောင်ပိုင်း ဖယ်ခုံမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေး ကာလအတွင်း အိမ်ရာစိုက်ခင်းအဖြစ် ဟင်းသီးဟင်းရွက်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့နှင့် ပျိုးပင်များကို ယနေ့နံနက်ပိုင်းမှစ၍ ဖြန့်ဝေပေးလျက်ရှိသည်။ **(ယာပုံ)**

"ကိုဗစ် ၁၉ ရောဂါ ဖြစ်ပွားနေစဉ်အတွင်း လူစုလူဝေး ရှောင်ရှားရမှာဖြစ်တဲ့အတွက် လူထူထပ်တဲ့ ဈေးသွားပြီး ဟင်းသီးဟင်းရွက်တွေ သွားရောက်ဝယ်ယူမှုကို လျှော့ချပြီး ရောဂါကူးစက်မှုကို ကာကွယ်နိုင်ဖို့နဲ့ သန့်ရှင်းလတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေကို ရရှိဖို့ အိမ်ခြံဝင်းအတွင်း အိမ်ရာစိုက်ခင်းအဖြစ် တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ပျိုးပင်တွေကို အခမဲ့ ဖြန့်ဝေပေးတာ ဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းထက်က ပြောကြားသည်။

အဆိုပါ မျိုးစေ့နှင့် ပျိုးပင်များပေးအပ်ရာ၌ ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ပေးအပ်ပြီးနောက် မြို့ပေါ်ရပ်ကွက်များသို့ မော်တော်ယာဉ်ဖြင့် လိုက်လံပေးအပ်မည်ဖြစ်ကြောင်း၊ မြို့ပေါ်ရှိ အိမ်ထောင်စုများမှ အိမ်ရာစိုက်ခင်း စိုက်ပျိုးရန်အတွက် ခက်ခဲသော အိမ်ထောင်စုများကို ဦးစားပေးထောက်ပံ့ပေးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ဆက်လက်ပြောသည်။

ယနေ့ဖြန့်ဝေသော ပျိုးပင်နှင့် မျိုးစေ့များတွင် ရုံးပတီ၊ ချဉ်ပေါင်၊ တိုင်ထောင်ပဲ၊ ကြက်ဟင်းခါး၊ ဘူး၊ သခွား၊ ငရုတ်၊ မုန်ညင်း၊ မုန်လာ၊ ကိုက်လန်၊ ခရမ်း၊ ဟင်းနုနယ်၊ ခရမ်းကစော့ စသည့်မျိုးစေ့များနှင့် ပျိုးပင်များအတွက် စုစုပေါင်းငွေကျပ် လေးသိန်းကုန်ကျခံ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရ သည်။

**ကိုထွေး(ဖယ်ခုံ)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ပေးခြင်း ပူးပေါင်းဆောင်ရွက်

**တနင်္သာရီ မေ ၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ မိုးဦးကျကာလရောက်ရှိလာပြီဖြစ်သဖြင့် ခြင်မှတစ်ဆင့် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးလောက်လမ်းများ မပေါက်ပွားစေရန် ယနေ့နံနက်ပိုင်းက ချောင်းကြီးရပ်ကွက်အတွင်း အဘိတ်ဆေးခတ်ပေးခြင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်သိုက်ထွန်းက ဦးဆောင်၍ ကျန်းမာရေးဌာန ဆရာ ဆရာမများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းဝေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သုခရွှေရီကျန်းမာရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ချောင်းကြီးရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက ချောင်းကြီးရပ်ကွက်ရှိ လမ်းများအတိုင်း တစ်အိမ်တက်ဆင်း သွားရောက်၍ နေ့စဉ်သုံး ရေတိုင်ကီ၊ ရေအိုး၊ ရေခွက်၊ ရေကန်များထဲသို့ အဘိတ်ဆေးခတ်ပေးကြောင်း မြို့နယ်ဆရာဝန်ကြီးထံမှ သိရသည်။

ထို့အပြင် ပူးပေါင်းအဖွဲ့များက နေအိမ်ရှိ မိသားစုဝင်များအား သွေးလွန်တုပ်ကွေး ရောဂါဆိုင်ရာ အချက်အလက်များပါသော အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးပြီး တိကျစွာလိုက်နာဆောင်ရွက်ကြရန်၊ နေ့စဉ်သုံး ရေများကိုလည်း သုံးရက်တစ်ကြိမ် လဲလှယ်ရန်၊ ဘုရားပန်းအိုးများကို နှစ်ရက်တစ်ကြိမ် ရေလဲလှယ်ရန်နှင့် အိမ်တွင်း၊ အိမ်အပြင်ရှိ မိုးရေတင်ကျန်နိုင်သည့် စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်း၊ မြေကျင်းတူး၍ မြှုပ်ခြင်းနှင့် မည်သည့်အချိန်တွင် အိပ်အိပ် ခြင်ထောင်ဖြင့် အိပ်ရန် စသဖြင့် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ ပေါင်မြို့နယ်၌ ရေလှူဒါန်း

**သထုံ မေ ၆**

(၇၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ရေလှူဒါန်းခြင်းကို ပြည်နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်နီ၏ ညွှန်ကြားမှုဖြင့် မေ ၄ ရက်က ပေါင်မြို့နယ် မုတ္တမမြို့ ဥက္ကံကျေးရွာ၌ အိမ်ခြေ ၁၇၀၊ လူဦးရေ ၈၀၀၊ ဘုန်းကြီး ကျောင်း တစ်ကျောင်း၊ မူလွန်စာသင်ကျောင်း တစ်ကျောင်းတို့ကို ပြည်နယ် မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ရဲမင်း၊ သထုံခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ကြင်ထွန်း၊ မော်လမြိုင်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ထွန်းဝင်း၊ မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ ဘိုဘိုဝင်း လူမှုကယ်ဆယ်ရေးအဖွဲ့မှ ခြောက်ဦး (နှာခေါင်းစည်းများ လှူဒါန်း)၊ မီးသတ်ရေသယ်ယာဉ် ၁၁ စီး၊ သောက်သုံးရေ ရေဂါလန် ၁၂၈၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

*စာမျက်နှာ ၆ မှ*

**ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လုပ်ဆောင်ချက်များ**

မြန်မာနိုင်ငံအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် တိုးမြှင့်အောင်လုပ်ဆောင်ခြင်းများ ပြီးမြောက်စေရန် အောက်ပါအတိုင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်-

(က) ကော်မတီများ ဖွဲ့စည်းခြင်း၊

(ခ) မှုဝါဒများ ချမှတ်ခြင်း။

**ကော်မတီဖွဲ့စည်းခြင်း**

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ကြီးဌာနမှ မြန်မာနိုင်ငံ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် တိုးတက်မြှင့်တင်ရေးကော်မတီကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှဦးစီး၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သမိုင်းအဖွဲ့၊ မြန်မာစာအဖွဲ့တို့ဖြင့် ပထမအကြိမ် ဖွဲ့စည်းခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် တိုးတက်မြှင့်တင်ရေးကော်မတီကို ၂၀၁၉ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖြည့်စွက်၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါ သည်။

အဆိုပါ မြန်မာနိုင်ငံ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တိုးတက်မြှင့်တင်ရေးကော်မတီက ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေး ကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တိုးတက်မြှင့်တင်ရေးကော်မတီ အစည်းအဝေးများ ကျင်းပခြင်းဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးအတွက် လူထုအခြေပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းများကို ညှိနှိုင်းရေးဆွဲနိုင်ခဲ့ပါသည်။ ထို့အပြင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးအတွက် ဥပဒေရေးဆွဲခြင်းများလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပညာရေး၊ အသိအမြင်မြှင့်တင်ရေးနှင့် စွမ်းရည်တိုးမြှင့်ရေးတို့တွင် လူ့အဖွဲ့အစည်းများ၊ အုပ်စုများနှင့် လူ့ပုဂ္ဂိုလ်တစ်ဦးချင်းစီတို့ ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံရှိ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းပြုစုခြင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ဦးစီး၍ သင်တန်းပို့ချပေးလျက်ရှိပါသည်။ ထိုသို့သင်တန်းများပို့ချပေးခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရပ်ရွာအသိုက်အဝန်းများက အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း ပြုစုခြင်းများတွင် တက်တက်ကြွကြွဖြင့် ပူးပေါင်းပါဝင်၍ လက်တွေ့ကျကျ ကောက်ယူနိုင်ခဲ့ကြပါသည်။

**ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် ဒြပ်မဲ့ယဉ်ကျေးမှု**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာအတိုင်းအတာဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရာ၌ စာချုပ်ပါအခန်း ၄ ရှိ အပိုဒ် ၁၆ ၊ ၁၇၊ ၁၈ တို့နှင့်အညီ ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုစာရင်း၊ အဆောတလျင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းနှင့် စာချုပ်၏ ရည်ရွယ်ချက်များနှင့် စည်းမျဉ်း၊ စည်းကမ်းများကို အကောင်းဆုံးထင်ဟပ်စေသည့်လုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများ စာရင်း ဟူ၍ သတ်မှတ်၍ဆောင်ရွက်ကြပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု စာရင်းတစ်ခုဖြစ်သည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ထုံးစံအား UNESCO သို့ အသိ အမှတ်ပြု စာရင်းတင်သွင်းရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အမျိုးသားပြတိုက် (နေပြည်တော်)၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပညာရေးဝန်ကြီးဌာနရှိ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်များမှမြန်မာစာဌာနနှင့် သမိုင်းဌာနတို့မှ ဆရာ၊ ဆရာမများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ပညာရှင်များ၊ မြန်မာနိုင်ငံ သနပ်ခါးအသင်းနှင့် မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးပွဲမှ မြန်မာ့သနပ်ခါးယဉ်ကျေးမှု ဓလေ့ထုံးစံအား ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုစာရင်း၌ တင်သွင်းနိုင်ရန် လိုအပ်သည့် အချက်အလက်များစွာကို စုဆောင်းရရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့အား UNESCO အသိအမှတ်ပြု Representative List of the Intangible Cultural Heritage of Humanity သို့အမည် စာရင်းတင်သွင်းရန် UNESCO ၏ သတ်မှတ်ချက်အတိုင်း Living Heritage Entity, Culture Sector သို့ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၀ ရက်နေ့တွင် ပေးပို့နိုင်ခဲ့ပြီး ဖြစ်ပါသည်။

**ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ**

စာချုပ်ပါ အခန်း ၅ ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာအထောက်အပံ့များပေးခြင်းတို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၌ နော်ဝေနိုင်ငံအစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် ယူနက်စကိုအဖွဲ့မှဦးစီး၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နေသောသူများအား စွမ်းရည်မြှင့်မားစေရန် ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို နေပြည်တော်၌ ၂၅.၁၁.၂၀၁၃ ရက်နေ့မှ ၂၆.၁၁.၂၀၁၃ ရက်နေ့အထိ လည်းကောင်း၊ မန္တလေးမြို့၌ ၁၉.၅.၂၀၁၄ ရက်နေ့မှ ၂၄.၅.၂၀၁၄ ရက်နေ့အထိ လည်းကောင်း၊ ရှမ်းပြည်နယ် အင်းလေးဒေသ၌ ၂၇.၁၀.၂၀၁၄ ရက်နေ့မှ ၃.၁၁.၂၀၁၄ ရက်နေ့အထိ လည်းကောင်း၊ တောင်ကြီးမြို့တွင် ၁၄.၉.၂၀၁၅ ရက်နေ့မှ ၁၉.၉.၂၀၁၅ ရက်နေ့အထိ လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် ဒြပ်မဲ့ယဉ်ကျေးမှုကို ထိန်းသိမ်းနေသူတို့က ဒြပ်မဲ့ယဉ်ကျေးမှုလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် များစွာအထောက်အကူရရှိပါသည်။

ပဋိညာဉ်စာချုပ်၏ နောက်ဆုံးအခန်းကဏ္ဍဖြစ်သည့် အခန်း ၆ ပါ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ရန်ပုံငွေထည့်ဝင်မှုနှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများမှ ရန်ပုံငွေအား စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်ကုန်(Gross Domestic Product - GDP) နှင့် လူဦးရေအချိုးဖြင့် တစ်နှစ်တစ်ကြိမ် ထည့်ဝင်ရပါသည်။ ပို၍ထည့်ဝင်လိုပါကလည်း ထည့်ဝင်နိုင်ပါသည်။ မြန်မာနိုင်ငံမှ ဒြပ်မဲ့အမွေအနှစ်ဆိုင်ရာ နှစ်စဉ်ဝင်ကြေး အမေရိကန်ဒေါ်လာ ၃၀၀ ဝန်းကျင် ထည့်ဝင်ရပါသည်။

ဤသို့ဖြင့် နိုင်ငံတော်အစိုးရက ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ်ရှိ အခန်းကဏ္ဍများနှင့် အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုကလည်း မိမိယဉ်ကျေးမှုကို မိမိတို့ ချစ်မြတ်နိုးစွာထိန်းသိမ်းခြင်းဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ရှင်သန်နေခြင်းပင် ဖြစ်ပါသည်။ သို့ပါသောကြောင့် မြန်မာ့ယဉ်ကျေးမှုကို ဆက်လက်ရှင်သန်နိုင်ရေးအတွက် အစိုးရနှင့် ပြည်သူလက်တွဲ၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မိုးညှင်းမြို့နယ်၌ လေပြင်းတိုက်သဖြင့် ပျက်စီးမှုများဖြစ်ပေါ်

**မိုးညှင်း မေ ၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်တွင် ယနေ့ မွန်းလွဲ ၁ နာရီခန့်က လေပြင်းတိုက်သဖြင့် နေအိမ်အမိုးလန်ပျက်စီးမှုနှင့်အတူ သစ်ပင်လဲကျမှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

လေပြင်းတိုက်မှုကြောင့် အင်းကုန်းကျေးရွာအုပ်စု ဘုံချောင်းကျေးရွာရှိ ဦးပေါ်ဦး၏ နေအိမ်သည် အမိုးလန်ပျက်စီးမှုနှင့်အတူ သွပ် ရှစ်ချပ် ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ လေပြင်းတိုက်မှုကြောင့် ဘီးလူးကျေးရွာ ဓမ္မာရုံအနီးရှိ သစ်ပင်ပြိုလဲကျခဲ့ကာ **(အောက်ပုံ)** လျှပ်စစ်ခါတ်တိုင်ပေါ်သို့ ပိမိသဖြင့် လျှပ်စစ်မီးတိုင် နှစ်တိုင် ပျက်စီးသွားပြီး သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လမ်းပိတ်ဆို့မှုမဖြစ်ပွားစေရေး ရှင်းလင်းဆောင်ရွက်လျက်ရှိကာ လျှပ်စစ်ခါတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လေပြင်းတိုက်မှုသည် မိုးညှင်းမြို့နယ်အတွင်း ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ဧပြီ ၂၁ ရက်ကလည်း မိုးသည်းထန်စွာရွာကာ လေပြင်းတိုက်သဖြင့် လူနေအိမ် ၁၂၁ လုံးနှင့် ဘာသာရေးအဆောက်အအုံ သုံးလုံး အမိုးလန်ပျက်စီးခဲ့ပြီး လျှပ်စစ်မီးတိုင် ၃၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်ထွေး(ပြန်/ဆက်)**



# တိုက်စစ်မှူး ကျော်ကိုကို ထိုင်းကလပ်နှင့် လမ်းခွဲ

**နေပြည်တော် မေ ၆**

ထိုင်းလိဂ် - ၁ ကလပ် ဆူခိုထိုင်းအသင်းတွင် သွားရောက်ကစားနေသည့် မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး ကျော်ကိုကိုသည် အသင်းနှင့် နှစ်ဦးသဘောတူ လမ်းခွဲလိုက်ပြီဖြစ်သည်။

ကျော်ကိုကိုသည် ရာသီအစမှ ဆူခိုထိုင်းအသင်းနှင့် တစ်ရာသီစာချုပ်ခဲ့ခြင်းဖြစ်ပြီး လပိုင်းအကြာမှာပင် လမ်းခွဲခဲ့ခြင်းဖြစ်သည်။ ထိုင်းလိဂ်ပြိုင်ပွဲကို ကိုဗစ် - ၁၉ ကြောင့် ရပ်နားထားပြီး လေးပွဲသာ ကစားရသေးကာ ကျော်ကိုကိုသည် ပွဲအနည်းငယ် ကစားရသေးသောကြောင့် အသင်းတာဝန်ရှိသူများနှင့် ညှိနှိုင်းကာ လမ်းခွဲရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ကျော်ကိုကိုသည် ဆူခိုထိုင်းအသင်းနှင့် လမ်းခွဲခဲ့သောကြောင့် အခြားအသင်းများသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းလျက်ရှိပြီး အေးဂျင့်ဖြစ်သူမှ တစ်ဆင့် အသင်းရှာဖွေလျက်ရှိသည်။ ကျော်ကိုကိုသည် ၂၀၁၈ ခုနှစ်ကတည်းက ထိုင်းကလပ်များတွင် သွားရောက်ကစားခဲ့သော်လည်း ပထမဆုံးရာသီမှာပင် ဒူးဒဏ်ရာရရှိပြီး ကာလရှည်ကြာစွာ အနားယူခဲ့ရသလို နောက်ပိုင်းတွင်လည်း ပုံမှန်ပွဲထွက်ခွင့်ရရန် ရုန်းကန်ခဲ့ရသည်။

ကျော်ကိုကိုသည် ၂၀၁၈ ရာသီတွင် ချင်းရိုင်ယူနိုက်တက်အသင်း၊ ၂၀၁၉ ရာသီတွင် ဆာမတ်ပရာခန်အသင်း၊ ၂၀၂၀ ရာသီတွင် ဆူခိုထိုင်းအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။ ကျော်ကိုကိုသည် ၂၀၁၈ ခုနှစ်တွင် ချင်းရိုင်ယူနိုက်တက်အသင်း၌ ဒူးဒဏ်ရာပြင်းထန်စွာရရှိပြီး ကာလရှည်ကြာစွာ အနားယူခဲ့သောကြောင့် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို လွဲချော်ခဲ့သည်။

ကျော်ကိုကိုသည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် အသင်းသစ်ရရန် ကြိုးပမ်းသွားမည်ဖြစ်သည်ဟု သိရသည်။

**ညီမြတ်သော်တာ**




မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်

"Keep Clapping"

"လက်ခုပ်တီးလို့ဆက်လက်အားပေးဂုဏ်ပြုကြပါစို့"

# စက်ရုံများသို့ ကိုဗစ် - ၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးကွင်းဆင်းစစ်ဆေး

**ကော့ကရိတ် မေ ၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းရှိ ကော့ဘိန်းတိုက်နယ်ကျေးရွာတွင် ဖွင့်လှစ်ထားသည့် သွပ်ပြားပုံဖော်စက်ရုံ၊ ရေသန့်စက်ရုံများ ကိုဗစ် - ၁၉ ရောဂါနှင့် ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်အပေါ် လိုက်နာဆောင်ရွက်ထားရှိမှုအခြေအနေအား သက်ဆိုင်ရာအဖွဲ့အစည်းက ယနေ့နံနက် ၉ နာရီတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

ကွင်းဆင်းအဖွဲ့သည် စက်ရုံ၊ အလုပ်ရုံများရှိသည့် ကော့ဘိန်းတိုက်နယ်ကျေးရွာရှိ အေကရင်းသွပ်ပြားပုံဖော်စက်ရုံ၊ ဟံသာကြယ်ရေသန့်စက်ရုံ၊ ထွန်းရတနာရေသန့်စက်ရုံသို့ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေဝင့်ဝါမြင့်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးစိန်မြင့်၊ မြို့နယ်စီမံကိန်း ဦးစီးမှူး ဒေါ်ချိုချိုမွန်၊ မြို့နယ်စည်ပင်သာယာရေး ဒုတိယဦးစီးမှူး ဦးစောဂျော့မြက်ထူးတို့က သွားရောက်ပြီး စက်ရုံတာဝန်ခံများနှင့်တွေ့ဆုံကာ ကိုဗစ် - ၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စံသတ်မှတ်ချက်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်နှင့်အညီ ဆောင်ရွက်ထားရှိရေးကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် စက်ရုံ၌ လက်ဆေးကန်၊ ကိုယ်အပူချိန် တိုင်းတာရေးစက်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အသိပေးပိုစတာ၊ စနစ်တကျလက်ဆေးနည်း ပိုစတာများ ကပ်ထားရှိရေး၊ အလုပ်သမားများအတွက် နှာခေါင်းစည်း၊ လက်အိတ်များ တပ်ဆင်ရေးနှင့် လုံလောက်စွာ ထောက်ပံ့ပေးဝေရေး၊ ၆ ပေအကွာ အလုပ်လုပ်ခြင်း၊ ထမင်းစားခြင်း၊ အနားယူခြင်း၊ အလုပ်သမားများ နေ့စဉ်ထိတွေ့ရသည့် ပစ္စည်းကိရိယာများကို ပိုးသတ်ဆေးဖျန်းရေး၊ လုပ်ငန်းခွင် သန့်ရှင်းရေးနှင့် လေဝင်လေထွက်ကောင်းအောင် ဆောင်ရွက်ရေး၊ အလုပ်သမား၊ အလုပ်သမားမိသားစုဝင်များ ကျန်းမာရေးမကောင်းပါက စက်ရုံကြီးကြပ်ရေးမှူး၊ သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရေးစသည့် စက်ရုံအလုပ်ရုံများ လုပ်ငန်းခွင်ဆောင်ရွက်ရမည့် အချက်များကို လိုက်နာဆောင်ရွက်ထားရှိရေး အသိပညာပေးစစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်မျိုးဝင်း(ခရိုင်ပြန်/ဆက်)**




# အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီထံ ဂုဏ်ပြုလွှာပေးပို့

**ရန်ကုန် မေ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချောင်ရန်မြို့၌ Chinese 8 Ball ပြိုင်ပွဲဝင်လျက်ရှိသည့် ၂၀၁၉ ခုနှစ် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ပူးလ် 9 Ball ကစားနည်းမှ တစ်ဦးချင်း ရွှေတစ်ခုနှင့် နှစ်ယောက်တွဲရွှေတစ်ခုတို့ကို ရယူပေးခဲ့သော မြန်မာ့လက်ရွေးစင်ပူးလ်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီထံ မေ ၅ ရက်က ဂုဏ်ပြုလွှာပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုလွှာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချောင်ရန်မြို့တွင် ကျင်းပလျက်ရှိသော Chinese 8 Ball ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဟောင်းများကို အနိုင်ရရှိခဲ့သော ဘုန်းမြင့်ကျော် (ခ) အားတီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် ဝမ်းမြောက်စွာဂုဏ်ယူလျက်ရှိပြီး နောက်ဆက်လက်ယှဉ်ပြိုင်မည့် ပွဲစဉ်များကိုလည်း စောင့်ကြည့်အားပေးလျက်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်ဟု ဖော်ပြထားသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချောင်ရန်မြို့၌ Chinese 8 Ball ပြိုင်ပွဲဝင်လျက်ရှိသည့် ဘုန်းမြင့်ကျော် (ခ) အားတီသည် ဧပြီ ၂၈ ရက်က ၂၀၁၈ ကမ္ဘာ့ချန်ပီယံဟောင်း Yu Hai Tao ကို ၂၁ ပွဲ ၁၇ ပွဲ၊ ဧပြီ ၂၉ ရက်က အိုးပင်းချန်ပီယံဟောင်း Li Bo ကို ၂၁ ပွဲ ၁၇ ပွဲ၊ မေ ၃ ရက်က Liu Hai Tao ကို ၂၁ ပွဲ ၁၅ ပွဲ၊ မေ ၅ ရက်က ကမ္ဘာ့ချန်ပီယံကစားသမား Zheng Yu Bo ကို၂၁ ပွဲ ၁၆ ပွဲဖြင့် အနိုင်ရရှိပြီး မေ ၁၅ ရက်တွင် Yang Fan၊ မေ ၁၆ ရက်တွင် Wu Zheng Yu၊ မေ ၃၁ ရက်တွင် Chu Bing Jie တို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# မောင်တောမြို့နယ် ခမောင်းဆိပ်ကျေးရွာအနီး ARSA အကြမ်းဖက်သမားများ သိုဝှက်ထားသော စားသောက်ဖွယ်ရာများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခမောင်းဆိပ်ကျေးရွာ အနီးတွင် ARSA အကြမ်းဖက်သမားများ သိုဝှက်ထားသော စားသောက်ဖွယ်ရာများကို သိမ်းဆည်းရမိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်ခြမ်း လုံခြုံရေးအတွက် ရခိုင်ပြည်နယ်အတွင်းနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မျဉ်း တစ်လျှောက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်စပ်ဒေသ လုံခြုံရေး လုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ဧပြီ ၂၉ ရက်နံနက်ပိုင်းတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှတ်တိုင်အမှတ် ဘီပီ - ၄၁ ၏ မြောက်ဘက် မီတာ ၁၅၀၀ ခန့် အကွာသို့ အရောက်၌ နယ်စပ်မျဉ်းတစ်လျှောက် လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား မိုင်းထောင်၊ မိုင်းဆွဲခြင်း၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ခြင်းများကို ပြုလုပ်လျက်ရှိသည့် ARSA အကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်နွှယ်နေသူ နှစ်ဦးအား ဒေသန္တရ လက်လုပ်မိုင်း တစ်လုံး၊ မိုင်းပြုလုပ်ရာ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့်အတူ အသေဖမ်းဆီးရမိသည့်သတင်းနှင့် မေ ၂ ရက်တွင် ဘီပီ ၄၁ အနီး နယ်စပ်ခြံစည်းရိုး တစ်လျှောက် လုံခြုံရေးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များအား ARSA အကြမ်းဖက်သမားများက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှ ချောင်းမြောင်းပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိသတင်းတို့အား သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အထက်ပါဖြစ်စဉ်နေရာနှင့် နယ်စပ်မျဉ်းတစ်လျှောက် လုံခြုံရေးအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၇ နာရီခန့်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှတ်တိုင် အမှတ်၊ ဘီပီ ၄၀ နှင့် ၄၁ ကြား မောင်တောမြို့နယ် ခမောင်းဆိပ် ကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀၀ ခန့် အကွာနေရာသို့အရောက်၌ ချုံပုတ်တစ်ခုအတွင်းမှ မိုးကာစ အမည်းရောင်ဖြင့် ဖုံးအုပ်ထားသော






ဆာလာအိတ် ၁၆ လုံးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ဆားတစ်အိတ်လျှင် သုံးပိဿာခန့်ပါ နှစ်အိတ်၊ နနွင်းမှုန့် တစ်ထုပ်လျှင် ၁ ပိဿာခန့်ပါ ၅၅ ထုပ်၊ အရောင်တင်မှုန့် တစ်ထုပ်လျှင် နှစ်ပိဿာခန့်ပါ ၁၉ ထုပ်၊ ခြင်ဆေးခွေ ၁၈၂ ဘူး၊ WFP တံဆိပ်ပါ ပဲနီလေး ၄၈ ထုပ် (၄ ဒသမ ၆ ကီလိုဂရမ်) နှင့် ဆီ ၂၂ ဘူး တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။ **(အပေါ်နှင့်ဝဲပုံ)**

အလားတူ ဧပြီ ၈ ရက်တွင်လည်း ခမောင်းဆိပ်ကျေးရွာ၏ အနောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာရှိ တဲနှစ်လုံးအတွင်းမှ ARSA အကြမ်းဖက်သမားများ သိုဝှက်ထားသော ၅ ဒသမ ၅၆ ကျည် ၁၀ တောင့်၊ လမ်းလျှောက်စကားပြော တစ်လုံး၊ ပြောက်ကျားဝတ်စုံ တစ်စုံ၊ လည်တိုဖိနပ် နှစ်ရံ၊ အာလူး တစ်အိတ်၊ ဆေးမျိုးစုံ တစ်အိတ်၊ လက်ကိုင်ဖုန်း တစ်လုံး၊ မှန်ပြောင်း တစ်လက်၊ အလျား ၃ ပေ၊ အနံ နှစ်ပေရှိ ပလတ်စတစ်အိတ် ၅၀ အိတ်၊ တစ်ဖက်နိုင်ငံဒုက္ခသည်စခန်းများတွင် UNHCR မှ ထုတ်ပေးထားသည့် ကတ်ပြား တစ်ခု၊ WFP တံဆိပ်ပါ ဆန် ခြောက်အိတ်၊ ဆီဘူး ၄၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

ARSA နှင့် AA အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် စစ်ဘေးရှောင်စခန်းများသို့ NGO / INGO အဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့လှူဒါန်းထားသည့်ပစ္စည်းများအား နည်းလမ်းမျိုးစုံဖြင့် ရယူသုံးစွဲနေခြင်း ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## AA အကြမ်းဖက်သောင်းကျန်းသူများက တောင်ကုတ်မြို့နယ် ဘူးရွှေမော်ကျေးရွာမှ အပြစ်မဲ့ပြည်သူ တစ်ဦးအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် မေ ၆**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ဘူးရွှေမော်ကျေးရွာရှိ ဦးသန်းရွှေ၏ နေအိမ်သို့ ယမန်နေ့ နံနက်ပိုင်းက AA အကြမ်းဖက်သောင်းကျန်းသူများ ရောက်ရှိလာပြီး ၎င်းအား ကျေးရွာ၏ အနောက်ဘက် လမုချောင်းဘက်သို့ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးသန်းရွှေ (အသက် ၅၂ နှစ်) သည် ဇနီးဖြစ်သူနှင့်အတူ နေအိမ်၌ရှိနေစဉ် ယမန်နေ့ နံနက် ၁ နာရီခွဲခန့်တွင် ခါးကိုယ်စီကိုင်ထားသည့် AA အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်ခြံစည်းရိုးတံခါးကို ဖျက်ဆီးဝင်ရောက်လာကာ ဦးသန်းရွှေအား ကျေးရွာ၏ အနောက်ဘက် လမုချောင်းဘက်သို့ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူ ဦးသန်းရွှေသည် ကျေးရွာ၌ ရိုးသားစွာ ကြံ့ရာကျပန်းအလုပ်လုပ်ကိုင်နေသူဖြစ်ကြောင်းနှင့် လက်ရှိတွင်လည်း ကျေးရွာ (COVID-19) ရောဂါ ကာကွယ်စောင့်ရှောက်ရေးကော်မတီ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူဖြစ်ကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် လုံခြုံရေးစခန်းများ၊ ရဲကင်းစခန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအသွင်၊ အရပ်သားအသွင်ဖြင့် အယောင်ဆောင်ကာ အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ ဒေသအတွင်း အေးချမ်းစွာနေထိုင်လုပ်ကိုင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား ယခုကဲ့သို့ မကြာခဏ ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြုလုပ်လျက်ရှိကြောင်းနှင့် အဆိုပါ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူအား ပြန်လည်ရရှိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## မော်လိုက်မြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များနှင့် စာသင်ဆောင်များ အမိုးလန်ပျက်စီး

**မော်လိုက် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ယနေ့ ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များနှင့် စာသင်ဆောင် နှစ်ဆောင် အမိုးလန်ပျက်စီးခဲ့သည်။ **(ယာပုံ)**



အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် တောင်းအင်ကျေးရွာတွင် လူနေအိမ် တစ်လုံး၊ ကြာအင်းကျေးရွာတွင် လူနေအိမ် တစ်လုံး၊ နန်းသီကျေးရွာတွင် လူနေအိမ် တစ်လုံး စုစုပေါင်းလူနေအိမ် သုံးလုံးနှင့် ဇီးခုံကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ရှိ စာသင်ဆောင် နှစ်ဆောင်တို့ အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**မော်လိုက်သားလေး**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**လန်ဒန်တွင်သာ ဆက်နေရန် ဝီလီယံ မျှော်လင့်ထား**

ချယ်လ်ဆီးတောင်ပံကစားသမား ဝီလီယံ (၃၁ နှစ်) သည် ဇွန်လတွင် စတန်းဖို့ဒ်ဘရစ်၌ စာချုပ်သက်တမ်းကုန်ဆုံးပါက ချယ်လ်ဆီးနည်းပြဟောင်းဖြစ်သူ မော်ရင်ဟိုနှင့် စပါးအသင်းတွင် ပြန်လည်ပေါင်းထုပ်နိုင်ဖွယ်ရှိသောကြောင့် လန်ဒန်တွင်သာ ဆက်နေရန်မျှော်လင့်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဝီလီယံသည် ချယ်လ်ဆီးအသင်း၌ ခုနစ်နှစ်ကြာဖြတ်သန်းမှုကို စာချုပ်သက်တမ်းကုန်ဆုံးပါက အဆုံးသတ်ဖွယ်ရှိနေကြောင်း သိရသည်။

**မာတီနက်ဇ် ကာတာကို အီတီဟတ်သို့ ခေါ်ယူရန် စိတ်ဝင်စား**

မန်စီးတီးအသင်းသည် ရေးဗားပလိတ်အသင်းမှ လူးကပ်စ် မာတီနက်ဇ် ကာတာ (၂၃ နှစ်) ကို အီတီဟတ်သို့ ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အိန်ဂျလို စတီလာကို ခေါ်ယူရန် စိတ်ဝင်စား**

အာဆင်နယ်အသင်းသည် ဘိုင်ယန်မြူးနစ်ကစားသမား အိန်ဂျလို စတီလာ (၁၉ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဂျာမန်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။

**ရာကီတစ်ကို ခေါ်ယူရေးတွင် ပြိုင်ဘက်အသင်းထက် စပါး ဦးဆောင်န**

စပါးအသင်းသည် ဘာစီလိုနာအသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား အီဗန် ရာကီတစ် (၃၂ နှစ်) ကို ခေါ်ယူရေးတွင် ပြိုင်ဘက်အသင်းထက် ဦးဆောင်နေကြောင်း စပိန်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။ ဘာစီလိုနာအသင်းနှင့် ရာကီတစ်တို့၏ စာချုပ်သက်တမ်းသည် လာမည့်ရာသီတွင် ကုန်ဆုံးတော့မည်ဖြစ်သော်လည်း အသင်းတွင် ဆက်နေရန် ဆန္ဒရှိနေကြောင်း သိရသည်။

သို့သော်လည်း ကလပ်နှင့် ရာကီတစ်အကြား စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီမှုမရရှိသေးကြောင်း သိရသည်။ ဘာစီလိုနာအသင်းသည် အဆိုပါ ကစားသမားကို ၂၀၂၂ ခုနှစ်တွင် အလွတ်ပြောင်းရွှေ့ခွင့်ပြုဖွယ်မရှိဘဲ ယခုနှစ် နွေရာသီတွင် ရောင်းထုတ်ဖွယ်ရှိနေသည်။ ရာကီတစ်ကို ဂျူဗင်တပ်စ်နှင့် အက်သလက်တီကို အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

**အောင်ဇော်**

# ဖားကန့်၊ တမူး၊ ရွှေတောင်နှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



ဘင်ဇမင် အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် မွန်းလွဲပိုင်းက ဖားကန့်မြို့နယ် အေးမြသာယာကျေးရွာအုပ်စု မနကျေးရွာနေ ယဉ်မင်းဦး(ခ) မင်းမင်းနှင့် မသန်းသန်းဌေး(ခ)မဌေးတို့၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မေ ၄ ရက် ည ၉ နာရီခွဲက တမူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့ စော်ဘွား(၃)ရပ်ကွက်တွင် ဘင်ဇမင်မောင်းနှင်ပြီး ပေါက်ပီး (ခ) ဖက်တီး လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်စဉ် ပေါက်ပီး (ခ) ဖက်တီးမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ဘင်ဇမင်နှင့် ဆိုင်ကယ်အား စစ်ဆေးရာ ငွေကျပ် ၂၃၇၆ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၃ ဒသမ ၉၆ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

အလားတူ မေ ၅ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေတောင်မြို့ ကြာနီကန် ရပ်ကွက်အနီး ရန်ကုန်-ပြည်ကားလမ်းဘေးတွင် တွေ့ရှိသူ ရန်ဝေးအောင် ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၄ ပြား၊ ဆိုင်ကယ်တစ်စီး၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပြည်မြို့ ရွာဘဲရပ်ကွက် ဗိုလ်တစ်ထောင်(၁)လမ်းနေ အောင်မင်းစိုး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၅ ပြား၊ ဖုန်းနှစ်လုံး၊ ငွေကျပ် ၃၀၀၀၀၀၀၊ လေသေနတ် နှစ်လက်နှင့် စတီးဘောစေ့ အလုံး ၂၈၀ တို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၁)ရပ်ကွက်၊ ၆၂ လမ်းနှင့် ၁၀၃ လမ်း(သဇင်လမ်း) ထောင့်တွင် မသန်းသန်းဆင့် (ခ)မသိမ့် အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၄၅ ပြား၊ ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့ရုပ်မြင်သံကြား

၇ - ၅ -၂၀၂၀(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
၇:၀၀ - Breakfast News
၇:၃၅ - NRC အစီအစဉ် "မွန်ရိုးရာ ကောက်စိုက်ထမင်းဝိုင်း ပြင်ဆင်ပုံ"
၈:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (နေပြည်တော်ကောင်စီ)
၉:၃၅ - လုပစုံလင်အာဆီယံတစ်ခွင်
၁၀:၃၅ - "ဒေါနတောင်တန်းဆီက ရိုးရှင်းလှတဲ့သူတို့ဘဝ"
၁၁:၃၅ - ဘဝထဲကဝတ္ထုဝတ္ထုထဲကဘဝ "စိုးရိမ်ရေမှတ်"(ကောင်းဟိန်း၊ ကေကေမိုးမြင့်၊ ပင်ပျိုမေ၊ ယွန်းဆက်၊ ဟန်နီခေတ်) ဒါရိုက်တာ- သိမ်းစိုး (သီဟရတနာ)
၁၂:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း- ၄၀)
၁၄: ၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်မှုရှာပုံတော်" (အပိုင်း- ၄၂)(ဇာတ်သိမ်း)

**ညပိုင်း**

၁၆:၃၀ - (၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ဇာတ်လမ်း " 191 " (အပိုင်း- ၆) (ပြေတီဦး၊ နိုင်းနိုင်း၊ မင်းမော်ကွန်း၊ မိုးဟေကို၊ ယုသန္တာတင်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ- ဝိုင်း)
၁၇:၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၈:၃၀ - မျက်မှောက်ရေးရာအဖြာဖြာ
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ရခိုင်ပြည်နယ်အစိုးရအဖွဲ့)
- တက္ကသိုလ်ရာပြည့် ဂုဏ်ပြုအစီအစဉ်များ " ရန်ကုန်တက္ကသိုလ် ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ"
- ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ရောဂါဆန်း" (ထက်နေချမ်း၊ စောမြတ်နိုး၊ စောယုနန္ဒာ၊ ချိုတေးလွင်လွင်) (ဒါရိုက်တာ- သီတာလင်း (Laural Art Academy))
- တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## စောင့်ကြည့်စခန်းမှ ရက်မစေ့မီထွက်ပြေးလာသူအား မြိုင်မြို့နယ်တရားရုံးက ထောင်ဒဏ်ချမှတ်

**မကွေး မေ ၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်းသို့ လွယ်ဂျယ်စောင့်ကြည့်ရေးစခန်းမှ ရက်မစေ့မီ ထွက်ပြေးလာသူ တစ်ဦးအား ထောင်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါ ထွက်ပြေးလာသူသည် ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်စောင့်ကြည့်ရေးစခန်းတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါသံသယဖြင့် စောင့်ကြည့်ခံထားရစဉ် ထွက်ပြေးလာပြီး မြိုင်မြို့နယ် အိုရင်းကျေးရွာသို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ထိုထွက်ပြေးလာသူအား အိုရင်းအုပ်စုအုပ်ချုပ်ရေးမှူး (အိုရင်းအုပ်စု ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေးကော်မတီ ဥက္ကဋ္ဌ)က တရားလိုပြုလုပ်၍ မြိုင်မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဥပဒေဖြင့် ထောင်ဒဏ် သုံးလ ချမှတ်ခဲ့ကြောင်း ကိုဗစ်-၁၉ သတင်းပြန်ကြားရေးဆပ်ကော်မတီ(မြိုင်မြို့)မှ သိရသည်။

စိန်မြိုင်(မြိုင်)

## မိုးကောင်း၌ ဆိုင်ကယ်နှင့်ထော်လာဂျီတိုက်မိ၍ ဆိုင်ကယ်စီးနင်းသူသေဆုံး

**မိုးကောင်း မေ ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ မေ ၅ ရက် ညပိုင်းက မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုလမ်းမကြီးနှင့် မိုးကောင်း မြို့တော်ခန်းမ လမ်းဆုံတွင် ဆိုင်ကယ်နှင့် ထော်လာဂျီ တိုက်မိ၍ ဆိုင်ကယ်စီးနင်းသူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၅ ရက် ည ၇ နာရီခန့်က မိုးကောင်းမြို့နယ် အလယ်ရေရှင်ကျေးရွာနေ ဦးဆန်းလင်း(၄၀ နှစ်)မောင်းနှင်ပြီး ဝင်းသန်းစိုး(၁၈ နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်ကို ပြည်ထောင်စု လမ်းမကြီးနှင့် မိုးကောင်း မြို့တော်ခန်းမ လမ်းဆုံ အရောက်တွင် မီးသွေးအိတ်များ တင်ဆောင်ကာ နတ်ကြီးကုန်း ရပ်ကွက် ပျော်လင့်အုပ်စုနေ ဝင်းတင့် (၄၆ နှစ်) မောင်းနှင်လာသည့် ထော်လာဂျီက ပြည်ထောင်စု လမ်းမကြီး ဝဲဘက်ရှိ အောင်ဆန်းလမ်းသို့ ချိုးကွေ့စဉ် တိုက်မိခဲ့၍ ဦးဆန်းလင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ထော်လာဂျီမောင်းနှင်သူ ဝင်းတင့်အား မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

## ကျောက်မဲမြို့ အောင်ဆန်းလမ်း အမှတ်(၄)ရပ်ကွက်၌ ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**သီပေါ မေ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အောင်ဆန်းလမ်း အမှတ်(၄)ရပ်ကွက် နယ်မြေ(၂)ရှိ ဦးဝင်းမြင့် ပိုင်ဆိုင်သည့် ဆိုင်ခန်း ခုနစ်ခန်း တန်းလျား၌ ယနေ့ နံနက် ၁ နာရီ ၄၅ မိနစ်က ရှမင်းပိုင် ငှားရမ်းဖွင့်လှစ်သော တက်နေဝင်း "ကဖေး" ဆိုင်ခန်းတွင် ဝိုင်ယာကြိုးအပူလွန်ကဲရာမှ အမွှာညီနောင် အထည်ဆိုင်၊ တက်နေဝင်း လက်ဖက်ရည်ဆိုင်၊ ယမင်းအလှကုန်စတိုးဆိုင်နှင့် Venus ဆံပင်အလှပြင်ဆိုင် စသည့် ဆိုင်ခန်း ခုနစ်ခန်း မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ ကျောက်မဲ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်းဦး ကြီးကြပ်ကွပ်ကဲသော မီးငြိမ်းသတ်ယာဉ် ရှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ရှမင်းပိုင်ကို ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုင်း(သီပေါ)

## ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မေ ၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၈၀၊ သွင်းကုန် အစီး ၂၈၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၀၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၆၅ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၂၂၀ သန်း၊ စုစုပေါင်း တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၆၈၅ သန်းတန်ဖိုးရှိ အမျိုးသမီးစီးဖိနပ်များ၊ ကလေးစီးဖိနပ်များ၊ ရေဖျန်းပိုက်နှင့် စားသောက်ကုန်(အချိုရည်)များအား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကန်ကြီးထောင့်မြို့နယ်တွင် ဒေသန္တရအမိန့် ဖောက်ဖျက်သူများအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကန်ကြီးထောင့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် ည ၁၀ နာရီက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ကန်ကြီးထောင့်မြို့နယ် လေးဘာသာကျေးရွာနေ စိုင်းစန်းဦး (၄၂ နှစ်)ပါ ခုနစ်ဦးသည် ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်အား ဖောက်ဖျက်၍ ပြင်ပ၌ သွားလာနေသည်ကို တွေ့ရှိရသောကြောင့် စိုင်းစန်းဦးပါ ခုနစ်ဦးအား အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ရဲပြန်ကြား

## ရွှေဘို၌ ညမထွက်ရအမိန့် လိုက်နာခြင်းမရှိသူ ၁၁ ဦးအား အလုပ်နှင့်ထောင်ဒဏ် သုံးလစီချမှတ်

**ရွှေဘို မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မေ ၄ ရက် ည ၁၁ နာရီက ရွှေဘိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့ပေါ်အတွင်း အကြောင်းမဲ့ သွားလာနေသော ရွှေဘိုမြို့နယ် ရွာဆိုးကျေးရွာနေ စိုးကြည် (၄၈ နှစ်)၊ မင်းကုန်းကျေးရွာနေ စည်သူအောင်( ၂၃ နှစ်)၊ ဆင်မြေကျေးရွာနေ တင့်ဝေ ( ၃၉ နှစ်)၊ ဝက်လက်မြို့နယ် စိုင်နိုင်ကြီးကျေးရွာနေ ဇော်မိုးထွန်း (၂၄ နှစ်)နှင့် အောင်ဆုပိုင် (၁၉ နှစ် )၊ ရဲမင်းဝင်း(၂၆ နှစ် )၊ ရွှေဘိုမြို့နယ် ကြက်တက်ရွာနေ ဘိုဘို(၂၃ နှစ်) နှင့် စိုးကိုကို(၂၃ နှစ်)၊ ခင်ဦးမြို့နယ် မန်ကျည်းတုံကျေးရွာနေ မောင်မောင်လင်း ( ၃၀ နှစ်)၊ ရွှေဘိုမြို့နယ် ညောင်ကန်ကျေးရွာနေ မောင်ဖြိုး (၂၈ နှစ်)၊ ရွှေဘိုမြို့ အမှတ်(၄)ရပ်ကွက်နေ နေလင်းအောင် (၃၈ နှစ်)တို့အား ခိုင်လုံသော အကြောင်းအရာ တစ်စုံတစ်ရာဖြေဆိုနိုင်ခြင်းမရှိဘဲ အကြောင်းမဲ့သွားလာနေသည်ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် ရွှေဘိုမြို့မရဲစခန်းတွင် ယာယီထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ညမထွက်ရအမိန့် လိုက်နာခြင်းမရှိသူ ၁၁ ဦးအား မေ ၅ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့ရာ မြို့နယ်တရားရုံးက စိုးကြည် အပါအဝင် ၁၁ ဦးအား အလုပ်နှင့်ထောင်ဒဏ် သုံးလစီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

## ညောင်ဦးမြို့နယ်တွင် ညီအစ်ကိုချင်းစကားများရာမှ ကတ်ကြေးနှင့် ထိုးမှုဖြစ်

**ညောင်ဦး မေ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မန်ကျည်းစောက်ကျေးရွာတွင် မေ ၅ ရက် ည ၇ နာရီ ၄၅မိနစ် က ညီအစ်ကိုချင်းစကားများရာမှ ကတ်ကြေးဖြင့် ထိုးမှုဖြစ်ကြောင်း သိရသည်။

မေ ၅ ရက် ည ၇ နာရီ ၄၅မိနစ်ခန့်က ဦးငြိမ်းသန်း၊ ဒေါ်ကြွေစိနှင့် သားစန်းတင်တို့ အတူရှိနေစဉ် အိမ်ခွဲနေထိုင်သည့် သားဖြစ်သူ ထွန်းကျော်နှင့် ၎င်း၏ ဇနီးဖြစ်သူ အေးသန္တာတို့က ၎င်းတို့၏သား ဇင်မင်းခန့်အား စန်းတင် နေထိုင်ရာ အိမ်သို့ ညအိပ်ရန် လာရောက်ပို့ဆောင်ခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ စန်းတင်နှင့် ထွန်းကျော်တို့ စကားများကြပြီး အပြန်အလှန် ထိုးကြိတ်ကြကာ ထွန်းကျော်က ကတ်ကြေးဖြင့် စန်းတင် ကို ထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုးသွင်းဒဏ်ရာများရရှိသည့် စန်းတင်သည် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ်ကုသလျက်ရှိပြီး ထွန်းကျော်အား ညောင်ဦးခရိုင်တရားရုံးတွင် အမှုဖွင့်ထားကြောင်း သိရသည်။

ဖေလိန်း(ပုဂံ)

# တစ်ကမ္ဘာလုံးရှိ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုအခြေအနေများကြောင့် တီဘီရောဂါဖြင့်သေဆုံးသူအရေအတွက် ပိုများလာဖွယ်ရှိ

လန်ဒန် မေ ၆

**ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်း၌ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ထားလျက်ရှိရာ ယင်းသို့ကန့်သတ်ပိတ်ဆို့ထားရသည့်အခြေအနေများကြောင့် လာမည့် ၂၀၂၅ ခုနှစ်အရောက်တွင် တစ်ကမ္ဘာလုံးရှိ တီဘီရောဂါခံစားနေရသူ ၁ ဒသမ ၄ သန်းနီးပါးအထိ ထပ်မံသေဆုံးနိုင်သည့် အန္တရာယ်ရှိနေကြောင်း လေ့လာမှုအသစ်တစ်ရပ်က မေ ၆ ရက်တွင် ဖော်ပြခဲ့သည်။**

အဆုတ်ကိုထိခိုက်စေသည့် ကူးစက်ရောဂါတစ်ခုဖြစ်သည့် တီဘီရောဂါသည် ပျောက်ကင်းအောင်ကုသနိုင်သော်လည်း နှစ်စဉ်နှစ်တိုင်းအဆိုပါရောဂါကူးစက်ခံရသူ ခန့်မှန်းခြေ ၁၀ သန်းခန့်ရှိနေကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်က တီဘီရောဂါကြောင့် ကမ္ဘာတစ်ဝန်းရှိလူ ၁ ဒသမ ၅ သန်းခန့် အသက်ဆုံးရှုံးခဲ့ရပြီး သေဆုံးခဲ့သူများထဲတွင် ကလေးငယ်နှစ်သိန်းကျော် ပါဝင်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားခဲ့သည်။

ထိရောက်သည့်ကုသမှုများရှိနေသော်လည်း ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေး တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့အနေဖြင့် လူနာအများစုကို ရောဂါပိုးစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုတို့ကို အတတ်နိုင်ဆုံးဗဟိုပြုလျက် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုက ကမ္ဘာတစ်ဝန်းရှိ အစိုးရအဖွဲ့အစည်းများအား ပြည်သူလူထုအတွင်း အဝင်အထွက် အသွားအလာကန့်သတ်ပိတ်ဆို့မှုများ မဖြစ်မနေချမှတ်လုပ်ဆောင်ရန် လိုအပ်လာစေခဲ့ပြီး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းဖြင့် ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် လမ်းညွှန်ချက်များ ချမှတ်ခဲ့သည်။

လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန် လမ်းညွှန်ချက်ကြောင့် ကျန်းမာရေးစောင့်ရှောက်ရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အားနည်းသူများအား စမ်းသပ်စစ်ဆေးမှုဆောင်ရွက်ရန် မဖြစ်နိုင်တော့သည့်အပြင် လူနာများအနေဖြင့်လည်း ဆေးကုသမှုဆက်လက်ရရှိရန် ခက်ခဲသွားကြောင်း သိရသည်။

ဘန်ကောက်ပို့စ်



ပင်ပန်းနွမ်းနယ်နေဟန်ရှိသည့် ကင်ညာအမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

# အီရန်တို့ ဆီးရီးယားမှမထွက်မချင်း အစ္စရေးက ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်မည်

**ဂျေရုဆလင် မေ ၆**

အစ္စရေး၏ ရန်သူဖြစ်သည့် အီရန်တို့ ဆီးရီးယားမြေပေါ်မှ မထွက်မချင်း အစ္စရေးကထိုးစစ်ဆင် တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေဦးမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး နက်ဖ်တာလီ ဘန်နက်က မေ ၅ ရက်တွင် ပြောကြားလိုက်ကြောင်း သိရသည်။

အီရန်ကျောထောက်နောက်ခံပေးထားသည့် ပြည်သူ့စစ်အဖွဲ့နှင့် ၎င်းတို့၏ မဟာမိတ်များကို အစ္စရေး၏ တိုက်ခိုက်မှုကြောင့် တိုက်ခိုက်ရေးသမား ၁၄ ဦး သေဆုံးသွားခဲ့ပြီးနောက်တွင် ကာကွယ်ရေးဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ ၂၀၁၁ ခုနှစ် ပြည်တွင်းစစ် ဖြစ်ပွားချိန်မှစတင်ကာ အစ္စရေးက ဆီးရီးယား၌ အစိုးရတပ်ဖွဲ့များကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုပေါင်း ရာချီပြုလုပ်ခဲ့သည်။ ဆီးရီးယားအစိုးရတပ်ဖွဲ့သည် အီရန်တပ်ဖွဲ့များနှင့် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာ စစ်သွေးကြွအုပ်စုမှ တိုက်ခိုက်ရေးသမားများကို မဟာမိတ်ပြုထားသည်။

အစ္စရေးသည် ဆီးရီးယား၌ ၎င်းလုပ်ဆောင်နေသည့် စစ်ဆင်ရေးဆင်နွှဲမှုများနှင့်ပတ်သက်၍ အသေးစိတ်အကြောင်းအရာများကို အတည်ပြုလေ့မရှိသော်လည်း သမ္မတ ဘတ်ရှာ အယ်လ်အာဆတ်ကို အားပေးထောက်ခံနေသည့် အီရန်၏ရပ်တည်ချက်မှာ ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်ကြောင်းနှင့် ဆီးရီးယား၌ အီရန်တို့ဆက်ရှိနေသရွေ့ အစ္စရေးက ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးက နိုင်ငံပိုင် Kan 11 ရုပ်သံသို့ ပြောဆိုခဲ့မှုအတွင်း ဆီးရီးယား၌ နောက်ဆုံးဖြစ်ပွားခဲ့သည့် ညသန်းခေါင်အချိန်တိုက်ခိုက်မှုမှာ အစ္စရေး၏လက်ချက်ဟုတ် မဟုတ်နှင့်ပတ်သက်၍ အတိအလင်း ဝန်ခံဖော်ပြခြင်း မရှိခဲ့ပေ။

အေအက်ဖ်ပီ



ပြီးခဲ့သည့် ဧပြီလက ဆီးရီးယားနယ်စပ်အနီး၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ စစ်ရေးလေ့ကျင့်မှုတစ်ခုကို တွေ့ရစဉ်။

## သီရိလင်္ကာနိုင်ငံက ကပ်ရောဂါကြောင့် နိုင်ငံအတွင်း သောင်တင်နေသည့် နိုင်ငံခြားသားများကို အကူအညီပေးရန်ကြိုးပမ်း

**ကိုလံဘို မေ ၆**

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကြောင့် တစ်ကမ္ဘာလုံးရှိ လေဆိပ်များကို ပိတ်ထားခဲ့ရသည့်အတွက် နိုင်ငံအတွင်း သောင်တင်နေကြသည့် ကမ္ဘာလှည့်ခရီးသွား ၁၁၀၀၀ ကျော်ကို အကူအညီပေးနိုင်ရန် ကြိုးပမ်းနေကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက မေ ၆ ရက်တွင် ပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် သီရိလင်္ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ မေ ၄ ရက်က သီရိလင်္ကာနိုင်ငံအတွင်း သောင်တင်နေကြသည့် ကမ္ဘာလှည့်ခရီးသွားစုစုပေါင်း ၁၁၃၈၉ ဦးကို အစိုးရက မကြာသေးမီက ဖွဲ့ထားသည့် ခရီးသွားများနှင့် နိုင်ငံပြင်ပရောက်ပြည်သူများအား အကူအညီပေးရေးစင်တာ ဝက်ဘ်ဆိုက်တွင် စာရင်းပေးကြရန် မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

ထို့ပြင် အသွားအလာကန့်သတ်ပိတ်ဆို့မှု ချမှတ်ထားချိန်အတွင်း ကမ္ဘာလှည့်ခရီးသွားများကို အကူအညီပေးရန် ခရီးသွားလာမှုဆိုင်ရာထုတ်ပြန်ချက်များနှင့် အတူ ၂၄ နာရီ တစ်ပတ်လုံး ဝန်ဆောင်မှုပေးနိုင်မည့် ခေါ်ဆိုမှုဌာနတစ်ခုကိုလည်း ဖွင့်ထားကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၌ ပြီးခဲ့သည့် မတ် ၁၇ ရက်မှစတင်ကာ ရောဂါကူးစက်မှုမြင့်တက်လာသည့် အခြေအနေကြောင့် ပြည်တွင်းသို့လာရောက်မည့် လေကြောင်းခရီးစဉ်များအားလုံးကို ပိတ်ထားခဲ့သည်။

ဆင်ဟွာ

## ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်၌ ဒုံးကျည်သုံးစင်းကျရောက်

ဘဂ္ဂဒက် မေ ၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ နိုင်ငံတကာလေဆိပ်သို့ မေ ၆ ရက်က ဒုံးကျည်သုံးစင်းကျရောက်ခဲ့ကြောင်း အီရတ် စစ်တပ်က ပြောကြားခဲ့သည်။ ဒုံးကျည်ကျရောက်မှုအတွင်း ထိခိုက်သေဆုံးသူမရှိကြောင်း သိရသည်။

မေ ၆ ရက် နံနက်စောစောအချိန်အတွင်း လေဆိပ်၌ ဒုံးကျည်ကျရောက်ခဲ့ပြီးနောက် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြရာ ဘဂ္ဂဒက်အနောက်ပိုင်း အယ်လ်ဘာကရီယာ အိမ်နီးချင်းဒေသ၌ အချိန်ကိုက်ဖြစ်အောင်စီမံထားသည့် ဒုံးကျည်လောင်ချာတစ်ခုကို တွေ့ရှိခဲ့ကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေး ညွှန်ကြားမှုအဖွဲ့နှင့် ဆက်နွှယ်သည့် သတင်းထုတ်ပြန်ရေးရုံးက ဖော်ပြခဲ့သည်။

လေဆိပ်ကို မည်သည့်အဖွဲ့က ဒုံးကျည်တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း မသိရှိရသေးပေ။ စစ်သွေးကြွအုပ်စုများသည် အီရတ်နိုင်ငံတစ်ဝန်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား လက်ခံထားရာ အီရတ်စစ်စခန်းများကို တိုက်ခိုက်မှုများ အကြိမ်ကြိမ်လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့သည် ဘဂ္ဂဒက်မြို့လယ်ကောင်ရှိ လုံခြုံရေးထူထပ်စွာချထားသည့် ဂရင်းဇုန်ဧရိယာကိုလည်း တိုက်ခိုက်မှုများ မကြာခဏလုပ်ဆောင်လေ့ရှိသည်။ အီရတ်နိုင်ငံ၌ စစ်ရေးလေ့ကျင့်သင်ကြားပေးရန်နှင့် အကြံပေးရန်အတွက် ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ကပ်ရောဂါတိုက်ဖျက်ရာတွင် ကျန်းမာရေးနှင့် ဆေးဘက်အဖွဲ့အစည်းများအနေဖြင့် ဆိုက်ဘာခြိမ်းခြောက်မှုကို ရင်ဆိုင်ရနိုင်ကြောင်း ဗြိတိန်နှင့် အမေရိကန်သတိပေး

**လန်ဒန် မေ ၆**

ကိုဗစ်-၁၉ တိုက်ဖျက်ရေး တုံ့ပြန်ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်နေကြသည့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများကို ပစ်မှတ်ထားသည့် ဟက်ကာအဖွဲ့များ၏ ဆိုက်ဘာတိုက်ခိုက်မှုများ ပိုမိုမြင့်တက်လာနေကြောင်း ဗြိတိန်နှင့်အမေရိကန်က သတိပေးလိုက်သည်။

**ပူးတွဲသတိပေးချက်ထုတ်ပြန်**

ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ်ရှိနေသည့်အချိန်အတွင်း ကျန်းမာရေးစောင့်ရှောက်ရေး ဝန်ထမ်းများနှင့် ဆေးဝါးသုတေသနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ၎င်းတို့ အသုံးပြုနေသည့်စကားဝှက်များကို လုံခြုံရေးမြှင့်တင်ထားကြရန် အတ္တလန္တိတ်ဖြတ်ကျော်မဟာမိတ်များပါဝင်သည့် ဆိုက်ဘာလုံခြုံရေးအေဂျင်စီက ပူးတွဲသတိပေးချက်တစ်စောင်ကိုထုတ်ပြန်ခဲ့သည်။

**အကောင့်များသို့ဝင်ရန်ကြိုးစား**

ဟက်ကာများသည် ကိုဗစ်-၁၉ တိုက်ဖျက်ရေး တုံ့ပြန်ဆောင်ရွက်မှုတွင် ပါဝင်နေသည့် အဖွဲ့အစည်းများကိုပစ်မှတ်ထားသည့် ဆိုက်ဘာတိုက်ခိုက်မှုစစ်ဆင်ရေး လုပ်ဆောင်နေကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းများနှင့် ဆေးသုတေသနအဖွဲ့အစည်းများကို ဦးတည်လျက် ပုံမှန်အသုံးပြုနေကျ စကားဝှက်များကိုအသုံးပြုကာ အကောင့်များသို့ ဝင်ရောက်ရန် ကြိုးစားခဲ့ကြကြောင်း ဗြိတိန်အမျိုးသား ဆိုက်ဘာလုံခြုံရေးစင်တာနှင့် အမေရိကန်ဆိုက်ဘာလုံခြုံရေးအခြေခံ အဆောက်အအုံ လုံခြုံရေးအေဂျင်စီက ပြောကြားခဲ့သည်။



အေအက်ဖ်ပီ

# ကိုဗစ် – ၁၉ ရိုက်ခတ်မှုဒဏ် ခံစားခဲ့ရသော ဂျာမနီနိုင်ငံရှိ ဈေးဆိုင်များနှင့် ကျောင်းများပြန်လည်ဖွင့်လှစ်

**ဘာလင်　မေ　၆**

ကိုဗစ် – ၁၉ ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ရသော ဂျာမနီနိုင်ငံသည် ဈေးဆိုင်များနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းအပါအဝင် မေလတွင် ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိရန် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားနေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၆ ရက်က ဖော်ပြလိုက်သည်။

ဂျာမနီနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့ခြင်းကို တားဆီးကာကွယ်နိုင်ရန် အသွားအလာကန့်သတ်ပိတ်ပင်မှုများကို ရက်သတ္တပတ်အတော်ကြာပြုလုပ်ခဲ့ပြီးနောက် ယခုလို ပြန်လည်ဖွင့်လှစ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သဘောတူညီချက်မူကြမ်းတွင် ဖော်ပြထားသည်။

ဧပြီ ၂၀ ရက်မှစကာ ဖွင့်လှစ်မှုများ ပြုလုပ်နိုင်ရန် ကနဦးအဆင့်များကို စတင်ခဲ့ပြီးနောက်ပိုင်းတွင် ကိုဗစ် – ၁၉ ကူးစက်မှုများမှာ ကျဆင်းလာခဲ့သည်။ ယခုလတ်တလောတွင် ကိုဗစ် – ၁၉ ကူးစက်မှုလှိုင်းဂယက်ရိုက်ခတ်မှုမရှိတော့ကြောင်း၊ ထို့ကြောင့် ပြန်လည်ဖွင့်လှစ်မှုများ လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် စာမေးပွဲဖြေရန်အခက်အခဲနှင့် ရင်ဆိုင်ရသူများကိုသာ ကျောင်းပြန်တက်ခွင့်ပြုနေကြောင်း၊ သို့သော်လည်း မူကြိုနှင့် မူလတန်းကျောင်းများကို လာမည့်ရက်သတ္တပတ်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

တစ်ဆင့်ပြီးတစ်ဆင့် ကျောင်းသားများအားလုံး ကျောင်းပြန်တက်နိုင်အောင် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း သင့်တော်သောကျန်းမာရေးဆောင်ရွက်မှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြောင်း၊ တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေရမည့် စည်းမျဉ်းများကိုလည်း ထိန်းသိမ်းလိုက်နာရန်လိုကြောင်း သိရသည်။ အဆိုပါသဘောတူညီချက်မူကြမ်းကို ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်နှင့် ပြည်နယ် ၁၆ ပြည်နယ်မှ ခေါင်းဆောင်များသည် မေ ၆ ရက်နှောင်းပိုင်းတွင် လက်မှတ်ရေးထိုးရန် စီစဉ်နေကြောင်း သိရသည်။

ထို့အတူ ပြည်နယ်တစ်ခုချင်းစီကလည်း တက္ကသိုလ်များကို မည်သို့မည်ပုံပြန်လည်ဖွင့်လှစ်ပေးရမည်ဆိုသည်ကို စဉ်းစားနေကြောင်း သိရသည်။

ဈေးဆိုင်များဖွင့်လှစ်ခြင်းအပြင် တခြားကဏ္ဍများ ပြန်လည်ဖွင့်လှစ်နိုင်ရန်လိုအပ်ကြောင်း၊ သို့သော်လည်း ကျန်းမာရေး၊ စီတန်းစောင့်ဆိုင်းမှုမဖြစ်ရေး၊ အဝင်အထွက်ဂရုစိုက်ရေးတို့ကို ဂရုစိုက်ရန်လိုအပ်ကြောင်း နိုင်ငံရေးသမားများက ပြောကြားလိုက်သည်။ **အေအက်ဖ်ပီ**




ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ အထည်ဆိုင်တစ်ဆိုင် ပြန်လည်ဖွင့်လှစ်ထားသည်ကိုတွေ့ရစဉ်။

# အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် - ၁၉ ကြောင့် နေ့စဉ်သေဆုံးမှုနှုန်း မြင့်လာသော်လည်း စီးပွားရေးလုပ်ငန်းများပြန်လည်ဖွင့်လှစ်ရန် လုပ်ဆောင်လျက်ရှိ

**ဝါရှင်တန်　မေ　၆**

အမေရိကန် ပြည်ထောင်စုတွင် ကိုဗစ် – ၁၉ ကြောင့် အသွားအလာကန့်သတ်မှု ပြုလုပ်လိုက်ချိန်ကတည်းက ပထမဆုံးအကြိမ်အဖြစ် အိမ်ဖြူတော်အပြင်ဘက်သို့ ထွက်လာသည့် အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်က စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရန် စတင်လုပ်ဆောင်နေချိန်တွင် အမေရိကန်ပြည်ထောင်စုအတွင်း နေ့စဉ် ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုနှုန်းသည်လည်း မြင့်တက်လာခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် မေ ၆ ရက်က ဖော်ပြခဲ့သည်။

ဗြိတိန်သည် အီတလီကို ကျော်လွန်လာကာ ကမ္ဘာပေါ်တွင် ဒုတိယ သေဆုံးမှုအများဆုံးနိုင်ငံဖြစ်လာခဲ့ပြီး စုစုပေါင်းသေဆုံးသူ ၃၂၀၀၀ ရှိလာချိန်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က စီးပွားရေးများပြန်လည်ဖွင့်လှစ်ရန် စတင်လိုက်ခြင်းဖြစ်သည်။

ဥရောပတိုက်၏အခြားနိုင်ငံများဖြစ်သော ကိုဗစ် – ၁၉ ဒဏ်ခံ စပိန်နှင့် ပြင်သစ်နိုင်ငံတို့သည် ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်များ ကျဆင်းလာခဲ့ပြီး ပုံမှန်အခြေအနေသို့ တဖြည်းဖြည်း ပြန်လည်ရောက်ရှိလာသော်လည်း လက်တင်အမေရိကတွင် သေဆုံးမှုနှုန်းသည် ၁၅၀၀၀ ကျော်လာခဲ့သည်။

ကမ္ဘာ့စီးပွားပျက်ကပ်ဆိုးရွားစွာဖြစ်ပေါ်လာကြောင်း ကျွမ်းကျင်သူများ၏ သတိပေးချက်များအရ အစိုးရအသီးသီးသည်နေအိမ်၌နေထိုင်ရမည့်ကန့်သတ်ချက်များကိုလည်း စီးပွားရေး ပြန်လည်ရှင်သန်ရန် တဖြည်းဖြည်း ဖြေလျှော့မှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။ မိမိတို့အနေဖြင့် မိမိတို့နိုင်ငံကို နောက်ထပ်ငါးနှစ်လောက် ထပ်ပြီး မပိတ်ထားနိုင်တော့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အရီဇိုးနားရှိ စက်ရုံများသို့ သွားရောက်စစ်ဆေးသည့် ခရီးစဉ်အတွင်း ပြောကြားလိုက်သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

ကိုဗစ် – ၁၉ ကပ်ရောဂါကို နေ့စဉ်ဘဝတွင် ထိပ်တန်းဦးစားပေးအနေဖြင့် အချိန်ကာလကြာမြင့်စွာ စဉ်းစားနေမည် မဟုတ်ကြောင်း၊ အိမ်ဖြူတော်သည် ကိုဗစ် – ၁၉ ဖြစ်ပွားမှုကို ကိုင်တွယ်ဖြေရှင်းရန် အရေးပေါ်လုပ်ငန်း အဖွဲ့များဖြင့် ဆောင်ရွက်နေကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**



ကျောင်းသား ကျောင်းသူများ အပူချိန်စစ်ဆေးပေးသည့် နေရာကိုဖြတ်သန်းနေကြစဉ်။

# ကိုဗစ် -၁၉ စတင်ဖြစ်ပွားရာ ဝူဟန်မြို့ရှိ ကျောင်းသားကျောင်းသူများ ကျောင်းများပြန်လည်တက်ရောက်

**ဝူဟန်　မေ　၆**

ကိုဗစ် – ၁၉ စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ကျောင်းသားလူငယ်များသည် စာသင်ကျောင်းများသို့ ပြန်လည်တက်ရောက်နေပြီဖြစ်ကြောင်း၊ သို့သော်လည်း နှာခေါင်းစည်းများဝတ်ဆင်ကာ အပူချိန်စစ်ဆေးမှုခံယူရကြောင်း သတင်းရရှိသည်။

ကိုဗစ် – ၁၉ စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံ ဝူဟန်ရှိ အဖွဲ့အစည်းပေါင်း ၁၂၁ ဖွဲ့၏ အထက်တန်းကျောင်းသားကျောင်းသူများသည် ပထမဆုံးအကြိမ်အဖြစ် ကျောင်းပြန်တက်နေကြပြီဖြစ်သည်။

နောက်ဆုံးတော့ကျောင်းပြန်ဖွင့်ပြီဟု ဆိုရှယ်မီဒီယာတစ်ခုဖြစ်သည့် ဝီဘိုအသုံးပြုသူတစ်ဦးက ပို့စ်တင်လိုက်သည်။

စာမေးပွဲရှိသော်လည်း ပထမဆုံးအကြိမ်အဖြစ် ကျောင်းပြန်တက်ရသည်ကို အလွန်ပျော်ရွှင်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ကျောင်းသား ကျောင်းသူများသည် တစ်မီတာအကွာအဝေးရှိထိုင်ခုံနေရာများတွင် ထိုင်ကြရပြီး အချိန်ကာလတစ်ခုအထိ ၎င်းတို့၏ဆရာ ဆရာမကို အွန်လိုင်းမှ မြင်တွေ့နေရပြီးနောက် ယခုအခါတွင် မျက်မြင်ဒိဋ္ဌ ပထမဆုံးအကြိမ်တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

အငယ်တန်းနှင့်အလယ်တန်းကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းပြန်တက်ရမည့်နေ့ကို ယခုအချိန်အထိ မကြေညာရသေးကြောင်း၊ ဝူဟန်ရှိ အာဏာပိုင်များက ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအနေဖြင့် ကျောင်းပြန်မတက်မီ ကိုဗစ် – ၁၉ စစ်ဆေးမှုများ ခံယူရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**




ဩစတြေးလျနိုင်ငံ ဆစ်ဒနီလေဆိပ်တွင် ကွမ်တက်စ်လေကြောင်းလိုင်းမှ လေယာဉ်များကို တွေ့ရစဉ်။

# ဩစတြေးလျအမျိုးသားလေကြောင်းလိုင်း ပျံသန်းမှု ဇူလိုင်လကုန်အထိ ဖျက်သိမ်း

**ဆစ်ဒနီ　မေ　၆**

ဩစတြေးလျအမျိုးသားလေကြောင်းလိုင်း ကွန်တက်စ်က ၎င်း၏ နိုင်ငံတကာလေကြောင်းလိုင်းပျံသန်းခြင်းဆိုင်ရာ ဖျက်သိမ်းမှုကို ဇူလိုင်လကုန်အထိ တိုးမြှင့်လိုက်ကြောင်းနှင့် ကိုဗစ် – ၁၉ ကြောင့် ထိခိုက်ပျက်စီးမှုများကို တောင့်ခံလျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၆ ရက်က ဖော်ပြလိုက်သည်။

ဩစတြေးလျအမျိုးသားလေကြောင်းလိုင်းက ပြည်တွင်းလေကြောင်းလိုင်းပျံသန်းပြေးဆွဲမှုများကို ဇွန်လကုန်အထိဖျက်သိမ်းထားကြောင်းနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ဝန်ဆောင်မှုများကို ဇူလိုင်လအကုန်အထိ ဖျက်သိမ်းထားကြောင်း ပြောကြားလိုက်သည်။

ဩစတြေးလျနိုင်ငံသည် ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သောကြောင့် ယခုအခါတွင် ကိုဗစ် – ၁၉ ကူးစက်ပြန့်ပွားမှုနှုန်းကျဆင်းလာကြောင်း သိရသည်။ ကနဦးတွင် ပြည်တွင်းလေကြောင်းလိုင်း ပြေးဆွဲပျံသန်းမှုများကို ပထမပိုင်းတွေးထားသည့်အချိန်ထက်စောပြီး ဖွင့်လှစ်ရန် လျာထားသော်လည်း ကိုဗစ် – ၁၉ ဒုတိယလှိုင်းသည် အချိန်မရွေးပြန်လည်ဖြစ်ပေါ်လာနိုင်သောကြောင့် ယခုလို စဉ်းစားလိုက်ခြင်းဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် အလန်ဂျိုင်စီက ပြောကြားလိုက်သည်။

အဆိုပါလေကြောင်းလိုင်းကုမ္ပဏီသည် ကိုဗစ်–၁၉ ရိုက်ခတ်မှုကိုခံနိုင်ရန် လတ်တလောတွင် ဩစတြေးလျဒေါ်လာသန်း ၅၅၀ အကြွေးတင်လျက်ရှိသကဲ့သို့ နိုင်ငံတကာခရီးသွားလိုအပ်ချက်ကိုဖြည့်စွမ်းရန် အချိန်ကာလတစ်ခုအထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကပ်ရောဂါဘေးကိုသာမက ဆာလောင်မှုဘေးကိုပါ စိုးရိမ်နေရတဲ့ ဟေတီ

ခြူးစန္ဒီနွေး

**ကိုဗစ် –၁၉ ဗိုင်းရပ်စ် ဟေတီနိုင်ငံမှာ စတင်ဖြစ်ပွားစဉ်အခါကဆိုရင် ဟေတီအာဏာပိုင်တွေရော၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကျွမ်းကျင်သူတွေပါ စိုးရိမ်ထိတ်လန့်ခဲ့ရပါတယ်။ အားနည်းလှတဲ့ တိုင်းပြည်ရဲ့ ကျန်းမာရေးစနစ်ဟာ ကိုဗစ် –၁၉ ကပ်ရောဂါဆိုးကြီးကို တောင့်ခံနိုင်ပါ့မလားဆိုပြီး တွေးပူခဲ့ကြပါတယ်။**

## စီးပွားပျက်ကပ်ကို ပိုစိုးရိမ်ရ

ဒါပေမယ့်လည်း လက်ရှိအခြေအနေမှာတော့ ကပ်ရောဂါဆိုးကို ကြောက်ရတာထက် ကပ်ရောဂါရဲ့ နောက်ဆက်တွဲဖြစ်စဉ်ဖြစ်တဲ့ စီးပွားရေးပျက်စီးမှုကို ပိုပြီးကြောက်ရွံ့နေရပါတယ်။ မေ ၂ ရက်တုန်းကဆိုရင် ဟေတီနိုင်ငံမှာ ကိုဗစ် –၁၉ ကူးစက်ခံရတဲ့သူ အရေအတွက်ဟာ သိပ်မများသေးပါဘူး။ ဟေတီနိုင်ငံမှာတော့ ဒီကပ်ရောဂါဟာ အစပြုတဲ့အဆင့်မှာပဲ ရှိပါသေးတယ်၊ စီးပွားရေးအခြေအနေမကောင်းဘဲ ဆင်းရဲလှတဲ့ နိုင်ငံတွေမှာတော့ မိမိနေအိမ်မှာပဲနေဖို့၊ လူအချင်းချင်းခပ်ခွာခွာနေဖို့ဆိုတာဟာ လက်လှမ်းမမီတဲ့ ဇိမ်ခံပစ္စည်းလို ဖြစ်နေပါတယ်။

## နှာခေါင်းစည်းတပ်ဆင်ရမယ်

ဟေတီနိုင်ငံဟာ အမေရိကတိုက်ရဲ့ အဆင်းရဲဆုံးနိုင်ငံဖြစ်ပြီး ဟေတီအစိုးရဟာ ဗိုင်းရပ်စ်ကူးစက်ခံရမှုမပျံ့နှံ့ရေးအတွက် စည်းကမ်းတင်းကျပ်မှုတွေ စတင်လုပ်ဆောင်ခဲ့ပါတယ်။ မေ ၁၁ ရက်ကစလို့ ပြည်သူတွေဟာ အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေကို သွားတဲ့အခါမှာ မဖြစ်မနေနှာခေါင်းစည်းတပ်ဆင်ရမှာပဲ ဖြစ်ပါတယ်။ နှာခေါင်းစည်းကိစ္စကို အသာထားလိုက်ပါဦး၊ ဟေတီနိုင်ငံမှာတော့ လူအများကြားမှာ ပျံ့နှံ့နေတဲ့မေးခွန်းကတော့ ကိုဗစ် – ၁၉ ကူးစက်ခံရလို့ မနက်ဖြန်သေမလား၊ အစာငတ်လို့ ဒီနေ့ပဲသေမလားဆိုတာပါပဲ။

## တစ်ပူပေါ် နှစ်ပူဆင့်

မတ် ၁၉ ရက်က ဟေတီနိုင်ငံရဲ့ ကမ်းခြေတွေမှာ ကိုဗစ် –၁၉ ကို စတင်တွေ့နေရပြီလို့ ကြေညာခဲ့တဲ့နောက် ဈေးဝယ်သူတွေဟာ ကြောက်လန့်တကြား ဈေးဝယ်ကြပါတယ်။ ဆန်ဈေးနှုန်းကလည်း ၂၀၁၉ ခုနှစ်ကနဲ့ ယှဉ်လျှင် နှစ်ဆမြင့်တက်သွားပါတယ်။ မတ်လအတွင်းကစပြီး ငွေကြေးဖောင်းပွမှုနှုန်းကလည်း မြင့်တက်လာပါတယ်။ ကိုဗစ် –၁၉ နဲ့ ဆက်စပ်ပြီးဈေးနှုန်းကြီးမြင့်မှုတွေဖြစ်ပေါ်လာပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်ကတည်းကစပြီး စီးပွားရေးကျဆင်းနေတဲ့ ဟေတီနိုင်ငံအတွက် ဒီအချက်ဟာ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလိုပါပဲ။ ဒီလိုမျိုး အခြေအနေရှုပ်ထွေးမှုတွေကြားထဲမှာ ဟေတီနိုင်ငံရဲ့ ဂျီဒီပီဟာ လေးရာခိုင်နှုန်းကျဆင်းသွားမယ်လို့ မျှော်လင့်ထားကြောင်း ဟေတီနိုင်ငံရဲ့ ဝန်ကြီးချုပ်က ပြောပါတယ်။

## လက်ပိုက်ကြည့်နေရ

ယခုနှစ်အတွင်း အွန်လိုင်းကနေတစ်ဆင့်ပြုလုပ်တဲ့ ဘဏ္ဍာရေးဆွေးနွေးပွဲမှာ အခုလိုပြောကြားခဲ့တာပဲ ဖြစ်ပါတယ်။ ဟေတီနိုင်ငံသားထက်ဝက်ခန့်နီးပါးရဲ့အလုပ်အကိုင်ဟာ စိုက်ပျိုးရေးပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း စိုက်ပျိုးရေးဟာ တိုင်းပြည်ဂျီဒီပီရဲ့ ၂၁ ရာခိုင်နှုန်းကိုသာ ကိုယ်စားပြုပါတယ်လို့ ဟေတီနိုင်ငံရဲ့ စီးပွားရေးပညာရှင် အစ်ဇာ အီမလီကပြောပါတယ်။ လယ်မြေအနည်းငယ်သာ ပိုင်ဆိုင်ထားတဲ့ ဆင်းရဲသားအလုပ်သမားတွေဟာ ဒီနှစ်ကောက်ရိတ်သိမ်းချိန်မှာ ဈေးကွက်ယိမ်းယိုင်သွားတာကို ဒီအတိုင်းပဲ လက်ပိုက်ကြည့်နေရတယ်။ နောက်နှစ် စိုက်ပျိုးရေးရာသီအတွက် ပြင်ဆင်မှုတွေ ပြုလုပ်ဖို့ ပိုပြီးခဲယဉ်းလာမယ့်အခြေအနေ ရှိပါတယ်။

## ကုလသမဂ္ဂက သတိပေး

အထူးသဖြင့် ဒေသတွင်းမိုးခေါင်မှုတွေကြောင့် သီးနှံဖြစ်ထွန်းမှု အတွက် စိုးရိမ်နေရပါတယ်။ ကိုဗစ် –၁၉ ကပ်ရောဂါက ကမ္ဘာ့နိုင်ငံတွေရဲ့ စီးပွားရေးကို မဖျက်ဆီးပစ်ခင်ကတည်းက ဟေတီနိုင်ငံရဲ့ စီးပွားရေးဟာ အခြေအနေမကောင်းလှပါဘူး။ အဲဒီအချိန်ကတည်းက ဟေတီနိုင်ငံသား ၄၀ ရာခိုင်နှုန်းဟာ ၂၀၂၀ ပြည့်နှစ်ရောက်ရင် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ လိုအပ်လာလိမ့်မယ်လို့ ကုလသမဂ္ဂက သတိပေးခဲ့ပါတယ်။




စူပါမားကတ်တွင်ဈေးဝယ်နေသည့် ဟေတီနိုင်ငံသားတစ်ဦးကိုတွေ့ရစဉ်။

## ပြည်ပသို့သွားရောက်လုပ်ကိုင်

မတ်လလောက်ကစပြီး ဟေတီနိုင်ငံသား သုံးသန်းနီးပါးဟာ အစားအစာမလုံလောက်မှုပြဿနာနဲ့ ရင်ဆိုင်ကြုံတွေ့ရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဟေတီနိုင်ငံသားအများစုဟာ အခြားသောပြည်ပနိုင်ငံတွေဆီသွားကာ အလုပ်လုပ်ကိုင်ရပါတယ်။ အဲဒီနောက် နိုင်ငံဆီကို ပိုက်ဆံတွေပြန်ပို့ကြပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေးကျဆင်းမှုကတော့ အရင်အတိုင်းပါပဲ။ နိုင်ငံရပ်ခြားမှာ နေထိုင်တဲ့ ဟေတီနိုင်ငံသားတွေဟာ တစ်နှစ်မှာ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော် တိုင်းပြည်အတွင်းကို ပိုက်ဆံပြန်လွှဲကြပါတယ်။ အဲဒီငွေကြေးပမာဏဟာ တိုင်းပြည်ဂျီဒီပီရဲ့ သုံးပုံ တစ်ပုံနီးပါးရှိတယ်လို့ တရားဝင်စာရင်းဇယားတွေအရ သိရပါတယ်။

## နိုင်ငံခြားပြန်ပို့ငွေပေါ် မှီခိုရ

ဟေတီနိုင်ငံသားတွေဟာ အစားအသောက်ဝယ်ယူဖို့နဲ့ ပညာရေးကအစ နောက်ဆုံး အသုဘအခမ်းအနားကျင်းပရင်တောင် နိုင်ငံရပ်ခြားက ပြန်ပို့တဲ့ငွေတွေအပေါ်မှာပဲ မှီခိုနေရတယ်လို့ ဟေတီစီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ ကက်ရှာဖာရယ်က ပြောပါတယ်။ ဟေတီနိုင်ငံသားတွေ အဓိကသွားရောက်အလုပ်လုပ်ကိုင်တဲ့နိုင်ငံကတော့ အမေရိကန်ပါ။ အမေရိကန်နိုင်ငံဟာလက်ရှိအခြေအနေမှာ ကိုဗစ် –၁၉ ကူးစက်မှုကို အဆိုးရွားဆုံးခံစားနေရပါတယ်။ မေ ၆ ရက်အထိ အမေရိကန်မှာ ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၇၂၈၀၄၇ ဦးရှိပြီး လူပေါင်း ၂၅၈၃၅၆ ဦး သေဆုံးခဲ့ပြီးပါပြီ။ ပြန်လည်ကျန်းမာလာသူအရေအတွက်ကတော့ ၁၂၄၂၅၀၀ ရှိပါတယ်။

## အိမ်ကိုပိုက်ဆံပြန်မပို့နိုင်

အမေရိကန်နိုင်ငံအတွင်းမှာလည်း ကပ်ရောဂါကြောင့် အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ခဲ့ရပါတယ်။ ဒါကြောင့်လည်း အမေရိကန်နိုင်ငံအတွင်းမှာ အလုပ်လက်မဲ့ဦးရေ အဆမတန်မြင့်တက်လာပါတယ်။ ဒါကြောင့် အမေရိကန်မှာ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ ဟေတီနိုင်ငံသားတွေဟာ အိမ်ကိုပိုက်ဆံပြန်ပို့ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ဟေတီနိုင်ငံမှာ မကြာမီလများအတွင်း ဘဏ္ဍာရေးဆိုင်ရာ အကူအညီရမယ်လို့ စီးပွားရေးနှင့်ဘဏ္ဍာရေး ဝန်ကြီးက ခန့်မှန်းထားပါတယ်။ အမေရိကန်နိုင်ငံရဲ့စီးပွားရေးဟာ ကပ်ရောဂါကြောင့် ထိခိုက်ခံစားနေတဲ့အချိန်မှာ ဟေတီနိုင်ငံသားတွေကလည်း အဆုတ်ရောင်ရောဂါကို ခံစားနေရပါတယ်။

## ကူးစက်ခံရသူ တစ်ရှိန်ထိုးမြင့်တက်

အမေရိကန်မှာ အလုပ်အကိုင်သန်းနဲ့ချီပြီး ဆုံးရှုံးနေရမှုကြောင့် ဟေတီနိုင်ငံအတွင်း ဆင်းရဲမှုကို ပိုမိုဆိုးရွားသွားလိမ့်မယ်လို့ စီးပွားရေးပညာရှင်တစ်ဦးဖြစ်တဲ့ ဖာရယ်က ပြောပါတယ်။ မေ ၆ ရက်ရောက်တဲ့အခါမှာတော့ ဟေတီနိုင်ငံရဲ့ ကိုဗစ် –၁၉ ကူးစက်ခံရမှုနှုန်းဟာ တစ်ရှိန်ထိုးမြင့်တက်သွားပါပြီ။ ကူးစက်ခံရသူပေါင်း ၁၀၁ ဦးရှိကာ ၁၂ ဦးသေဆုံးခဲ့ရပါတယ်။ ပြန်လည်ကျန်းမာလာသူအရေအတွက်ကတော့ ၁၀ ဦး ရှိပါတယ်။ အမေရိကန်နိုင်ငံအပြင် ဟေတီနိုင်ငံသားတွေသွားရောက်လုပ်ကိုင်တဲ့ နိုင်ငံကတော့ ဒိုမီနီကန်နိုင်ငံပါပဲ။ ဒိုမီနီကန်နိုင်ငံမှာလည်း ကိုဗစ် –၁၉ ကူးစက်ခံရသူ အရေအတွက်ဟာ မြင့်တက်လို့နေပါတယ်။ အဲဒီနိုင်ငံက ပြန်လာကြမယ့် ဟေတီနိုင်ငံသားတွေမှာလည်း ရောဂါပိုး ပါလာနိုင်ပါတယ်။

## အတော်လေးရုန်းကန်ရ

ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံတွေမှာတောင် ကိုဗစ် – ၁၉ နဲ့ ပတ်သက်လာရင် အလူးအလဲခံစားနေရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ စီးပွားရေးအရရော၊ ကျန်းမာရေးစနစ်ပါအားနည်းနေတဲ့ ဟေတီလိုနိုင်ငံမျိုးအတွက်ကတော့ ဒီအခြေအနေကို တောင့်ခံနိုင်ဖို့ တော်တော်လေးရုန်းကန်ရမှာပါပဲ။

**ကိုးကား –အေအက်ဖ်ပီ**

---

**နိုင်ငံတကာသတင်းတိုထွာ**

## လာအို၌ ၂၄ ရက်ကြာသည်အထိ ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ မရှိ

**ဗီယန်ကျင်း မေ ၆**

လာအိုနိုင်ငံ၌ ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ပေါ်ထွက်လာခြင်းမရှိသည်မှာ ၂၄ ရက်ကြာမြင့်သွားပြီဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ရောဂါကူးစက်ဖြစ်ပွားမှုအရေအတွက်သည် ၁၉ ဦးတွင် ရပ်တန့်နေပြီး ထပ်မံတိုးပွားလာခြင်းမရှိပေ။

လာအိုဒုတိယကျန်းမာရေးဝန်ကြီး ပူသုန်မြောင်ပတ်က လာအိုတစ်နိုင်ငံလုံး၌ ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၁၉ ဦးရှိခဲ့ပြီး ထပ်မံကူးစက်ခံရသူမရှိခဲ့ကြောင်း မေ ၆ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

လက်ရှိတွင် သံသယလူနာပေါင်း ၆၀၈ ဦးကို နိုင်ငံတစ်ဝန်းရှိ တည်နေရာပေါင်း ၆၀၈ ခုတို့တွင် ကန့်သတ်စောင့်ကြည့်မှုဆောင်ရွက်လျက်ရှိကြောင်း ကိုဗစ်–၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းဆောင်ရွက်မှုကော်မတီက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## မြောက်ကိုရီးယားက တိုက်ချင်းပစ်ဒုံးကျည်တပ်ဆင်သည့် အဆောက်အအုံတစ်ခုကို တည်ဆောက်နေခြင်းဖြစ်နိုင်ကြောင်း အမေရိကန်ပြော

**ဝါရှင်တန် မေ ၆**

မြောက်ကိုရီးယားသည် မြို့တော်ပြုံယမ်းအနီး၌ တိုက်ချင်းပစ်ဒုံးကျည်တပ်ဆင်ရေးအတွက် အသုံးပြုနိုင်မည့် အဆောက်အအုံတစ်ခုကို တည်ဆောက်နေဟန်ရှိကြောင်း အမေရိကန်ရှိ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကြံပေးအဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။

ပြုံယမ်း နိုင်ငံတကာလေဆိပ်အနီးရှိဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို အသေးစိတ်လေ့လာမှုလုပ်ဆောင်ထားသည့်ရလဒ်ကို မဟာဗျူဟာနှင့် နိုင်ငံတကာဆိုင်ရာ လေ့လာမှုစင်တာက မေ ၅ ရက်တွင် ပုံနှိပ်ဖော်ပြခဲ့ကြောင်း သိရသည်။

ဖော်ပြထားသည့်ရုပ်ပုံများတွင် အဆောက်အအုံသစ်သုံးလုံးကို ပြသထားပြီး အကြီးဆုံးအဆောက်အအုံမှာ အကျယ်မီတာ ၁၂၀ နှင့် အနက် မီတာ ၄၀ ရှိကြောင်း သိရသည်။

အဆောက်အအုံများအနက်တစ်လုံးမှာ တိုက်ချင်းပစ်ဒုံးကျည်ထားရှိရန် ဖြစ်ဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၆-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်စစ်ဆေးပြီးစီးခဲ့သော စောင့်ကြည့်လူနာများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲနမူနာ (၉၄) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၇၂) ခုနှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) နေပြည်တော်မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၆) ခု၊ စုစုပေါင်း (၃၂၂) ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁၆၁)ဦးရှိပြီ ဖြစ်ပါသည်။

၃။ ထိုသို့စစ်ဆေးမှုများတွင် (၆-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၅၀)ဦးရှိပြီ ဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၅-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၆-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၁)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၆-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ (ပထမအသုတ်) | (၉၄) ခု |
| (၆-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၂) ခု |
| (၆-၅-၂၀၂၀) ရက်နေ့တွင် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) နေပြည်တော်မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## ကျောက်ဆည်ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါကုသရေးလုပ်ငန်းများတွင် သုံးစွဲရန်အတွက် အဝေးထိန်းချုပ်ထရော်လီစက် လေးလုံးလှူဒါန်း

ကျောက်ဆည် မေ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် မေ ၆ ရက် မွန်းလွဲ ၁ နာရီက ကိုဗစ်–၁၉ ရောဂါ ကုသရေးလုပ်ငန်းများတွင် သုံးစွဲရန်အတွက် အဝေးထိန်းချုပ် ထရော်လီစက် လေးလုံးကို ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ် နည်းပညာသိပ္ပံဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများက ပေးအပ်လှူဒါန်းသည်။




အဝေးထိန်းချုပ်ထရော်လီစက် လေးလုံးကို ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်ထိုက်ထိုက်လွင်နှင့် နည်းပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီး ဒေါက်တာလှစိုးတို့က ပေးအပ်လှူဒါန်းရာ ကျောက်ဆည်ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်က လက်ခံယူခဲ့ပြီး ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

"ယခုလှူဒါန်းပေးသော အဝေးထိန်းချုပ် ထရော်လီစက်သည် တစ်လုံးလျှင် ငွေကျပ် ၃၅၃၂၀၀ တန်ဖိုးရှိပြီး စောင့်ကြည့်လူနာများကို အစားအသောက်ပေးပို့ခြင်း၊ ဆေးဝါးများပေးပို့ခြင်း၊ ထရော်လီစက်တွင် တပ်ဆင်ထားသော CCTV စကားပြောစက်မှတစ်ဆင့် လူနာများနှင့် အပြန်အလှန် စကားပြောနိုင်ခြင်းများ ဆောင်ရွက်နိုင်ပြီး လူနာများနှင့် ထိတွေ့မှုနှင့် ရောဂါကာကွယ်ရေး ဝတ်စုံများသုံးစွဲမှု လျှော့ချနိုင်ခြင်း အကျိုးကျေးဇူးများစွာ ရရှိကြောင်း" ဟု ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်က ပြောသည်။

တင်တင်ထွေး(ပြန်/ဆက်)

## COVID-19 ရောဂါပိုးတွေ့ရှိခဲ့သော စစ်သည်နှင့် ထိတွေ့မှုရှိသူ ၅၆ ဦးအား စစ်ဆေးခဲ့ရာ ရောဂါပိုး မတွေ့ရှိ

နေပြည်တော် မေ ၆

နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော စစ်သည် တစ်ဦးတွင် ဓာတ်ခွဲအတည်ပြုချက်အရ COVID–19 ရောဂါပိုးတွေ့ရှိခဲ့ကြောင်း သတင်းနှင့် အဆိုပါစစ်သည်နှင့် ဆက်စပ်ထိတွေ့ခဲ့သူများအနက် ၃၆၃ ဦးကို လိုအပ်သည့် အသွားအလာ ကန့်သတ်စောင့်ကြည့်မှုများ ဆောင်ရွက်ပြီး နေပြည်တော် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)ရှိ COBAS 6800 ရောဂါရှာဖွေစက်ဖြင့် စစ်ဆေးခဲ့ရာ ရောဂါပိုးတွေ့ရှိမှု မရှိ(မရှိ)ကြောင်း သတင်းအား မေ ၄ ရက်နှင့် ၅ ရက်တို့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် အဆိုပါစစ်သည်နှင့် လုပ်ငန်းဆက်စပ်ဆောင်ရွက်ခဲ့သူ ၅၆ ဦးကို လိုအပ်သည့် အသွားအလာကန့်သတ် စောင့်ကြည့်မှုများ ဆောင်ရွက်ပြီး ယနေ့တွင် နေပြည်တော် ရှိ COBAS 6800 ရောဂါရှာဖွေစက်ဖြင့် စစ်ဆေးခဲ့ရာ ရောဂါပိုးတွေ့ရှိမှု မရှိ(မရှိ)ကြောင်း။

COVID–19 ရောဂါပိုးတွေ့ရှိခဲ့သည့် စစ်သည်အား နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူစေလျက်ရှိပြီး ၎င်း၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း၊ ကျန်းမာရေးစစ်ဆေးပြီး ရောဂါပိုးမတွေ့ရှိသူများအားလည်း COVID–19 ရောဂါနှင့်ပတ်သက်၍ သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း အသွားအလာကန့်သတ် သီးသန့်စောင့်ကြည့်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## လွိုင်လင်မြို့နယ် ပင်လုံမြို့ရှိ ကန့်သတ်စောင့်ကြည့်ခံ ပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများလှူဒါန်း

ပင်လုံ မေ ၆

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့သို့ ယနေ့ မွန်းလွဲ ၁ နာရီက တရုတ်နိုင်ငံမှ ပင်လုံမြို့သို့ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန် ပြည်သူ ၁၀၆ ဦးအား ကန့်သတ်စောင့်ကြည့်ထားသည့် ပင်လုံတက္ကသိုလ် ဘော်ဒါဆောင်နှင့် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ) ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပြည်နယ် အလုပ်သမားရေးရာ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်၊ ပါရမီ ဖွံ့ဖြိုးရေးကွန်ရက်တို့ စုပေါင်း၍ နေရပ်ပြန် ၁၀၆ ဦးတို့အတွက် စားသောက်ဖွယ်ရာနှင့် တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများ လာရောက်လှူဒါန်းခဲ့သည်။ (ယာပုံ)

လှူဒါန်းသည့်ပစ္စည်းများမှာ ဆန် ၃၂ အိတ်၊ ကြက်ဥ အလုံး ၁၀၀၀ ၊ မုန့်လာပန်းပွင့် ၁၀၀၊ မုန်လာထုပ် ၆၆ ပွင့်၊ ပဲသီး ၂၅ ပိဿာ၊ ကြက်သွန်နီ ပိဿာ ၈၀၊ ခရမ်းသီး ၁၈ ပိဿာ၊ ငါးခြောက် ငါးပိဿာ၊ ငရုတ်သီးမှုန့် နှစ်ပိဿာ၊ ငါးမုန့်ကြော် ငါးပိဿာ၊ အာလူး ပိဿာ ၁၀၀၊ ခရမ်းချဉ်သီး ပိဿာ ၁၅၀၊ စိမ်းစားငါးပိ နှစ်ပိဿာ၊ ငါးတံခွန် လေးပိဿာ၊ ငါးရံ့ခြောက် လေးပိဿာ၊ ငရုတ်သီးတောင့် ၂ ဒသမ ၅ ပိဿာတို့ဖြစ်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေးနှင့် အလုပ်သမားရေးရာ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်တို့က သတ်မှတ်စောင့်ကြည့်ရေးစခန်း၌ ၂၁ ရက်ပြည့်မီအောင် နေထိုင်သွားကြရန်နှင့် သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

နန်းမြင့်မြင့်ဆွေ(ပြန်/ဆက်)



# ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ဆက်လက်လက်ခံ

**နေပြည်တော် မေ ၆**

ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတို့၌ လက်ခံ၍ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးခဲ့ရာ မေ ၅ ရက်တွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ခြောက်ဦး၊ နယ်စပ်ဒေသမြို့များဖြစ်သည့် မူဆယ်မြို့၊ လောက်ကိုင်မြို့၊ လွယ်ဂျယ်မြို့၊ မြဝတီမြို့နှင့် ကျိုင်းတုံမြို့တို့မှ ရောက်ရှိလာသူ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ငါးဦးရောက်ရှိခဲ့ပြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦး၊ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား လေးဦးနှင့် နယ်စပ်ဒေသမြို့ဖြစ်သည့် လောက်ကိုင်မြို့ ပြန်လည်ရောက်ရှိလာသူ အမျိုးသား တစ်ဦး ထပ်မံရောက်ရှိလာကြောင်း။

မေ ၅ ရက်တွင် လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ကိုဗစ် – ၁၉ ရောဂါ နှင့် ပတ်သက်၍ စောင့်ကြည့်ထားသူများအနက်မှ တစ်ဦးမှာ အစာအိမ်ရောဂါကြောင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးခဲ့ကြောင်း။

ထို့ပြင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ကိုဗစ် –၁၉ ရောဂါနှင့် ပတ်သက်၍ စောင့်ကြည့်ထားသူများအနက်မှ ၂၁ ရက် ပြည့်မြောက်သည့် စောင့်ကြပ်ကြည့်ရှုထားသူ ရှစ်ဦးနှင့် လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ၂၁ ရက် ပြည့်မြောက်သည့် စောင့်ကြပ်ကြည့်ရှုထားသူ တစ်ဦးတို့ကို ကျန်းမာရေးဦးစီးဌာနနှင့် စောင့်ကြပ်ကြည့်ရှုရေးစခန်းတို့မှ Quarantine စောင့်ကြည့် ၂၁ ရက်ပြည့်ပြီးကြောင်း လက်မှတ်များနှင့် ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန်စာရွက်စာတမ်းများကို တာဝန်ရှိသူများက ပေးအပ်ပြီး သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ တပ်မတော်က စီစဉ်ပေးသည့် မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း။

မေ ၅ ရက် ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စုစုပေါင်း ပြည်သူ ၂၉၅ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စုစုပေါင်းပြည်သူ ၁၂၃ ဦးတို့ကို လက်ခံထားရှိပြီး အဆိုပါစောင့်ကြည့်လူနာများ အားလုံးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြဝတီနယ်စပ် အမှတ် (၂) ချစ်ကြည်ရေးတံတားပိတ်ချိန်မှ ရောက်ရှိလာသူ နေရပ်ပြန် ၂၃ ဦးအား မေ ၅ ရက်က လက်ခံခဲ့ပြီး မေ ၆ ရက်တွင် ပြန်လည်ဝင်ရောက်သူ မရှိ

**မြဝတီ မေ ၆**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ မေ ၅ ရက်က တံတားပိတ်ချိန်ဖြစ်သည့် ညနေ ၆ နာရီခွဲတွင် မြန်မာရွှေ့ပြောင်းအလုပ်သမား ၂၃ ဦး ပြန်လည်ဝင်ရောက်မှုကိုလက်ခံခဲ့ကြောင်း သိရပြီး ယနေ့တွင် ပြန်လည်ဝင်ရောက်သူ မရှိကြောင်း သိရသည်။

အဆိုပါတံတားကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားပြီး မေ ၅ ရက်က ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ပြည်နယ်အစိုးရအဖွဲ့သို့ အဆင့်ဆင့်တင်ပြပြီး လက်ခံပေးခဲ့ကြောင်း သိရသည်။

"မြန်မာသံအရာရှိနဲ့ ထိုင်းဘက်က အရာရှိတွေ ညှိနှိုင်းတာတွေရှိပါတယ်။ ဟိုဘက်က ခွင့်ပြုချက်မရလို့ စောင့်ဆိုင်းနေတာလည်းရှိတယ်၊ အခု ကျွန်တော်တို့ ပြန်ပြီးခွင့်ပြုချက်ရတဲ့အချိန်က ညနေ ၅ နာရီ ၄၅ မိနစ်လောက်ရှိပါပြီ။ တံတားပိတ်ချိန်နဲ့လည်း နီးနေပြီ၊ တံတားပိတ်ချိန်က ၆ နာရီ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒီမှာရှိတဲ့ ပြည်နယ်အစိုးရအဆင့်ဆင့်ကို ပြန်လည်တင်ပြပြီးတော့ ကိုယ်ရဲ့ မြန်မာနိုင်ငံသားတွေ ပြန်လည်ဝင်ရောက်လာနိုင်ဖို့ ဖွင့်ပေးတာ ဖြစ်ပါတယ်" ဟု ရွှေ့ပြောင်းလုပ်သားများ ပြန်လည်လက်ခံမှုနှင့် ပတ်သက်၍ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ပြောသည်။

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၅ ရက်အထိ ၁၈၂ ဦးရှိပြီး ယနေ့တွင် ပြန်လည်ဝင်ရောက်သူ မရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**






သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တက်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ညောင်ရွှေမြို့ မြို့လည်ရပ်ကွက်၌ ပိုးသတ်ဆေးဖျန်း

**ညောင်ရွှေ မေ ၆**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ညောင်ရွှေမြို့ မြို့လည်ရပ်ကွက်တွင် မေ ၆ ရက် မွန်းလွဲပိုင်းက ပိုးသတ်ဆေးဖျန်းယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ညောင်ရွှေမြို့နယ် ကိုဗစ်–၁၉ ရောဂါ စောင့်ကြည့်၊ စစ်ဆေး၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စေတနာ့ဝန်ထမ်း ပရဟိတလူငယ်များက မြို့လည်ရပ်ကွက်အတွင်းရှိ ရုံးကြီးလမ်း၊ လမ်းမတော်၊ စဝ်စံထွန်းလမ်း၊ ကျောင်းတော်အရှေ့လမ်း၊ ကျောင်းတော်အနောက်လမ်းနှင့် လမ်းသွယ်တို့တွင် ပိုးသတ်ဆေးဖျန်းယာဉ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေမျိုးသူရိန်**



# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မြောက်ဦးမြို့နယ်သို့ တရုတ်နိုင်ငံနယ်စပ်မှ ပြန်လည်ရောက်ရှိလာသူများအား သက်ဆိုင်ရာကျေးရွာအသီးသီးသို့ ပို့ဆောင်ပေးလျက်ရှိ

**မြောက်ဦး မေ ၆**

တရုတ်နိုင်ငံ နယ်စပ်မြို့များတွင် သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိရာမှ ယမန်နေ့က ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်သို့ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန် မြန်မာနိုင်ငံသား ၉၄ ဦးတို့ကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့မှ ၎င်းတို့သက်ဆိုင်ရာ ကျေးရွာအသီးသီးရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးနေရာများသို့ စနစ်တကျ စိစစ်ကြပ်မတ်ကာ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အဆိုပါနေရပ်ပြန်များကို မြို့အဝင်ဝနေရာတွင် သတ်မှတ်နေရာများမှ ကြိုဆိုကာ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်စေခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကိုဆောင်ရွက်ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှလည်း နေရပ်ပြန်များ၏ ရပ်ကွက်၊ ကျေးရွာများ အမှားအယွင်း မရှိစေရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စနစ်တကျ ကြပ်မတ်စစ်ဆေးပေးခြင်းများ အထူးဂရုပြု ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)** ထို့နောက် မြောက်ဦးမြို့နယ်ရှိ ကျေးရွာပေါင်း ၂၇ ရွာမှ နေရပ်ပြန် ၉၄ ဦးတို့ကို မိမိနေရာ ကျေးရွာများသို့ အခက်အခဲမရှိ အဆင်ပြေစွာ ရောက်ရှိစေဖို့အတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဆက်သွယ်ပြီး မော်တော်ယာဉ်များဖြင့် ခေါ်ဆောင်ကာ အသွားအလာ ကန့်သတ်စောင့်ကြည့်နေရာ စာသင်ကျောင်းများ၌ ထားရှိမည်ဖြစ်ကာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ စသည့် ပူးပေါင်းအဖွဲ့တို့မှ ၂၁ ရက်ကြာ စောင့်ကြည့်သွားမည် ဖြစ်သည်။

မြောက်ဦးမြို့တွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး ကူးစက်ပြန့်ပွားမှုများ မရှိစေရန်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ သတင်းထုတ်ပြန်ရေး အစရှိသည့်ကော်မတီများဖွဲ့ကာ ပြည်တွင်း၊ ပြည်ပမှ ပြန်လာသူများနှင့် ရောဂါဖြစ်ပွားသည့် မြို့နယ်များမှ ပြန်လာသူများကို အထူးစိစစ် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**






မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၆**

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထား ကြောင်း သိရသည်။

သတင်းစဉ်






## မန္တလေးမြို့တွင် တစ်လမ်းမောင်း လမ်းအချို့ကို နှစ်လမ်းမောင်းအဖြစ် ပြောင်းလဲသတ်မှတ်သွားမည်

**မန္တလေး မေ ၆**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အတွင်းရှိ တစ်လမ်းမောင်းသတ်မှတ်ထားသည့် လမ်းအချို့ကို မေ၉ ရက် နံနက် ၄ နာရီမှ စတင်၍ နှစ်လမ်းမောင်းအဖြစ် ပြောင်းလဲကာ စတင် မောင်းနှင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ထိုသို့ နှစ်လမ်းမောင်းအဖြစ် မောင်းနှင်ခွင့်ပြုမည့် လမ်းများမှာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းမှ ၃၅ လမ်းအတွင်းရှိ ၈၁ လမ်း၊ ၈၂ လမ်း၊၈၃ လမ်းနှင့် ၈၄ လမ်းတို့ဖြစ်ကြောင်း သိရသည်။ ၈၁ လမ်းသည် ၃၅ လမ်းမှ ၂၆ လမ်းအထိ တောင်မှမြောက်သို့လည်းကောင်း၊ ၈၂ လမ်းသည် ၂၆လမ်းမှ ၃၅ လမ်းအထိ မြောက်မှ တောင်သို့လည်းကောင်း၊ ၈၃လမ်းသည် ၃၅ လမ်းမှ ၂၆ လမ်းအထိ တောင်မှမြောက်သို့လည်းကောင်း၊ ၈၄လမ်းသည် ၂၆လမ်းမှ ၂၈ လမ်းထိ မြောက်မှတောင်သို့လည်းကောင်း မောင်းနှင်ခွင့်ပြုထားရာ မေ ၉ ရက်မှ စတင်၍ အဆိုပါ လမ်းများကို နှစ်လမ်းမောင်းအဖြစ် သွားလာမောင်းနှင်ခွင့်ပြုတော့မည်ဖြစ်သည်။



မန္တလေးမြို့တွင်းလမ်းပိုင်းတစ်နေရာ။

အဆိုပါ လမ်းများကို အသုံးပြုမောင်းနှင်ရာတွင် တောင်မြောက်လမ်းများကို အဓိကလမ်းများအဖြစ် သတ်မှတ်ပြီး အရှေ့၊ အနောက်လမ်းမှ ယာဉ်ကြောများက ဦးစားပေး သွားလာရမည်ဖြစ်ကာ နှစ်လမ်းမောင်းအဖြစ် သတ်မှတ်သည့်လမ်းများပေါ်တွင် ယာဉ်ရပ်နား ဆေးလိုင်းအတွင်း အလျားလိုက်ရပ်ရန်နှင့် ကန့်လန့်ရပ်ခြင်း၊ ယာဉ် နှစ်ထပ်ရပ်ခြင်း၊ ဆိုင်ခန်းများ တည်ခင်းရောင်းချခြင်း မပြုလုပ်ကြရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်းများ ပါဝင်ကြပ်မတ်သွားမည်ဖြစ်ကြောင်း၊ မေ ၁၅ရက်အထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးကာလအဖြစ် သတ်မှတ်ထားကာ ပညာပေးကာလပြီးဆုံးသည့် မေ ၁၆ ရက်မှ စတင်၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပြီး ၇၈လမ်းမှ လမ်း ၈၀ အထိ ၃၆ လမ်း၊ ၃၇ လမ်း၊ ၃၉ လမ်း၊ လမ်း ၄၀ တို့ကို တစ်လမ်းမောင်း အဖြစ် ဆက်လက်ထားရှိမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေး ကြေညာထားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အများပြည်သူ သွားလာမှု အဆင်ပြေချောမွေ့စေရေး အတွက် လမ်းများခင်းကျင်း၊ ပြုပြင်၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းဘေးဝဲယာရှိ ကျူးကျော်များ၊ စည်းကမ်းမဲ့ယာဉ်များကို အသိပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်း လုပ်ငန်းများအား အဆင့်ဆင့် ဆောင်ရွက်လျက်ရှိရာ ယခုလမ်းများအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများ ပြုလုပ်ပြီးစီး၍ နှစ်လမ်းမောင်းအဖြစ် ပြန်လည်အသုံးပြုခွင့် သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ကာလအတွင်း တွံတေးမြို့နယ်၌ ဆန်စျေးကွက်တည်ငြိမ်

**တွံတေး မေ ၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးကာလအတွင်း ဆန်စျေးကွက်တည်ငြိမ်မှု ရှိ၊ မရှိ သိရှိနိုင်ရေး မြို့နယ်အတွင်းရှိ ဆန်ကုန်သည်လုပ်ငန်းပွဲရုံများသို့ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။



ဆန်ပွဲရုံလုပ်ငန်းရှင်များကလည်း ကိုဗစ်-၁၉ မတိုင်ခင်ကာလ ဆန်စျေးနှုန်းသည် နွေစပါးဆန်သစ် တစ်အိတ်ကို ငွေကျပ် ၂၄၀၀၀ မှ ၂၅၀၀၀ ရှိပြီး ယမန်နှစ်က မနောသုခကဆန်ဟောင်းတစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀ ဖြစ်ကာ ကိုဗစ် - ၁၉ မတိုင်ခင် ၁၀ ရက်၊ ၁၅ ရက်အလိုခန့်က တစ်နေ့ဆန်အိတ် ၃၀၀ မှ ၄၀၀ အထိရောင်းရပြီး ဆန်စျေးကိုစျေးကစားခြင်းမရှိဘဲ စားသုံးသူများကို ပေါက်စျေးအတိုင်းသာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာလအတွင်း အရောင်းအဝယ်အေးသွားကြောင်း၊ ပြည်သူများက ဆန်စျေးတက်မည်စိုးသဖြင့် လာရောက်ဝယ်ယူခြင်းဖြစ်သော်လည်း တွံတေးမြို့နယ်အတွင်းရှိ ဆန်ပွဲရုံများမှစျေးမကစားဘဲ ပြည်သူကို ရောင်းချပေးခဲ့ကြောင်း၊ လက်ရှိအချိန်၌ ဆန်ရောင်းဝယ်အားမှာ ငါးပုံလေးပုံခန့်လျော့နည်းခဲ့ပြီး တစ်နေ့လျှင် ဆန် ၁၅ အိတ်မှအိတ် ၂၀ သာ ရောင်းရတော့ကြောင်း သိရသည်။

ပွဲရုံများမှ တောင်သူများထံ ဝယ်စျေးမှာ ကိုဗစ်-၁၉ ကာလတွင် ဆန်စျေးနည်းနည်းတက်သွားပြီး ဆန်တစ်အိတ်ကို ငွေကျပ် ၁၀၀၀ - ၁၅၀၀ ပိုပေးခဲ့ရကြောင်း တောင်သူများ စပါးအထွက်လျော့ပြီး သွင်းအားစုအတွက် ကုန်ကျစရိတ်များခဲ့သဖြင့် စျေးတက်ရခြင်းဖြစ်ကြောင်း မင်းသီဟဆန်ပွဲရုံပိုင်ရှင် ဦးမောင်မောင်မြင့်က ပြောသည်။

**မျိုးလှိုင်(တွံတေး)**

## ယနေ့စျေးကွက်ပေါက်စျေးများ

၆-၅-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | | လက်လီစျေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၀/၄၅၅ | ကျပ် | ၄၄၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၀/၄၆၅ | ကျပ် | ၄၅၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၁၀ | ကျပ် | ၃၃၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၂၀/၄၄၅ | ကျပ် | ၄၈၅/၅၀၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၆ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၁၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၅ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၅ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၇ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၉၆ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၁၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၂၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၀၉၈ |

(ဗဟိုဘဏ်ပေါက်စျေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၁၀၀၀၀ | ၄၁၀၀ | ၄၀၅၀၂၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၉၁၄၂ | ၃၄၇၉၁၅၅၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၃၀၀၀ | ၈၄၅ | ၁၉၄၃၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄ | ၁၁၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

## နတ်မောက်မြို့နယ်ရှိ ကျေးရွာ ၁၀ ရွာတွင် One State One Township စီမံချက် လုပ်ဆောင်မည်

**နတ်မောက် မေ ၆**

ကျေးလက်ဒေသများရှိ စီမံအုပ်ချုပ်ရေး၊ သတင်းအချက်အလက်ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ ကျန်းမာရေးနှင့် စီးပွားရေးတို့ကို ICT(Information and Communication Technology) ဖြင့် ပံ့ပိုးပေးရန် ရည်ရွယ်၍ One State One Township စီမံချက်ကို နတ်မောက်မြို့နယ်တွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

နတ်မောက်မြို့နယ်အတွင်းမှ ကျေးရွာ ၁၀ ရွာကို ရှေ့ပြေးရွာအဖြစ် ရွေးချယ်ဆောင်ရွက်မည့် အဆိုပါ စီမံချက်ကို ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေများထဲမှ ငွေကျပ်သန်းတစ်ထောင် လျာထားသုံးစွဲမည်ဖြစ်သည်။

ယင်းစီမံချက်ကို ဆောင်ရွက်ခြင်းကြောင့် ဝန်ထမ်းအင်အား လျှော့ချနိုင်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ ပြည်သူများအား အွန်လိုင်းမှ ဝန်ဆောင်မှုများ အလွယ်တကူပေးလာနိုင်ခြင်းဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောသည်။ စီမံချက်၏အကျိုးကျေးဇူးများအဖြစ် အစိုးရနှင့် ပြည်သူများအကြား၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအကြား၊ အစိုးရဌာန အချင်းချင်းကြား အွန်လိုင်းအခြေခံကာ လုပ်ငန်းများထိရောက်မြန်ဆန်စွာ လုပ်ကိုင်နိုင်မည့်အပြင် ကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ဝေါမြို့၌ ကိုဗစ် - ၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ဝေါ မေ ၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ ပြည်သူ့စာကြည့်တိုက်နှင့် မြန်မာ့စီးပွားရေးဘဏ်ရုံးတို့အား မြို့နယ်မီးသတ် ဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်း တပ်ဖွဲ့မှူး ဦးကျင်စိုးနှင့်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နေ့စဉ်လူဝင်လူထွက်များသည့်နေရာများနှင့် ထိုင်ခုံများ၊ နံရံကပ်ပြခန်းများနှင့်ရုံးဝင်းအတွင်း နေရာများကို ပိုးသတ်ဆေးဖျန်းပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**


**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ လွှဲပြောင်းပို့ဆောင်ပေးခဲ့သော နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမား ၁၅၇၉ ဦးရှိ

**ချင်းရွှေဟော် မေ ၆**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများသည် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိသည်။

ဝင်ရောက်လာသော နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားများကို ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီအဖွဲ့မှ ချင်းရွှေဟော်နယ်စပ်ဂိတ်ပေါက်တွင် ကိုယ်ပူချိန်တိုင်းတာခြင်း၊ ရောဂါလက္ခဏာ ရှိ/မရှိ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်း၊ နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေပေးခြင်း၊ ရေသန့်ဘူးများဝေငပေးခြင်း၊ စနစ်တကျ လက်ဆေးနိုင်ရန် လက်ဆေးစင်များနှင့် လက်သန့်ဆေးရည်ဘူးများ ထားရှိပေးခြင်းများနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကာ ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အသီးသီးသို့ စီစဉ်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။



ချင်းရွှေဟော်နယ်စပ်ဂိတ်ပေါက်တွင် ကိုယ်ပူချိန်တိုင်းတာစစ်ဆေးစဉ်

အဆိုပါ ချင်းရွှေဟော်မြို့မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ ဧပြီ ၃၀ ရက်မှ စတင်၍ စီစဉ်ပို့ဆောင်ပေးလျက်ရှိရာတွင် ယနေ့အထိ အမျိုးသား ၉၄၇ ဦးနှင့်အမျိုးသမီး ၆၃၂ ဦးတို့ရှိပြီး ရန်ကုန်တိုင်းဒေသကြီးမှ ၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၉၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၂၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၃၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၄၉၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၄၈ ဦး၊ ကချင်ပြည်နယ်မှ ၁၃ ဦး၊ ချင်းပြည်နယ်မှ ၂၄ ဦး၊ ရှမ်းပြည်နယ်မှ ၁၉၅ ဦး၊ မွန်ပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၄ ဦးနှင့် နေပြည်တော်မှ ၁၅ ဦး စုစုပေါင်း နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမား ၁၅၇၉ ဦးတို့ကို စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

# သဲကုန်းမြို့၌ ကိုဗစ်-၁၉ သတိပြုကာကွယ်နိုင်ရန် အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်

**သဲကုန်း မေ ၆**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အင်းမမြို့ကြက်ခြေနီ မောင်မယ်များက လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ယနေ့နံနက်က သဲကုန်းမြို့ယာယီဈေးအတွင်းတွင် ကိုဗစ်-၁၉ ပညာပေး သီချင်းများဖြင့် သရုပ်ပြဖျော်ဖြေခြင်း အသိပညာပေးလှုပ်ရှားမှုများကို ဆောင်ရွက်သည်။

ကိုဗစ်-၁၉ ကူးစက်မှု သတိပြုကာကွယ်နိုင်ရန် လှုံ့ဆော်ရေး အစီအစဉ်အဖြစ် သရုပ်ပြဖျော်ဖြေခြင်းများပြုလုပ်လာခြင်းအပေါ် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးတင်ဦးက"ယနေ့ ကိုဗစ်-၁၉ ကို သတိပြုကာကွယ်နိုင်ရန်အတွက် ကျွန်တော် တို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ထွေ/အုပ်ဦးစီး ဌာန၊ ပြန်/ဆက်ဦးစီးဌာနအပါအဝင် အခြားဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များနှင့်ပူးပေါင်း၍ယခုလိုသရုပ်ပြဖျော်ဖြေပေးခြင်း၊ အသိပညာပေး ပိုစတာများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ပိုးသတ်ဆေးဖျန်းသည့်လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ဈေးများ၊ ဂိတ်များနှင့် FQC များတွင် စေတနာ့ဝန်ထမ်းများအဖြစ် ပူးပေါင်းဆောင်ရွက်ပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးနေပါကြောင်း"ပြောကြားခဲ့သည်။

ထို့အပြင် သဲကုန်းမြို့နယ်ကြက်ခြေနီမောင်မယ်များကလည်း မေ ၈ ရက်မှ စတင်ကာ ဈေးများ၊မြို့ပေါ်ရပ်ကွက်များရှိ လူအများအသုံးပြုရာလမ်းများအပြင် သတ်မှတ်ထားသည့် နေရာကန့်သတ်စခန်းများရှိ နေရပ်ပြန်ပြည်သူများအား သွားရောက်ပညာပေး ဖျော်ဖြေမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်လင်း(ပြန်/ဆက်)

# ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများအတွက် ဆန်နှင့် အခြားပစ္စည်းများလှူဒါန်း

**ညောင်ဦး မေ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ မီးပုံးပျံကုမ္ပဏီများ၊ ညှော့လမ်းညွှန် အသင်းများ၊ ညောင်ဦး သံတဲဟိုတယ်၊ ပုဂံပလတ်စတစ်အမှိုက်ကင်းစင်ရေး အဖွဲ့နှင့် အလှူရှင်များ ပူးပေါင်းကာ ယမန်နေ့က ပုဂံ ညောင်ဦးမြို့ရှိ ဝင်ငွေနည်းပါးသည့် အိမ်ထောင်စု ၅၀၀ အတွက် ဆန်၊ စားနပ်ရိက္ခာများနှင့် ငွေကျပ်သုံးထောင်စီ ထောက်ပံ့လှူဒါန်းပေးသည်။



အဆိုပါ အလှူရှင်များသည် ကိုဗစ်-၁၉ ဖြစ်ပွားမှုကာလအတွင်း အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ညောင်ဦးမြို့ အမှတ်(၁)၊ (၃)၊ (၅) ရပ်ကွက်များ၊ တောင်ဘီကျေးရွာ၊ ရေဇက်ဆိပ်နှင့် ပုဂံမြို့သစ်၊ မြင်းကပါရပ်တို့ရှိ ဝင်ငွေနည်းပါးသည့် အိမ်ထောင်စု ၅၀၀ အတွက် အိမ်ထောင်စု တစ်စုလျှင် ဆန် သုံးပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန် တစ်ပိဿာ၊ ကြက်ဥ ၁၀ လုံး၊ ကုလားပဲနှစ်ဘူးနှင့် ငွေကျပ် ၃၀၀၀ စီ ထောက်ပံ့လှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

လှူဒါန်းနိုင်ရန်အတွက် STT Balloonsမှ ဆန်အိတ် ၅၀၊ ဦးသန်းဌေး-ဒေါ်မင်းမင်းလွင် မိသားစုက ငွေကျပ် ၁၂ သိန်း၊ Oriental Balloons မှ ငွေကျပ် ငါးသိန်း၊ BOB မှ ငွေကျပ် သုံးသိန်း၊ Golden Eagle မှ ငွေကျပ် နှစ်သိန်း၊ ညှော့လမ်းညွှန်အသင်း(ပုဂံ)မှ ငွေကျပ် သုံးသိန်း၊ ညှော့လမ်းညွှန်အသင်း (ရန်ကုန်)က ငွေကျပ် သုံးသိန်း အပါအဝင် အလှူရှင်များ စုပေါင်း လှူဒါန်းငွေကျပ် ၃၂၅၀၀၀၀ နှင့် ဆန်အိတ် ၅၀ တို့ကို အသီးသီးထည့်ဝင်ခဲ့ကြသည်ဟု ပုဂံပလတ်စတစ်အမှိုက်ကင်းစင်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးမင်းအောင်က ပြောသည်။

ကျော်မင်းဦး(ရေနံချောင်း)

# ပုဂံ-ညောင်ဦးဒေသအတွင်း ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေး စစ်ဆေး

**ညောင်ဦး မေ ၆**

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးဒေသအတွင်း ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများမှ မေ ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်၊ တိုင်းဒေသကြီးရန်ပုံငွေမျှဝေခြင်း အစီအစဉ်များဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်နေသည့် ညောင်ဦး မြို့နယ်၊ သပြေအိုင့်ကျေးရွာအုပ်စု၊ ပျဉ်းမကန်တဲတိုက်ဂျင်းလမ်း၊ ကကျဲ-စက်စက်ယိုဂျင်းလမ်း ၅ မိုင် ၂ဖာလုံ၊ ကူတော-ဖလန်ကန်ဂျင်းလမ်း ၃ မိုင် ၂ ဖာလုံ၊ ငါ့သရောက် - ဇဂျမ်းကတ္တရာလမ်း ၈ မိုင် ၃ ဖာလုံ၊ ညောင်ဦး-ငါ့သရောက်ကတ္တရာလမ်း ၃ မိုင် ခင်းကျင်းမှုအခြေအနေ၊ စက်စက်ယို ကျေးရွာ ကျေးလက်ကျန်းမာရေး အဆောက်အအုံနှင့် ငါ့သရောက်မြို့မီးသတ်ရုံးအဆောက်အအုံ ဆောက်လုပ်နေမှုများကို ညောင်ဦးမြို့၊ မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်၊ ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဖေလိန်း(ပုဂံ)

# အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ငွေကျပ် သိန်း ၅၀ လာရောက်လှူဒါန်း

**ရန်ကုန် ဧပြီ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု မရှိစေရန် လိုအပ်သည်များ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ငွေကျပ် သိန်း ၅၀ လာရောက်လှူဒါန်းခြင်းကို မေ၄ရက် က အင်းစိန်(GTI) ကန့်သတ်စောင့်ကြပ်ကြည့်ရှုစင်တာတွင် လာရောက်လှူဒါန်းခဲ့သည်။

လှူဒါန်းရာတွင် ကိုဗစ်-၁၉ ထိန်းချုပ်၊ကုသရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့် နေရာများသုံးစွဲနိုင်ရန်အတွက် အင်းစိန်စက်မှုဇုန်(၂/၃/၄/)မှ ဥက္ကဋ္ဌ ဒေါက်တာထင်ကျော်ဦးနှင့် အတွင်းရေးမှူး ဦးသန်းစိုးတို့က ငွေကျပ်သိန်း ၅၀ ကို လာရောက်လှူဒါန်းရာ အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်၊ ကုသရေးကော်မတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစိန်ဝင်း၊မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းသန်း၊အတွင်းရေးမှူး EO ဦးဝင်းနိုင်၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ၊ Super Sunday ပရဟိတလူငယ်များနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ဇွဲထက်ကို(ပြန်/ဆက်)

# ဟိုပင်၌ အခြေခံလူတန်းစားအိမ်ထောင်စုများအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီများလှူဒါန်း

**ဟိုပင် မေ ၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့၌ ယမန်နေ့ ညနေ ၃ နာရီက ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်နေသည့် ကာလအတွင်း မြို့မမြောက်ရပ်ကွက်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ဒေါ်အိအိမွေး မိသားစုက စားသောက် ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီများနှင့် ကြက်ဥတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖြန့်ဝေပေးမှုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ပုံမှန်ဝင်ငွေမရှိသော ရပ်ကွက်နေ ပြည်သူများအား စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်ကာ အခြေခံလူတန်းစား မိသားစုများ ဖြစ်သည့် အိမ်ထောင်စုပေါင်း ၁၂၀ အတွက် ငွေကျပ် ၁၀ သိန်း ၅ သောင်းတန်ဖိုးရှိ စားသောက်ကုန် ပစ္စည်းများကို အိမ်ထောင်စု တစ်စုလျှင် ဆန် ၄ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၁ ပိဿာ၊ ကြက်သွန်နီ ၁ ပိဿာနှင့် ကြက်ဥ ၁၀ လုံးတို့ကို မြို့မမြောက်ရပ်ကွက်မှ တာဝန်ရှိသူများနှင့် အလှူရှင် ဒေါ်အိအိမွေး မိသားစုတို့က လက်ရောက်လှူဒါန်းသည်။

ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေး အခက်အခဲဖြစ်နေတဲ့အချိန်မှာ ဒီလိုကူညီ ထောက်ပံ့ပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်မိကြောင်းနှင့် ကျေးဇူးတင်ရှိကြောင်း ပြည်သူတစ်ဦးက ပြောကြားခဲ့သည်။

တိုးတိုးမေ (ဟိုပင်)

# မိုင်းပျဉ်းမြို့နယ်တွင် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**မိုင်းပျဉ်း မေ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ဝမ်ဖြစ်ကျေးရွာအုပ်စု ဝမ်ဖျန်းကျေးရွာမှ လေဘေးသင့်ပြည်သူများအား မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနရုံး(ယာယီ)ခန်းမ၌ မေ ၅ရက်က ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။



အဆိုပါကျေးရွာတွင် မေ ၄ ရက် နံနက် ၆ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်၍ ပျက်စီးဆုံးရှုံးမှုနှင့်ကြုံတွေ့ခဲ့ရသော ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ လူနေအိမ် ခြောက်လုံးတို့ ပြင်ဆင်ရန်နှင့်ဘုန်းတော်ကြီးကျောင်းရှိသံဃာ ငါးပါးနှင့် အိမ် ခြောက်လုံးရှိမိသားစုဝင်များအတွက် ဆန်ရိက္ခာဖိုးအပါအဝင် ထောက်ပံ့ငွေစုစုပေါင်း ၇၈၄၀၀၀ ကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မေမွန်ထွဋ် (ပြန်/ဆက်)

# ကိုဗစ်- ၁၉ ကူးစက်မြန်ရောဂါနှင့် လုပ်ငန်းခွင်ပြန်ဝင်ရေး အထောက်အကူပြုမည့် ရောဂါရှာဖွေ စစ်ဆေးရေး နည်းဗျူဟာများ

ဒေါက်တာကျော်ဇင်သန့်(ဆေးသုတေသန)

**ရောဂါဝန်ထုပ်ဝန်ပိုး (burden of disease) အကြောင်း ဆွေးနွေးကြမည်ဆိုလျှင် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် ကူးစက်တတ်သောရောဂါများ (Communicable Diseases) နှင့် မကူးစက်တတ်သော နာတာရှည်ရောဂါများ (Non–Communicable Diseases) ဟူသည့် ရောဂါဝန်ထုပ်ဝန်ပိုးနှစ်မျိုးလုံးကို လတ်တလောခံစားနေရပြီး “Double Burden of Disease” ဟု ပြောစမှတ်ပြုကြရသည်။**

တိုးချဲ့ကာကွယ်ဆေးထိုးအစီအစဉ်အပါအဝင် ရောဂါတားဆီးကာကွယ်နှိမ်နင်းရေးကြိုးစားအားထုတ်မှုများကြောင့် ကူးစက်ရောဂါများ၏ ဝန်ထုပ်ဝန်ပိုး အနည်းငယ်လျော့ကျလာချိန်တွင် မကူးစက်တတ်သော ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးက ထင်သာမြင်သာရှိလာခဲ့သည်။ မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြည်သူတစ်ရပ်လုံး၏ အသက်ရှည်ရာ၊ အနာမဲ့ကြောင်းကို ဦးတည်ချက်ထားပြီး စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ခဲ့သဖြင့် တိုးတက်အောင်မြင်မှုများ အတော်အသင့်ရခဲ့သည်မှာ အထင်အရှားဖြစ်သည်။ သို့သော် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးအသိပညာ မြှင့်တင်ရေး၊ ကျန်းမာရေးကဏ္ဍအသုံးစရိတ် သိသိသာသာ မြှင့်တင်ရေး၊ ပြည်သူ့အကျိုးပြု ကျန်းမာရေးဝန်ထမ်းများ လုံလုံလောက်လောက် မွေးထုတ်တာဝန်ပေးအပ်ရေး၊ ပြည်သူတစ်ရပ်လုံးကို လွှမ်းခြုံပေးမည့် အမျိုးသား ကျန်းမာရေးအာမခံစနစ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ရေး၊ အဓိကကျသော ပြည်သူ့စွမ်းအားကို ရယူကာ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်စလုံး လက်တွဲကြိုးပမ်းမှုဖြင့် လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံစောင့်ရှောက်မှုကို ၂၀၃၀ ပြည့်နှစ်တွင် ရယူနိုင်ရေး စသည်တို့မှာ လက်ရှိတွေ့ကြုံရင်ဆိုင်နေရသော ကြီးမားသည့်စိန်ခေါ်မှုများပင်ဖြစ်သည်။

## ကိုဗစ်- ၁၉ အစ

မြန်မာနိုင်ငံအနေဖြင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးကဏ္ဍတွင် အောင်မြင်မှု အတော်အသင့်ရရှိနေချိန်၌ ကြိုတင်မျှော်လင့်မထားသော ရောဂါဆိုးကြီးဖြစ်သည့် ကိုဗစ်- ၁၉ ရောဂါကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကူးစက်ဖြစ်ပွားသူ စတင်တွေ့ရှိခဲ့သည်။ အထူးပြု တင်ပြလိုသောအချက်မှာ အဆိုပါ ရောဂါသည် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း စတင်ဖြစ်ပေါ်ကူးစက်ခဲ့ခြင်းမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံကြီး တစ်ခုတွင် ပထမဆုံး စတင်ဖြစ်ပွားခဲ့ရာမှ ဒုတိယ ရေလှိုင်း (Second Wave) အဖြစ် ဥရောပနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ခြင်း ဖြစ်သည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးနီးပါး ကူးစက်ခံခဲ့ရပါသည်။

ကိုဗစ်–၁၉ ရောဂါသည် ကာယကံရှင်ကို ရောဂါပိုး စတင်ကူးစက်ခံရပြီး အသက်ရှူလမ်းကြောင်းရောဂါ ပုံသဏ္ဍာန်ဖြစ်သည့် နှာချေချောင်းဆိုးခြင်း၊ သလိပ်တံတွေးထွေးခြင်း၊ မျက်နှာတူရူစကားပြော၊ အော်ဟစ်ရယ်မောခြင်း စသည့်နည်းလမ်းများဖြင့် နီးစပ်ရာ ပုဂ္ဂိုလ်များသို့ ကူးစက်ပျံ့နှံ့ခြင်း မပြုနိုင်သေးသော ကာလကို ရောဂါပိုး အားယူချိန်ကာလ/ ရောဂါအစပျိုးကာလ(Incubation period)ဟု ခေါ်ပါသည်။ Window period ဟုလည်း ခေါ်ဆိုနိုင်ပါသည်။ အဆိုပါကာလမှာ သာမန်အားဖြင့် ရောဂါပိုးစဝင်ပြီး ၇ ရက်မှ ၁၄ ရက် အတွင်း ဖြစ်တတ်ပါသည်။ ရောဂါလက္ခဏာမပြမချင်း မည်သူမျှ သံသယဖြစ်ဖွယ် မရှိပါ။ အပေါ်ယံကြည့်ပါက လူကောင်း ပကတိအဖြစ် မြင်တွေ့ရသော ကာလဖြစ်ပါ သည်။ အဆိုပါ ရောဂါအစပျိုးကာလအတွင်း silent carrier အဖြစ် မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့ပြီး မြန်မာနိုင်ငံ တစ်နံတစ်လျား ပျံ့နှံ့သွားသော လူအရေအတွက် မည်မျှရှိခဲ့သည်ကို အတိအကျ စာရင်းကောက်ယူရန် အလွန်ခက်ခဲလှပါသည်။ ယင်းအချက်မှာ ကျန်းမာရေး စီမံခန့်ခွဲသူများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ပဟေဠိပုစ္ဆာ ဖြစ်ပါသည်။

## တာဝန်ကျေသော ကျန်းမာရေးဌာန

အိမ်နီးချင်းနိုင်ငံကြီးတွင် ကိုဗစ်– ၁၉ ရောဂါ စတင်ဖြစ်ပွားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ တရားဝင်သတင်းပေးပို့ချိန် (၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် သို့ အကူးအပြောင်းကာလ) မှ အစပြု၍ မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကျန်းမာရေးအသိ၊ ကျန်းမာရေး သတိရှိခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး ၏ တက်ကြွသော ဦးဆောင်မှုဖြင့် လိုအပ်သော ပြင်ဆင်ဆောင်ရွက်စုဖွဲ့မှုများကို စတင်ဆောင်ရွက်ခဲ့ပြီး အထက်အဖွဲ့အစည်းများသို့လည်း အချိန်နှင့် တစ်ပြေးညီ အစီရင်ခံတင်ပြကာ လမ်းညွှန်မှု ရယူဆောင်ရွက်ခဲ့ပါသည်။ မူလက ပြည်ထောင်စုဝန်ကြီးအဆင့် ဦးဆောင်ဖွဲ့စည်းခဲ့သော ရောဂါကာကွယ်ထိန်းချုပ်ရေး ကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော အမျိုးသားအဆင့်ကော်မတီအဖြစ် အဆင့်မြှင့် ဖွဲ့စည်းခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအားလုံး စည်းချက်ညီစွာ ပါဝင် ကူညီဆောင်ရွက်ခဲ့ကြပါသည်။

ကိုဗစ်– ၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့ပြီးချိန်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံး ရောဂါကာကွယ်၊ ထိန်းချုပ်ခြင်း၊ နိုင်ငံဝင်ပေါက်အားလုံးကို ထိန်းချုပ်ခြင်း၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ပြည်ပပျံသန်းမှုများကို ခေတ္တရပ်ဆိုင်းခြင်း၊ ကုန်းတွင်းဝင်ပေါက်များ၊ သင်္ဘောဆိပ်၊ ရေဆိပ်များကို ထိန်းချုပ်ခြင်း၊ ရောဂါအတည်ပြုပြီး လူနာများကို Isolation သီးခြားထားရှိခြင်း၊ သံသယလူနာများနှင့် စောင့်ကြည့်ခံပုဂ္ဂိုလ်များကို Quarantine ပြုလုပ်ခြင်း ( Facility–based, Community–based စသည်) ၊ Fever Clinic များ ဖွင့်လှစ်ခြင်း၊ ရောဂါပျံ့နှံ့မှုရှိနေသောဒေသ၊ မြို့နယ်များကို အဝင်အထွက် ကန့်သတ်ခြင်း၊ Stay at Home နေထိုင်စေခြင်း၊ လုံခြုံရေးသတိဖြင့် ညမထွက်ရအမိန့် ထုတ်ပြန်ခြင်း၊ လူစုလူဝေးနှင့် အခမ်းအနားများကို တားမြစ်ပိတ်ပင်ခြင်း၊ အထူးသဖြင့် နှစ်စဉ်ကျင်းပမြဲ မြန်မာ့ ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ကို ပြည်သူတစ်ရပ်လုံး၏ အသိစိတ်ဓာတ်နှင့် သည်းခံချုပ်တည်းမှုဖြင့် တိတ်ဆိတ်ငြိမ်သက်စွာကျော်ဖြတ်ခဲ့ခြင်းတို့မှာ ခေတ်သစ်မြန်မာနိုင်ငံ၏ သမိုင်းဝင်ခြေလှမ်းများ ဖြစ်ခဲ့ပါသည်။ ထို့အပြင် ခရီးသွားမြှင့်တင်ရေးကဏ္ဍ၏ အရေးပါသော ဝင်ငွေရလမ်းတစ်ခုဖြစ်သည့် ပြည်ပကမ္ဘာလှည့်ခရီးသည်တင် သင်္ဘောတစ်စင်း မြန်မာနိုင်ငံသို့ ဝင်ရောက်လည်ပတ်မည့်ကိစ္စကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အရေးတကြီး အကြံပြုတင်ပြချက်အပေါ် နိုင်ငံခေါင်းဆောင်များက အရေးတယူ စဉ်းစားပြီး အဆိုပါ သင်္ဘောကို ဝင်ရောက်ရပ်နားခွင့် မပြုခဲ့ခြင်းမှာလည်း Diamond Princess သင်္ဘော၊ MS Zaandam သင်္ဘောများကဲ့သို့သော အဖြစ်ဆိုးနှင့် ရောဂါပြန့်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ခဲ့ခြင်း အောင်မြင်မှုသာကေတစ်ခု ဖြစ်ခဲ့ပါသည်။

## မူရာမသာယာများတဲ့ ကိုဗစ်– ၁၉

ကိုဗစ် – ၁၉ ကူးစက်မြန်ရောဂါကို ဖြစ်ပွားစေသည့် ကိုရိုနာဗိုင်းရပ်စ်မှာ ရိုင်ဘိုနျူကလီးယစ်အက်စစ် (RNA) ဗိုင်းရပ်စ်တစ်မျိုးဖြစ်ပြီး တိရစ္ဆာန်များတွင် အဓိက ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ သာမန်အားဖြင့် လူသားများသို့ ကူးစက်ပျံ့နှံ့လေ့ မရှိပါ။ Animal to Human interface (သို့မဟုတ်) Animal to Human Transmission Barrier ကြားခံ အဆီးအတား ရှိပါသည်။ သို့သော် တိရစ္ဆာန်များနှင့် လူသားများ အနေနီးစပ်လွန်းသောကြောင့်ဖြစ်စေ၊ လူသားများ၏ ပယောဂကြောင့် သဘာဝလွန်ဖြစ်ရပ်များ ဖြစ်ပွားသောကြောင့်ဖြစ်စေ အဆိုပါ ကြားခံအဆီးအတား ကျိုးပျက်ပြီး တိရစ္ဆာန်မှ လူသားသို့ ကူးစက်ခြင်း ဖြစ်ပွားခဲ့ရပါသည်။ ပိုမိုဆိုးရွားသော ဖြစ်စဉ်အနေဖြင့် ကူးစက်ခံရသော လူသားတစ်ဦးမှ နီးစပ်ရာ အခြားလူသားများသို့ ကူးစက်ပျံ့နှံ့ခြင်း (Human to human transmission) ဖြစ်ပွားခဲ့ပါက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကပ်ရောဂါအသွင် ဆိုက်ရောက်လာပါသည်။ ဟောင်ကောင်မှ စတင်ဖြစ်ပွားခဲ့သည့် SARS ရောဂါ၊ ဆော်ဒီအာရေဗျနိုင်ငံမှ စတင်ဖြစ်ပွားခဲ့သည့် MERS ရောဂါတို့မှာ ထင်ရှားသော နမူနာများဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါကပ်ရောဂါများ ဖြစ်ပွားခဲ့စဉ်က ကံအားလျော်စွာ ရောဂါကူးစက်မှု ကင်းလွတ်ခဲ့သည့်အတွက် ကိုရိုနာဗိုင်းရပ်စ်ရောဂါအပေါ် အတွေ့အကြုံ မရှိခဲ့သလို အလွန်အမင်း စိုးရိမ်ကြောက်ရွံ့ခြင်း မရှိခဲ့ပါ။ ရာသီတုပ်ကွေး၊ သွေးလွန် တုပ်ကွေး၊ ဆင်တုပ်ကွေး စသည်တို့ကိုသာ ကြုံတွေ့ခဲ့ဖူးပါသည်။

ကိုရိုနာဗိုင်းရပ်စ်မှာ RNA ဗိုင်းရပ်စ် ဖြစ်သည့်အလျောက် မျိုးပွားရာတွင် မျိုးရိုးဗီဇပြောင်းလဲမှု (genetic mutation) မြန်ဆန်ပြီး များပြားလေ့ရှိပါသည်။ ရောဂါလက္ခဏာမှာ သာမန်အားဖြင့် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ ခြေကုန်လက်ပန်းကျခြင်း စသည်တို့ အဖြစ်များပြီး ဝမ်းပျက်ဝမ်းလျှောခြင်း၊ နှာစေးခြင်း၊ နှာချေ ခြင်း၊ မျက်စိနာရောင်ရမ်းခြင်းတို့ ဖြစ်လေ့ဖြစ်ထ မရှိပါ။ သို့သော်လည်း ရောဂါတစ်ခုထက်ပို၍ ပူးတွဲဖြစ်ပွားခြင်းတို့ကြောင့် ရောဂါလက္ခဏာများ ဆင်တူယိုးမှားဖြစ်ခြင်း ဖြစ်သွားနိုင်ပါသည်။ တစ်ထစ်ချ လေ့နံ့ခားထစ် မှတ်သားထား၍ မရနိုင်ပါ။ လူနာအနေဖြင့် ခံတွင်းပျက်ခြင်း၊ အနံ့ခံအာရုံ ချို့ယွင်းခြင်း စသည်တို့ကို ယခုနောက်ပိုင်း ကြုံတွေ့ရတတ်ပါသည်။ ရောဂါလက္ခဏာအဖြစ် ယခင်က မှတ်တမ်းတင်မထားသောဖြစ်ရပ်များကို ကြုံတွေ့ရနိုင်ကြောင်း သတိချပ်သင့်ပါသည်။

## ပဋိပစ္စည်းလှုံ့နှင့် ပဋိပစ္စည်း

ဤနေရာတွင် ရောဂါဖြစ်ပွားမှုနှင့် ခန္ဓာကိုယ်၏ ရောဂါပြီးစနစ် တုံ့ပြန်မှုတို့အပေါ် အကြမ်းဖျင်း ရှင်းပြလိုပါသည်။ ဗိုင်းရပ်စ်ပိုး၊ ဗက်တီးရီးယားပိုး၊ ကလာမိုင်ဒီးယားပိုး၊ ဖန်းဂပ်စ်ပိုး စသည့်ရောဂါ ဖြစ်စေသော ပိုးအမျိုးမျိုးကို pathogen ဟုခေါ်ပါသည်။ ယင်း pathogen များသည် ခန္ဓာကိုယ်၏ ဒွါရကိုးပေါက်တို့မှ နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးတို့ဖြင့် ဝင်ရောက်ပြီး လက်ခံကောင် (ဥပမာ–လူ၊ တိရစ္ဆာန်စသည်ဖြင့်) အတွင်း ခြေကုပ်ယူရန် ကြိုးစားလေ့ ရှိပါသည်။

ယင်း pathogen များကို ပဋိပစ္စည်းလှုံ့ (antigen) ဟု လည်း ခေါ်ဆိုပါသည်။ ယင်းအပေါ် ခန္ဓာကိုယ်၏ တုံ့ပြန်မှုဖြစ်သောပဋိပစ္စည်း (antibody) များ ထွက်ပေါ်လာရေးကို လှုံ့ဆော်ပေးသဖြင့် “ပဋိပစ္စည်းလှုံ့” ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ခန္ဓာကိုယ်ထဲသို့ ဝင်လာသော ပဋိပစ္စည်းလှုံ့တိုင်းအတွက် ခန္ဓာကိုယ်၏ ရောဂါပြီးစနစ်က ပဋိပစ္စည်း ထုတ်ပေးပါသည်။


နယူတန်၏ တတိယနိယာမအတိုင်း သက်ရောက်မှုတိုင်းအတွက် လားရာ(အကျိုး)ဆန့်ကျင်သော တန်ပြန်သက်ရောက်မှု ထုတ်ပေးခြင်းနှင့် အလားသဏ္ဍာန်တူပါသည်။ ခန္ဓာကိုယ်က ထုတ်ပေးသော ပဋိပစ္စည်း အားကောင်းလျှင် ဝင်လာသော ရောဂါပိုး ပဋိပစ္စည်းလှုံ့ကို နိုင်ပါသည်။ Immune system ချို့ယွင်း အားနည်းပြီး ကိုယ်ခံအားကျဆင်းနေသူ (ဥပမာ–နာတာရှည်ရောဂါ ခံစားနေရသူ၊ ကိုယ်ခံအားကျဆင်းအောင် ဆေးတစ်မျိုးမျိုးဖြင့် ချုံးနှိမ်ထားခြင်း ခံရသူ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါခံစားနေရသူ) ဖြစ်ပါက ခန္ဓာကိုယ်က ထုတ်ပေးသော ပဋိပစ္စည်း အားနည်းပြီး ဝင်လာသော ရောဂါပိုး ပဋိပစ္စည်းလှုံ့ကို မခုခံမကာကွယ်နိုင်ဘဲ ရှုံးနိမ့်ပါမည်။ ယင်းမှာ ပဋိပစ္စည်းလှုံ့နှင့် ပဋိပစ္စည်းတို့၏ တိုက်ပွဲပင် ဖြစ်ပါသည်။

သဘာဝတရား၏ နိယာမအတိုင်း ပဋိပစ္စည်းလှုံ့နှင့် ပဋိပစ္စည်းတို့ အဝင်အထွက်၊ အတိုး အဆုတ်ရှိပါသည်။ ယင်းတို့ကို ရောဂါဝင်ရောက်ရာလမ်းကြောင်း (ဥပမာ–အသက်ရှူလမ်းကြောင်း၊ အစာလမ်းကြောင်း) တစ်လျှောက် တစ်သျှူးများ၊ ခန္ဓာကိုယ်မှ ထွက်သော/ လည်ပတ်နေသော အရည်များ (ဥပမာ–နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်၊ သွေး၊ တံတွေး သလိပ်၊ ဆီး၊ ဝမ်းနမူနာ)တို့တွင် ရှာဖွေနိုင်ပါသည်။ [ ပုံ(၁)ဖြင့် အကျဉ်းချုပ်ရှင်းပြပါမည်။]

## ဆင့်နှင့် ဆင့်ခြေရာခွက်ရှာဖွေခြင်း

ပုံ(၁)တွင် ဖော်ပြထားသည့်အတိုင်း ရောဂါကူးစက်မှုစတင်ဖြစ်ပေါ်ပြီး နေ့ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲမှုများကို သဘောပေါက်လွယ်အောင် ရှင်းပြလိုပါသည်။ ယင်းဖြစ်စဉ်မှာ သွေးအတွင်း ဖြစ်ပေါ်မှုကို ညွှန်းဆိုထားခြင်း ဖြစ်ပါသည်။ ကိုဗစ်– ၁၉ ရောဂါပိုး RNA မျိုးရိုးဗီဇ antigen သည် စတင်ထိတွေ့ဝင်ရောက်ချိန်မှ ငါးရက်အတွင်း ရောဂါလက္ခဏာ တစ်စုံတစ်ရာ မပြသောအဆင့် (asymptomatic stage) ဖြစ်ပြီး ငါးရက်မှ ၁ဝရက်အတွင်း ကာလ၌ ရောဂါလက္ခဏာများ အစပျိုး ဖြစ်ပေါ်လေ့ရှိပါသည်။

ဇယား (၁)




**Diagnostic Test Sensitivity in the Days After Symptom Onset†**

| SARS-CoV-2 Test | Days after Symptom Onset 1–7 | 8–14 | 15–39 |
|---|---|---|---|
| RNA by RT-PCR | 67% | 54% | 45% |
| Total Antibody | 38% | 90% | 100% |
| IgM | 29% | 73% | 94% |
| IgG | 19% | 54% | 80% |

*Adapted from*: Zhao J et al. Antibody responses to SARS-CoV-2 in patients of novel coronavirus disease 2019. *Clin Infect Dis.* 2020 Mar 28.[29]

*စာမျက်နှာ ၂၂ သို့*

*စာမျက်နှာ ၂၁ မှ*

ပထမ ၁၀ ရက် ကာလတွင် သိသာထင်ရှားသော လက္ခဏာများ ရှိချင်မှရှိမည်၊ ပြချင်မှ ပြမည်ဖြစ်သောကြောင့် ပြတင်းပေါက်ကာလ/ ဟာလာဟင်းလင်းကာလ (Window period ) ဟု တင်စားခေါ်ဝေါ်လေ့ရှိပါသည်။ Antigen ပမာဏ တိုးတက်မှု (antigen curve )မှာ ဖြစ်ပွားချိန်မှ ပထမနှစ်ပတ်ခန့်အတွင်း တက်ရိပ်ပြပြီး ယင်းကာလနောက်ပိုင်း တဖြည်းဖြည်း ပြန်ကျကာ လေးပတ်ကာလတွင် လုံးဝပျောက်ကွယ်သွားလေ့ရှိပါသည်။ Antigen ရှိခြင်းကို အမိအရ ဖမ်းလိုပါက ရောဂါစဖြစ်ပြီး ပထမလေးပတ်ကာလအတွင်း စမ်းသပ်စစ်ဆေးရမည်ဟု ဆိုလိုပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် antigen ကို Reverse transcriptase-Polymerase chain reaction (RT-PCR) နည်းဖြင့် စမ်းသပ်ပြီး ရောဂါပိုးကူးစက်ခံရခြင်း ရှိ မရှိ (qualitative result – Yes/No) အဖြေပေး နိုင်ပါသည်။ 'Antigen' ကို ရှာတွေ့ပါက 'ဆင်တစ်ကောင်လုံးကို ရှာတွေ့ခြင်း'နှင့် အလားသဏ္ဌာန်တူပါသည်။ ဆင်တစ်ကောင်လုံးတွေ့လျှင် ဆင်ဝင်လာကြောင်း ငြင်း၍မရနိုင်ပါ။ (စကားချပ်- အီလက်ထရွန် မိုက်ခရို စကုပ် ကြည့်ရှုနည်းဖြင့်လည်း ဗိုင်းရပ်စ်တစ်ကောင်လုံး၏ ပုံသဏ္ဌာန်ကို ရှာတွေ့နိုင်ပါသည်။)

ဝင်လာသော antigen ကို တုံ့ပြန်မှုဖြစ်သည့် ရှေးဦး antibody production အင်မျူနိုဂလိုဗျူလင်- 'အမ်' (IgM)ကို ပထမပတ်ကျော်လွန်ချိန်တွင် စတင်တွေ့ရှိနိုင်ပြီး နောက်ဆက်တွဲ antibody production အင်မျူနိုဂလိုဗျူလင်- 'ဂျီ'(IgG)ကို ဒုတိယပတ်တွင် စတင်တွေ့ရှိ နိုင်ပါသည်။ IgM မှာ တတိယပတ်ခန့်တွင် ပျောက်ကွယ်သွားတတ်သည်။ IgG မှာမူ တစ်လကျော်သည်အထိ ဆက်လက်ရှိနေနိုင်ကာ ကာလရှည်ရောဂါပြီး ခုခံကာကွယ်မှု (long-term immunity) ကို ပေးစွမ်းနိုင်ပါသည်။ Antibody သည် ဝင်လာသော anigen အပေါ်တည်မှီပြီး ဖြစ်ထွန်းလာသဖြင့် ဆင်ဝင်လာပြီးနောက် တွေ့မြင်ရသော 'ဆင်ခြေရာခွက်ကို ရှာတွေ့ခြင်း'နှင့် တူပါသည်။

Isolation နှင့် Quarantine Centre များတွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေး စတင်စဉ်က ၁၄ ရက်ဆက်တိုက်၊ ယခုအခါ ၂၁ ရက် ဆက်တိုက်အတည်ပြုလူနာ၊ သံသယလူနာနှင့် စောင့်ကြည့်ခံပုဂ္ဂိုလ်များအား ထားရှိကာ လိုအပ်သလို စစ်ဆေးကြည့်ရှုကုသခြင်း၊ ထို့နောက်ပိုင်း နောက်ထပ်ခုနစ်ရက်ကို နေအိမ်တွင် ထားရှိ စောင့်ကြည့်ခြင်းတို့သည် အထက်ဖော်ပြပါ antigen (ဆင်)ကို ရှာဖွေခြင်းနှင့် antibody (ဆင်ခြေရာခွက်)ကို ရှာဖွေခြင်းတို့အတွက် လုံလောက်သော အချိန်ကာလဖြစ်သည်။ ခန္ဓာကိုယ်ထဲတွင် antigen ရှိနေခြင်းသည် ကိုရိုနာဗိုင်းရပ်စ်၏ အသက်ရှင်နေခြင်း၊ ဗိုင်းရပ်စ်အစိတ်အပိုင်းများကို နီးစပ်ရာသို့ စွန့်ထုတ်ဖြန့်ဝေနိုင်ခြင်းနှင့် ပတ်ဝန်းကျင်သို့ ကူးစက်နိုင်စွမ်းရှိခြင်းတို့ကို ညွှန်းဆိုနေပြီး antigen ရှာမတွေ့တော့ဘဲ antibody သာ ရှာတွေ့ပါက ပတ်ဝန်းကျင်သို့ ရောဂါထပ်မံဖြန့်ဝေ ကူးစက်နိုင်စွမ်းမရှိတော့ဘဲ ရောဂါကို ခံနိုင်ရည် ရှိသွားသော ရောဂါပြီးသည့်အဆင့်သို့ ရောက်ရှိပြီဖြစ်ကြောင်း အဓိပ္ပာယ်ကောက်ယူနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးသူများအနေဖြင့် နောက်တစ်ကြိမ် ကူးစက်ခံရခြင်း အလားအလာ မရှိတော့ဟု တရားသေ မှတ်ယူထား၍မရဘဲ ရောဂါပြီးကာလကို အတိအကျ မသိရှိနိုင်သေးကြောင်း တင်ပြလိုပါသည်။

### လုပ်ငန်းခွင် ပြန်ဝင်ရေးနှင့် သင့်တော်သော ရောဂါရှာဖွေစစ်ဆေးရေး နည်းဗျူဟာများ

ကိုဗစ်- ၁၉ ကူးစက်မြန်ရောဂါ ရှိသူတစ်ဦးသည် ပတ်ဝန်းကျင်ရှိ လူများစွာကို Logarithmic scale ဖြင့် ထပ်မံဖြန့်ဝေ အဆတိုး ကူးစက်နိုင်သဖြင့် ကနဦးလူနာကို ဦးစွာရှာဖွေတွေ့ရန်မှာ အရေးအကြီးဆုံး ရည်မှန်းချက် ဖြစ်သည်။ လတ်တလောကာလတွင် ကူးစက်ရောဂါပျံ့နှံ့မှုကို နိုင်နင်းစွာ ထိန်းချုပ်နိုင်ရန်အတွက် လူများစွာစုဝေးသည့် စက်ရုံ၊ အလုပ်ရုံ အလုပ်ဌာနများကို ယာယီပိတ်သိမ်းပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်ပြီးမှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဧပြီလတတိယပတ်အတွင်းက ထုတ်ပြန်ကြေညာထားပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း

| Test results | | | Clinical Significance |
|---|---|---|---|
| PCR | IgM | IgG | |
| + | - | - | Patient may be in the window period of infection. |
| + | + | - | Patient may be in the early stage of infection. |
| + | + | + | Patient is in the active phase of infection. |
| + | - | + | Patient may be in the late or recurrent stage of infection. |
| - | + | - | Patient may be in the early stage of infection. PCR result may be false-negative. |
| - | - | + | Patient may have had a past infection, and has recovered. |
| - | + | + | Patient may be in the recovery stage of an infection, or the PCR result may be false-negative. |

ထောင်ချီသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို အထက်ပါ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများဖြင့် စုဖွဲ့ထားသည့် စစ်ဆေးရေးအဖွဲ့များဖြင့် စနစ်တကျ စစ်ဆေးခြင်း၊ အပြစ်အနာအဆာ လိုအပ်ချက်များကို ပြင်ဆင်စေခြင်းတို့ကို ဆောင်ရွက်ပြီး ရောဂါကူးစက်နိုင်မှု အလားအလာ၊ ကွင်းဆက်တို့ကို လုံးဝဖြတ်တောက်ပြီးမှသာ လုပ်ငန်းခွင်ပြန်ဝင်ခွင့်ပြုခြင်းသည် ယခုပစ္စက္ခအခြေအနေက တောင်းဆိုနေသောလုပ်ငန်းခွင် ကျန်းမာရေးလိုအပ်ချက်ဖြစ်သလို မရှိမဖြစ်သော ပြည်သူ့ကျန်းမာရေး လိုအပ်ချက်လည်း ဖြစ်သည်။

ရောဂါပိုး antigen ကို ရှာဖွေခြင်းနည်းလမ်းဖြစ်သည့် နှာခေါင်းတို့ဖတ်၊ လည်ချောင်းတို့ဖတ်တို့ကို ရယူပြီး Real-time RT-PCR နည်းလမ်းအသုံးပြုခြင်းသည် ရောဂါစဖြစ်ပွားပြီး ပထမအပတ်၊ ဒုတိယအပတ်နှင့် တတိယမှ ဆဋ္ဌမအပတ်အထိ ကာလများအတွင်း ၆၇ ရာခိုင်နှုန်း၊ ၅၄ ရာခိုင်နှုန်းနှင့် ၄၅ ရာခိုင်နှုန်း အသီးသီးရှိကြောင်း၊ ကာလရှည်ကြာလာသည်နှင့် အမျှ antigen ရှာဖွေနိုင်စွမ်း တဖြည်းဖြည်းလျော့ကျလာကြောင်း လတ်တလော သုတေသန တွေ့ရှိချက်က ပြဆိုထားပါသည်။

ထို့အပြင် ကိုဗစ်- ၁၉ ရောဂါရှာဖွေရန်အတွက် RT-PCR နည်းလမ်းကို အသုံးပြုရန်မှာ ဇီဝလုံခြုံမှု အဆင့်(၃) ဓာတ်ခွဲခန်း လိုအပ်သည့်အတွက် လက်ရှိကာလတွင် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ဆေးသုတေသနဦးစီးဌာန ရန်ကုန်ရုံးချုပ်တို့၌သာ ဆောင်ရွက်နိုင်စွမ်းရှိသည်။ မန္တလေးမြို့ရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၊ မန္တလေးရုံးခွဲ၊ မော်လမြိုင်မြို့နှင့် တောင်ကြီးမြို့များရှိ တီဘီအဆင့်မြင့် ဓာတ်ခွဲခန်းများတွင် RT-PCR စမ်းသပ်မှုများ ဆောင်ရွက်နိုင်ရေး အဆင့်မြှင့်တင်ရန် အချိန်အတိုင်းအတာတစ်ခု လိုအပ်နေသေးသည်။

RT-PCR နည်းလမ်းကို အသုံးပြုခြင်းသည် အချိန်အားဖြင့် ခြောက်နာရီခန့် ကြာမြင့်နိုင်ပြီး လိုအပ်သော ဓာတ်ခွဲပစ္စည်းများ (စက်တန်ဖိုးမပါဝင်)၏ တန်ဖိုးမှာ စမ်းသပ်နမူနာတစ်ခုလျှင် ငွေကျပ်တစ်သိန်းကျော် ကုန်ကျမှုရှိသဖြင့် ဓာတ်ခွဲနမူနာ မြောက်မြားစွာကို တစ်ပြိုင်တည်း စစ်ဆေးရန် အကန့်အသတ်ရှိနေပါသည်။ ထို့ပြင် စမ်းသပ်မှု တစ်ကြိမ်တည်းဖြင့် ရောဂါမတွေ့ရှိပါက တစ်ကျော့ထပ်မံ စမ်းသပ်မှု ပြုလုပ်ရန် လိုအပ်မည်ဆိုလျှင် ထပ်မံကုန်ကျမှု ရှိမည်ဖြစ်သည်။ ထို့မျှသာမက ဓာတ်ခွဲအတည်ပြုလူနာကို ရောဂါလက္ခဏာ လုံးဝပျောက်ကင်းသက်သာပြီးနောက် Isolation (and Quarantine)မှ ကင်းလွတ်ခွင့်ပြုပြီး ဆေးရုံဆင်းပေးရန်မှာ နောက်ထပ်နှစ်ကြိမ် (အနည်းဆုံး) စမ်းသပ်ကာ Negative အဖြေကို အတည်ပြုရန် လိုသည့်အတွက် ဤစမ်းသပ်နည်းမှာ ဓာတ်ခွဲအတည်ပြု လူနာတစ်ဦးအတွက် ငွေကျပ်ငါးသိန်းခန့် ကုန်ကျနိုင်သည်။ ယင်းကုန်ကျငွေကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေ ကျန်းမာရေးအသုံးစရိတ်မှ လုံးဝကျခံ စစ်ဆေးပေးနေခြင်း ဖြစ်ပါသည်။

ယခုလောလောဆယ် မေလအတွင်း Cobas 6800 Automated System ကို NHL တွင် တပ်ဆင် အသုံးပြုရန် စီစဉ်လျက်ရှိရာ ၂၄ နာရီအတွင်း ဓာတ်ခွဲနမူနာ ၁၀၀၀ ကျော်အထိ စမ်းသပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ Running cost များပြားနိုင်သော်လည်း ဓာတ်ခွဲစမ်းသပ်နမူနာများစွာကို အချိန်တိုအတွင်း စစ်ဆေးနိုင်သဖြင့် အသုံးပြုသင့်သော နည်းလမ်းတစ်သွယ်ဖြစ်သည်။

ထို့အပြင် Genexpert technology, Cartridge -based nucleic acid amplification test (NAAT) ကို အသုံးပြုပြီး ရောဂါရှာဖွေနိုင်မည့် နည်းလမ်းတစ်သွယ်ကိုလည်း ကြံဆလျက်ရှိကြောင်းကြားသိရသည်။

### ပဋိပစ္စည်း Antibody tests

Antibody tests များကိုဆောင်ရွက်ရန် သွေး၊ တံတွေး သလိပ်၊ ဆီး၊ ဝမ်းနမူနာ စသည်တို့ကိုအသုံးပြုဆောင်ရွက်နိုင်သည်။ တရုတ်နိုင်ငံဖြစ် test kit များကို အသုံးပြုဆောင်ရွက်ခဲ့သည့် လတ်တလော သုတေသန တွေ့ရှိချက်အရ သွေးနမူနာများတွင် IgM antibody စမ်းသပ်တွေ့ရှိမှုမှာ ရောဂါစဖြစ်ပွားပြီး ပထမအပတ်၊ ဒုတိယအပတ်နှင့် တတိယမှ ဆဋ္ဌမအပတ်အထိ ကာလများအတွင်း ၂၉ ရာခိုင်နှုန်း၊ ၇၃ ရာခိုင်နှုန်းနှင့် ၉၄ ရာခိုင်နှုန်း အသီးသီးရှိကြောင်း ၊ IgG antibody စမ်းသပ် တွေ့ရှိမှုမှာ အလားတူကာလများအတွင်း ၁၉ ရာခိုင်နှုန်း ၊ ၅၄ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းအသီးသီးရှိကြောင်း၊ ကာလရှည်ကြာလာသည်နှင့်အမျှ ရောဂါကူးစက်ခံရပြီးကြောင်း သက်သေခံအတည်ပြုချက်မှာ ပိုမိုမြင့်မားလာကြောင်း သိရှိရသည်။ **(ဇယား-၁)**

Antibody test များကို ဆောင်ရွက်ရာတွင် စမ်းသပ်နမူနာများကို များသောအားဖြင့် စံပြုစမ်းသပ်မှုနည်းလမ်းတစ်ခုနှင့် နှိုင်းယှဉ်စစ်ဆေးပြီး ထိရောက်စွာ ရောဂါရှာဖွေနိုင်မှု/ ရောဂါရှိကြောင်း သက်သေပြနိုင်မှု ရာခိုင်နှုန်းနှင့် မှန်ကန်စွာ ရောဂါရှာဖွေနိုင်မှု/ ရောဂါမရှိကြောင်း သက်သေပြနိုင်မှု ရာခိုင်နှုန်းတို့ကို ညွှန်းဆိုလေ့ရှိသည်။ အလွယ်ပြောရလျှင် ရောဂါရှိသည်ကို အမှန်တကယ်ရှိကြောင်း သက်သေပြနိုင်မှုနှင့် ရောဂါမရှိသည်ကို အမှန်တကယ်မရှိကြောင်း သက်သေပြနိုင်မှုဖြစ်သည်။ အောင်မြင်ပြီး FDA အသိအမှတ်ပြုခံရသော antibody test kit များမှာ အဆိုပါ parameter နှစ်ခုစလုံး ၉၀ ရာခိုင်နှုန်း ပတ်ဝန်းကျင် (၉၀ ရာခိုင်နှုန်း အထက်) ရှာဖွေနိုင်စွမ်းရှိသည်။

Antibody test များသည် RT-PCR test များထက် စရိတ်အကုန်အကျ သက်သာပြီး စမ်းသပ်နမူနာများစွာကို တစ်ပြိုင်တည်း စမ်းသပ်နိုင်သော အားသာချက်ရှိသည်။ ထို့အပြင် ဇီဝလုံခြုံမှု အဆင့်(၃)ဓာတ်ခွဲခန်းအဆင့် မဟုတ်သော်လည်း စမ်းသပ်မှုဆောင်ရွက်နိုင်ခြေရှိသည်။

ဥရောပတစ်ခွင် အသုံးပြုရန်အတွက် Abbott (UK) မှ လတ်တလောထုတ်လုပ်ထားသည့် antibody test မှာ IgG protein ကိုရှာဖွေစမ်းသပ်နိုင်ပြီး sensitivity ၉၉ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသော်လည်း စမ်းသပ်ထားသည့် လူနာအရေအတွက်မှာ ရာဂဏန်း မပြည့်သေးသဖြင့် ယုံကြည်စိတ်ချစွာ သုံးနိုင်ရန် ထပ်မံအချိန်ယူ လေ့လာရဦးမည်ဖြစ်သည်။

### လွယ်ကူလျင်မြန်စွာစစ်နိုင်သော Rapid test များ

အမေရိကန်နိုင်ငံ FDA မှ လတ်တလော အသိအမှတ်ပြုထားသည့် Cellex q SARS-CoV-2 IgG/IgM Rapid test မှာ စမ်းသပ်လူနာ၏ သွေးနမူနာကို အသုံးပြုသော Lateral flow immunoassay ဖြစ်ပြီး စမ်းသပ်လူနာ အရေအတွက်နည်းသေးသဖြင့် ရောဂါရှိသည့် သက်သေပြနိုင်မှုနှင့် ရောဂါမရှိသည့် သက်သေပြနိုင်မှုတို့ကို တိတိပပ ညွှန်းဆိုနိုင်ခြင်း မရှိသေးပေ။ ရောဂါကူးစက်ခံခဲ့ရကြောင်း အထောက်အထားအဖြစ် ဤစမ်းသပ်မှု တစ်ခုတည်းဖြင့် မဆုံးဖြတ်သင့်ကြောင်း လောလောဆယ် မှတ်ချက်ပြုထားသည်။

အလားတူ US-FDA အသိအမှတ်ပြု Curative ကုမ္ပဏီထုတ် "next-gen" saliva test မှာ စမ်းသပ်လိုသူ၏ တံတွေးကို လွယ်ကူစွာ ရယူစမ်းသပ်နိုင်သည့်အတွက် အရေအတွက်များပြားစွာ တစ်နေ့တည်း စမ်းသပ်နိုင်ခြင်း၊ ရောဂါကာကွယ်ရေးဝတ်စုံ အသုံးပြုမှုကို သိသာစွာ လျှော့ချနိုင်ခြင်း၊ နှာခေါင်းတို့ဖတ် ရယူမှုထက် လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အမေရိကန်နိုင်ငံတွင် အသုံးများလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်- ၁၉ ရောဂါ စမ်းသပ်စစ်ဆေးရှာဖွေရန်အတွက် Rapid test များ အသုံးပြုခြင်းကို လတ်တလောထောက်ခံထားခြင်း မရှိကြောင်း သိရသော်လည်း နိုင်ငံတကာတွင် အသုံးတည့်ကြောင်း အထောက်အထားများ ခိုင်ခိုင်လုံလုံ တွေ့ရှိခဲ့ပါက အသုံးပြုရန် သင့်/မသင့် ပြန်လည်သုံးသပ်သင့်ပါသည်။

ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် False positive၊ False negative result များ နည်းပါးစေရန်အတွက် Standard Operating Procedures (SOP) လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

### မာရသွန်ခရီးရှည်တိုက်ပွဲ

ကိုဗစ် – ၁၉ ရောဂါမှာ ရောဂါအသစ်အဆန်း ဖြစ်သောကြောင့် ရောဂါလက္ခဏာများ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရှာဖွေနည်းများ၊ ရောဂါကုထုံးများ၊ ကာကွယ်ဆေးအသုံးပြုရန် အလားအလာများ စသည်တို့ကို အချိန်တိုကာလအတွင်း ပြည့်ပြည့်စုံစုံ မသိရှိနိုင်သေးသော်လည်း ဤရောဂါကို ကာကွယ်၊ ထိန်းချုပ်နှိမ်နင်းရမည့်လုပ်ငန်းစဉ်မှာ မာရသွန်ပြေးသကဲ့သို့ ခရီးရှည် ချီတက်ရမည့် တိုက်ပွဲတစ်ရပ်နှင့် အသွင်သဏ္ဌာန်တူပေသည်။ ရောဂါထပ်မံကူးစက်ခြင်းနှင့် ရောဂါ ခေတ္တငုပ်လျှိုးပြီးမှ ပြန်လည်ခေါင်းထောင်လာခြင်းတို့ကိုလည်း ကွဲကွဲ ပြားပြား ခွဲခြားသိရှိနိုင်ရန် မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာရမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ် – ၁၉ ကပ်ရောဂါကာလအတွင်း ဓာတ်ခွဲခန်း ၉၆ ခု ပါဝင်သော အစိုးရနှင့်ပုဂ္ဂလိကဓာတ်ခွဲစမ်းသပ်ခန်းများကွန်ရက်ကို တည်ထောင်ပြီး ဓာတ်ခွဲနမူနာများကို စမ်းသပ်စစ်ဆေးခြင်းဖြင့် ရောဂါထိန်းချုပ်မှုအပေါ် များစွာ အကျိုးသက်ရောက်ပြီး လူသေပျောက်နှုန်းကိုလည်း လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အစိုးရနှင့် ပုဂ္ဂလိကဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို စီမံကိန်းချမှတ်ကာ စနစ်တကျ တစ်ဆင့်ပြီး တစ်ဆင့်ဆောင်ရွက်ခြင်းဖြင့် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍ၏ အရင်းအမြစ်များကို အကျိုးအရှိဆုံး ဖော်ထုတ်အသုံးချပြီး နိုင်ငံတော်အစိုးရနှင့် Regulatory body တို့၏ ထိန်းကျောင်းမှုကို ခံယူစေရန်လိုအပ်သည်။ ထို့အပြင် လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကာ လိုက်နာဆောင်ရွက်စေခြင်းဖြင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းကို နည်းဗျူဟာတစ်ရပ်အနေဖြင့် ကျင့်သုံးသင့်ကြောင်း အကြံပြုလိုပါသည်။

ရေရှည်ကာလတွင် antibody test များ အသုံးပြုစမ်းသပ်ကာ Serosurveillance ဆောင်ရွက်ခြင်းဖြင့် လူထုအတွင်း ရောဂါကူးစက်ခံရပြီးသူများ၏ အရေအတွက်ကို အနီးစပ်ဆုံး ခန့်မှန်းနိုင်ပြီး Herd immunity ၏ အခန်းကဏ္ဍကို ပိုမိုနားလည် သဘောပေါက်လာနိုင်မည် ဖြစ်သည်။

ရောဂါကာကွယ်ဆေး (Vaccine) အမြန်ဆုံး ထုတ်လုပ်နိုင်ရေးကိုလည်း နိုင်ငံများစွာရှိ သုတေသီများက အစွမ်းကုန်ကြိုးစားလျက်ရှိရာ ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်၏ ဦးဆောင်မှုဖြင့် Phase I trial ကို ကျန်းမာသော စေတနာ့ဝန်ထမ်းလူပုဂ္ဂိုလ်များတွင် လတ်တလော စတင်စမ်းသပ်နေပြီ ဖြစ်ကြောင်း အားတက်ဖွယ် ကြားသိရပေသည်။

အထက်ဖော်ပြပါအတိုင်း ကိုဗစ် – ၁၉ ကူးစက်မြန်ရောဂါနှင့် ပတ်သက်ပြီး အတည်ပြုလူနာ၊ သံသယလူနာ၊ စောင့်ကြည့်ခံပုဂ္ဂိုလ်များ၏ ဓာတ်ခွဲစမ်းသပ်မှုအဖြေများ၊ ရောဂါလက္ခဏာများ၊ ရောဂါကုထုံးများ၊ ကာကွယ်ဆေး အသုံးပြုနိုင်ရေး အလားအလာများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ အားပေးကူညီထောက်ပံ့မှုများ၊ ဌာနပေါင်းစုံချိတ်ဆက် ပူးပေါင်းဆောင်ရွက်မှုများကို အသေအချာ ဆန်းစစ်လေ့လာသုံးသပ်ပြီး မူဝါဒချမှတ်သူများနှင့် အဆုံးအဖြတ် ချမှတ်သူများအနေဖြင့် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံတွင် WHO pre-qualified laboratory test များကို အသုံးပြုပြီး ရောဂါရှာဖွေခြင်းဖြင့် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီး ကျန်းမာသော လုပ်သားအင်အားစုများကို ပြန်လည်ရရှိလည်ပတ်နိုင်ကာ နိုင်ငံ့စီးပွားရေး အမြန်ဆုံး ပြန်လည်တိုးတက်ကောင်းမွန်ပါစေကြောင်း စေတနာအတွေးဖြင့် မြော်မြင် တင်ပြအပ်ပါသည်။ ။

# ပြည်သူများ၏ ခရီးသွားလာမှုပေါ်မူတည်၍ အဝေးပြေးယာဉ်လိုင်းပြေးဆွဲမှုများ ပြန်လည်စတင်

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ၏ ခရီးသွားလာမှုအပေါ် မူတည်၍ အဝေးပြေးယာဉ်လိုင်း ပြေးဆွဲမှုများ ပြန်လည်စတင်လျက်ရှိကြောင်း တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)ထံမှ သိရသည်။

“ ရန်ကုန်တိုင်းဒေသကြီးမှာ အခြေပြုပြီး ပြေးဆွဲပေးလျက်ရှိသော ယာဉ်လိုင်းတွေရော အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အခြေပြုပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဆက်စပ်ပြေးဆွဲပေးလျက်ရှိတဲ့ ယာဉ်လိုင်းတွေရော အောင်မင်္ဂလာနဲ့ ဒဂုံ-ဧရာ အဝေးပြေးကထွက်တဲ့ယာဉ်လိုင်းတွေရော ရှိပါတယ်။ ဒီယာဉ်လိုင်းတွေက အခုအချိန်မှာ ခရီးသွားလာမှုနဲ့ ပြန်ကြည့်ပြီးတော့ စတင်ပြေးဆွဲနေပြီ ဖြစ်ပါတယ်”ဟု YRTAတွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

အဝေးပြေးယာဉ်လိုင်းများကို ဧပြီလ သင်္ကြန်ရုံးပိတ်ရက်ကာလ၌ အလှည့်ကျနားစနစ်ဖြင့် ပြေးဆွဲနိုင်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေး အစီအမံများကြောင့် ယာဉ်လိုင်းများပြေးဆွဲမှုကို ရပ်နားထားခဲ့ရသည်။ သင်္ကြန်ရုံးပိတ်ရက်ကာလပြီးဆုံးသော်လည်း ပြည်သူများအနေဖြင့် ခရီးသွားလာမှု အပိုင်းတွင် စီမံချက်နှင့်အညီ သွားလာကြရသည့်အတွက် အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲမှုကို ဆက်လက်ရပ်နားထားခဲ့ရသည်။



အောင်မင်္ဂလာအဝေးပြေးဝင်း။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ယာဉ်လိုင်းများ ပြေးဆွဲမှုနှင့်ပတ်သက်၍ သီးခြားထုတ်ပြန်ထားခြင်းမရှိဘဲ ပုံမှန်အစီအစဉ်ဖြင့်သာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဝေးပြေးမော်တော်ယာဉ်များ ပြေးဆွဲရာ၌ ခရီးသည်ရရှိမှုပေါ်မူတည်၍လည်းကောင်း၊ ခရီးသွားပြည်သူ အနေအထားပေါ်မူတည်ကာ ပြေးဆွဲမှုများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါယာဉ်လိုင်းများအနက် ရန်ကုန်- မော်လမြိုင်ခရီးစဉ်ကို မန္တလာမင်းယာဉ်လိုင်းက ပြန်လည်စတင်ပြေးဆွဲပေးလျက်ရှိပြီး မကြာမီရက်ပိုင်းအတွင်း ရန်ကုန်- တောင်ကုတ်၊ စစ်တွေ၊ ကျောက်ဖြူဘက်သို့ ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများ အနေဖြင့် ပြေးဆွဲမှုပြန်လည်စတင်နိုင်ရန် လှေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဝေးပြေးဂိတ်များတွင် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီက အောင်မင်္ဂလာ အဝေးပြေးမှ ယာဉ်လိုင်း ၂၆၂ လိုင်းခန့်၊ ဒဂုံ-ဧရာအဝေးပြေးမှ ယာဉ်လိုင်း ၁၂၇ လိုင်းနှင့် ဒလမြို့နယ် အဝေးပြေးဝင်းမှ ဧရာဝတီတိုင်းဒေသကြီးသို့ ယာဉ်လိုင်းပေါင်း ၂၃ လိုင်းခန့်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

## မကွေးတိုင်းဒေသကြီး၌ နှမ်းသီးနှံဧက ၅၀၀၀ ကို စိုက်ပျိုးရေး အလေ့အကျင့်ကောင်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည်

**မကွေး မေ ၆**

စိုက်ပျိုးရေးဦးစီးဌာန၏ အစီအမံဖြင့် မကွေးတိုင်းဒေသကြီး၌ နှမ်းသီးနှံဧက ၅၀၀၀ ကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practice – GAP) စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ယင်းလုပ်ငန်းနှင့်အတူ စိုက်ပျိုးရေး မျိုးသန့်ခြံသစ်များ တည်ထောင်ခြင်း လုပ်ငန်းများလည်း လုပ်ဆောင်ရန် ရှိနေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ၄၂၄၆ ဒသမ ၆၂၅ သန်း ထုတ်ပေးမည်ဖြစ်သည်။

“အရည်အသွေးကောင်း နှမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းကြောင့် ခိုင်မာတဲ့ဈေးကွက်ရပြီး တောင်သူတွေ ဝင်ငွေတိုးလာမယ်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက်လည်း အထောက်အပံ့ဖြစ်စေပါမယ် ” ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောသည်။

စိုက်ပျိုးရေး မျိုးသန့်ခြံသစ်များ တည်ထောင်ခြင်းဖြင့် တောင်သူများလိုအပ်သည့် အရည်အသွေးမြင့် မျိုးစေ့များ အလွယ်တကူရရှိနိုင်မည်ဖြစ်ကြောင်း၊ GAP လုပ်ငန်းတွင်လည်း ဈေးကွက်ဝင်သီးနှံတိုင်းကို GAP စနစ်ဖြင့် စိုက်ပျိုးလာစေလိုပြီး နှမ်းအရည်အသွေးကောင်းများ ပြည်ပပို့ကုန်တိုးတက်လာပါက နိုင်ငံခြားဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

**ဇေယျာတု(မကွေး)**

## အိမ်ရာစိုက်ခင်း(စံပြစိုက်ခင်း)ဖော်ဆောင်ပြသရန်စီစဉ်

**မုံရွာ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်မှ စိုက်ပျိုးရေးဦးစီးဌာနရုံးများနှင့် စိုက်ပျိုးရေး ရှေ့တန်းစခန်းများတွင် အများပြည်သူများ အလွယ်တကူလေ့လာနိုင်ရန် အိမ်ရာစိုက်ခင်း စံပြစိုက်ခင်းများ ဖော်ဆောင်ပြသပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

“ ကိုယ့်ရုံးဝင်းထဲကမြေလွတ်မှာ ကိုယ့်ဒေသနဲ့ကိုက်ညီမှုရှိတဲ့ သီးနှံတွေကို ပထမဆုံး စိုက်ပျိုးပေးရတယ်။ အဲဒီလိုစိုက်ရင်းနဲ့ တောင်သူတွေကို စိုက်ပျိုးထားတာကိုပြပြီး အသိပညာပေးမယ်။ အဲဒီလို မြို့နယ်အသီးသီးမှာ စိုက်ခင်းအသေးလေးတွေ ဖော်ဆောင်စိုက်ပျိုးပြသခြင်းအားဖြင့် ဘယ်ဒေသမှာ ဘာသီးနှံက အောင်မြင်ဖြစ်ထွန်းနိုင်ခြေရှိသလဲဆိုတာကိုသိတဲ့အတွက် တိုင်းဒေသကြီးအတွက်လည်း အကျိုးရှိသလို တောင်သူတွေ တစ်ပိုင်တစ်နိုင် စိုက်ပျိုးတဲ့သူတွေအတွက်လည်း အကျိုးရှိနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ကျွန်တော်တို့ဒေသအတွင်းမှာ ဘာတွေရနိုင်သေးလဲ အိမ်ရာစိုက်ခင်းကနေ တစ်ပိုင်တစ်နိုင်၊ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ် နိုင်တဲ့အထိကို လမ်းညွှန်ပြသပေးတဲ့ စံပြစိုက်ခင်းတွေဖြစ်တဲ့အထိ ဖော်ဆောင်လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။ ကျောင်းတွေမှာ စိုက်ခင်းတွေ ဖော်ဆောင်စိုက်ပျိုးနိုင်အောင်လို့လည်း အသိပညာပေးတာတွေ လုပ်ဆောင်ပေးဖို့လည်း စီစဉ်ထားပါတယ်” ဟု ၎င်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနရုံးများနှင့် စိုက်ပျိုးရေး ရှေ့တန်းစခန်းများတွင် အိမ်ရာစိုက်ခင်းစံပြစိုက်ခင်းများကို စိုက်ပျိုးရေးဝန်ထမ်းများက ဖော်ဆောင်စိုက်ပျိုးလျက်ရှိရာ ယင်းစိုက်ခင်းများကို လေ့လာလိုသူများအနေဖြင့် မည်သူမဆိုသွားရောက်လေ့လာနိုင်ကြောင်းနှင့် ကိုယ်တိုင်စိုက်ပျိုးလိုသူများအတွက်လည်း စိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးစေ့များကို အခမဲ့ပေးရန် စီစဉ်ပေးထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ပွင့်ဖြူမြို့နယ်၌ ဂန္ဓမာပန်းစိုက်ပျိုးရောင်းချသူများ ကုန်စည်စီးဆင်းမှုကျဆင်းနေ၍ ရောင်းအားကျဆင်း

**ပွင့်ဖြူ မေ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လက်ရှိဖြစ်ပွားနေသည့် ကိုဗစ် - ၁၉ ကြောင့် ကုန်စည်စီးဆင်းမှုများ လျော့နည်းကျဆင်းလာသဖြင့် ဂန္ဓမာပန်းစိုက်ပျိုးရောင်းချသူများ ရောင်းအားကျဆင်းကာ အခက်အခဲများ ကြုံတွေ့နေရကြောင်း မြို့နယ်အတွင်းရှိ ဂန္ဓမာပန်း စိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

**စီးပွားဖြစ်လုပ်ကိုင်**

ပွင့်ဖြူမြို့နယ် အတွင်းရှိ မုန်းချောင်းဘေး တစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံတောင်သူများသည် မုန်းချောင်းရေကို အမှီပြု၍လည်းကောင်း၊ ရေတွင်းများတူး၍ မြေအောက်ရေဖြင့် လည်းကောင်း ဥယျာဉ်ခြံမြေများ ပြုစုပျိုးထောင်၍ ဘုရားပန်းမျိုးစုံနှင့် သီးပင်စားပင်မျိုးစုံ စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ကြကြောင်း သိရသည်။

**လုပ်ငန်းအခက်အခဲများကြုံတွေ့**

ယခုနှစ်တွင် ကိုဗစ် - ၁၉ ကြောင့် အမြို့မြို့အနယ်နယ်ရှိ စည်ပင်သာယာဈေးများအား လူစုလူဝေးများ မဖြစ်ပေါ်စေရေးအတွက် ယာယီပိတ်ထားလျက်ရှိရာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ လျော့နည်း ကျဆင်းလာသည့်အတွက် ပွင့်ဖြူမြို့နယ်ရှိ ဘုရားပန်းမျိုးစုံ စိုက်ပျိုးလုပ်ကိုင် ရောင်းချသူများ အနေဖြင့် ဒေသခံပြည်သူများကိုသာ မှီခိုအားပြုရောင်းချနေရ၍ ဝင်ငွေ လျော့နည်းပြီး လုပ်ငန်းအခက်အခဲ များနှင့် ကြုံတွေ့နေရကြောင်း ပွင့်ဖြူမြို့နယ် မုန်းချောင်းဘေးအနီးရှိ ဘုရားပန်း စိုက်ပျိုးရောင်းချသည့် ဒေသခံတောင်သူများက ပြောသည်။

“ကျွန်တော်တို့ မြို့နယ်က ဘုရားပန်းစိုက်ပျိုးလုပ်ကိုင်ကြတဲ့ တောင်သူတွေ ကိုဗစ် - ၁၉ ဂယက်ကြောင့် ရောင်းအားတွေ ကျဆင်းနေပါတယ်။ မြို့ပေါ်မှာဖွင့်လှစ်တဲ့ ယာယီပွဲကျဈေးကလည်း လူစုလူဝေး မဖြစ်စေရေး အတွက် စီမံဖွင့်လှစ်ထားတာဖြစ်တော့ နာရီပိုင်းလောက်ပဲ ရောင်းခွင့်ရတာဖြစ်လို့ သိပ်မရောင်းရဘူး။ ခြံအထိလာရောက်ဝယ်ယူကြတဲ့သူတွေကိုပဲ မှီခိုအားထားပြီး ရောင်းချနေရပါတယ်။ ခါတိုင်းနှစ်တွေကဆိုရင် ဒီလိုအချိန်က ဘုရားပန်းရောင်းကောင်းတဲ့ ရာသီချိန် ဖြစ်ပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးတဲ့ ဂန္ဓမာပန်းတွေဟာ ပြင်ဦးလွင်မြို့ကနေ ပျိုးပင်မှာယူပြီး စိုက်ပျိုးရတာဖြစ်လို့ အရင်းအနှီးလည်း များပါတယ်” ဟု ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာမှ ဂန္ဓမာပန်းစိုက်ပျိုးရောင်းချသူ ဦးဝင်းဆွေက ပြောကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ပွင့်ဖြူမြို့နယ် ကံဆွယ်ကျေးရွာတွင် ကုန်ထုတ်တံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ပွင့်ဖြူ မေ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကံဆွယ်ကျေးရွာ ကုန်ထုတ်လမ်းပေါ်တွင် ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်ထုတ်တံတားတည်ဆောက်လျက်ရှိရာလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံ ငွေကျပ် ၈၈ သန်းဖြင့် အလျားပေ ၆၀၊ ယာဉ်သွားလမ်း အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေရှိပြီး ဘိုးပိုင်သံကူကွန်ကရစ် ကွန်ကရစ်ကြမ်းခင်းဖြစ်ကြောင်း သိရသည်။

**သူရိန်(မင်းဘူး)**

နိုင်ငံသာယာဝပြောဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

## မိုင်းဖြတ်မြို့နယ်၌ အိမ်ရာစိုက်ခင်း စိုက်ပျိုးနိုင်ရေး မျိုးစေ့၊ ပျိုးပင်နှင့် နည်းပညာများဖြန့်ဝေပေး

**မိုင်းဖြတ် မေ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ပြည်နယ်တစ်ခုလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သည့် အိမ်ရာစိုက်ခင်းပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဌာနဆိုင်ရာများ၊ ဒေသခံမိဘပြည်သူများအား မျိုးစေ့၊ ပျိုးပင်နှင့် နည်းပညာများ ဖြန့်ဝေပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဖြန့်ဝေပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွဋ်လွင်နှင့် ဝန်ထမ်းများက ဌာနဆိုင်ရာရုံးများနှင့် ယာယီပွဲကျဈေးတို့တွင် ဒေသခံမိဘပြည်သူများအား ခရမ်းပျိုးပင် ၂၀၀၊ မုန်ညင်း၊ ပဲတောင့်ရှည်၊ ခရမ်း၊ မုန်လာဥ စသည့်မျိုးစေ့ပေါင်း ၁၃ မျိုး အထုပ်ပေါင်း ၂၆၀ ကို (အခမဲ့)ဖြန့်ဝေပေးခဲ့ပြီး “ သက်ရှည်ကျန်းမာစိတ်ချမ်းသာဖို့ Home Garden လေးစိုက်ကြစို့”အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။




မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပျိုးပင်နှင့် မျိုးစေ့များဖြန့်ဝေပေးခြင်းသည် “ကိုဗစ်-၁၉ ဖြစ်ပွားချိန်ကာလအတွင်း မိဘပြည်သူများအနေဖြင့် Stay Home ကာလများတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်း၊ လူစုလူဝေးရှိသည့် ဈေးများကို သွားလာခြင်းမှ ရှောင်ရှားနိုင်ခြင်း၊ သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက်များကို အချိန်တိုအတွင်း ခူးဆွတ်စားသုံးနိုင်ရန်နှင့် ကိုဗစ်-၁၉ ပြီးဆုံးသည့်နောက်ပိုင်း မိမိတို့အိမ်ခြံဝင်းအတွင်း၌ စိုက်ပျိုးစားသောက်နိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အပတ်စဉ်မျိုးစေ့နှင့် ပျိုးပင်များကို ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## မြန်မာကိုင်ဒို ကုမ္ပဏီလီမိတက်မှ ဆန်အိတ် ၃၀၀၀ ဖြန့်ဝေလှူဒါန်း




တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို မြန်မာကိုင်ဒိုကုမ္ပဏီ၏လှူဒါန်းမှုကို လက်ခံယူစဉ်။

**မကွေး မေ ၆**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (အောက်ထပ်) အစည်းအဝေးခန်းမ၌ ယမန်နေ့က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တိုင်းဒေသကြီးအဆင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်မှ ဆန်၊ဆီနှင့် ရောဂါကာကွယ်ရေး အသုံးအဆောင် ပစ္စည်းများ လှူဒါန်းပေးအပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက လှူဒါန်းရရှိခဲ့မှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအတွင်း စီမံဆောင်ရွက်ထားရှိမှုများကို ပြောကြားကာ အလှူရှင်မြန်မာကိုင်ဒိုကုမ္ပဏီမှ CEO ဦးအောင်ကျော်ဦးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါလှူဒါန်းမှုတွင် မြန်မာကိုင်ဒိုကုမ္ပဏီမှ ဦးအေးကို၊ ဒေါ်နုနုခင် သားသမီးမြေးတစ်စု ရန်ကုန်မှ ငွေကျပ် ၉၇၂ သိန်းတန်ဖိုးရှိ ဆန်အိတ် ၃၀၀၀၊ ပဲဆီတစ်လီတာဘူး ၉၀၊ အောက်ဆီဂျင်စက်ခြောက်လုံး၊ နှာခေါင်းစည်း ၃၀၀၀၊ လက်အိတ် ၇၀၀၀၊ နှာခေါင်းစည်း ၃၀၀၊ သာမိုမီတာ ၁၀ နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့သို့ ငွေကျပ်သိန်း ၇၃ ဒသမ ၁ သိန်းတန်ဖိုးရှိ ဆန်အိတ် ၂၀၀၊ ပဲဆီတစ်လီတာဘူး ၅၀၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မြန်မာကိုင်ဒိုကုမ္ပဏီမှ လှူဒါန်းသည့် ဆန်အိတ်များအား တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ် -၁၉ ကာကွယ်တားဆီးရေးကော်မတီ၊ မကွေးမြို့ တပ်မ(၈၈)၊ မကွေးမြို့နယ် သီလရှင်စာသင်တိုက်၊ ဝါဂွမ်းကျေးရွာဘုန်းတော်ကြီးကျောင်း၊ ညောင်ပင်ရွာနှင့် ကုန်ကြီးရွာတို့အား ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ညောင်တုန်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**ညောင်တုန်း မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယမန်နေ့က ညောင်တုန်းမြို့နယ် မဲဇလီဒလ ကျေးရွာအုပ်စု အောက်စုကျေးရွာ၊ ရန်ကုန်-ပုသိမ် ကားလမ်းမပေါ်ရှိ ကိုဗစ်-၁၉ ကြိုတင် ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် လူဝင်/ထွက် စိစစ်ရန် ဖွင့်လှစ်ထားသည့် ကျန်းမာရေးစစ်ဆေးရေးဂိတ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့ရာ တာဝန်ရှိသူတို့က ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်တုန်းမြို့နယ် အရွဲကျေးရွာအုပ်စု ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၁၈) ရှိ ဧရာဝတီတိုင်းဒေသကြီး အဝင်နှင့် ညောင်တုန်း - ရန်ကုန် ကားလမ်းမပေါ်ရှိ ညောင်တုန်းမြို့အဝင် ကျန်းမာရေး စစ်ဆေးရေးဂိတ်တို့သို့ သွားရောက်ပြီး ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များအား ကျေးဇူးတင်ရှိကြောင်းနှင့် လိုအပ်သည်များကို ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူဝင်/ထွက် စိစစ်ရန် ဖွင့်လှစ်ထားသည့် ကျန်းမာရေး စစ်ဆေးရေးဂိတ်နှစ်ခုရှိရာ စစ်ဆေးရေးဂိတ်တစ်ခုလျှင် နှာခေါင်းစည်းအခု ၁၀၀၊ လက်အိတ် ၁၀၀၊ အရက်ပြန်ရှစ်ပုလင်း၊ Mytel ဆင်းကတ် ၂၀ နှင့် ၁၀၀၀ ကျပ်တန်ငွေဖြည့်ကတ်အခု ၂၀ တို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ခဲ့သည်။ **ဝဋ္ဌနိုင်(ညောင်တုန်း)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးစဉ်။

## ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ဆမီးမြို့များရှိ နေရပ်စွန့်ခွာသူများအား တတိယအကြိမ် အလှူငွေပေးအပ်

**ဟားခါး မေ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့်ဆမီးမြို့များရှိ နေရပ်စွန့်ခွာသူများအား စားနပ်ရိက္ခာများ ဝယ်ယူနိုင်ရန်အတွက် ငွေကျပ်သိန်း ၁၂၇၉ ဒသမ ၃၇၁ တတိယအကြိမ်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်ဝန်ကြီးချုပ်ရုံးခန်း၌ ပြုလုပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထပ်မံပေးအပ်သည့် ထောက်ပံ့ငွေများကို ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့်တာဝန်ရှိသူများက ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံယူသည်။ **(ယာပုံ)**

ထို့နောက် ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့်ဆမီးမြို့များရှိ နေရပ်စွန့်ခွာသူများအား စားနပ်ရိက္ခာဝယ်ယူရန်အတွက် အာစောကုမ္ပဏီမှလည်း ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ ချင်းပြည်နယ်အတွင်း ပလက်ဝမြို့နယ်နှင့် ဆမီးမြို့များရှိ နယ်မြေလုံခြုံရေးအခြေအနေကြောင့် မေ ၄ ရက်အထိ နေရပ်စွန့်ခွာ အိမ်ထောင်စု ၁၇၅၀ နှင့် လူဦးရေ ၇၇၀၄ ဦးရှိကြောင်း ပြည်နယ် ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ စာရင်းများအရသိရှိရပြီး နေရပ်စွန့်ခွာသူများအား စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေး၊ လူမှုစီးပွားဘဝစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ခိုရှိန်း(ပြန်/ဆက်)**



## ဂွမြို့၌ ဘုတ်ပင်ချောင်မြေ ဖော်ထုတ်ပြီးစီးမှုနှင့် နေရာချထားပေးနိုင်ရေး ညှိနှိုင်းစည်းဝေး

**ဂွ မေ ၆**

ဂွမြို့၌ ဘုတ်ပင်ချောင်မြေယာ ဖော်ထုတ်ပြီးစီးမှုနှင့် နေရာချထားပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ''ဂွမြို့နယ်အတွက် နေစရာနေရာ မရှိတဲ့သူတွေ၊ ပြောင်းရွှေ့ချထားမယ့်သူတွေ၊ နေရာအခက်အခဲဖြစ်နေတဲ့ဝန်ထမ်းတွေအတွက် ဦးစားပေးချင်တဲ့အတွက် မြေယာဖော်ထုတ်ရေးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပါတယ်။ နေရေးထိုင်ရေးအတွက်သာမက နောင်လာမယ့်အနာဂတ်အလားအလာတွေအတွက်ပါ ကြိုတင်ဆောင်ရွက်ထားပြီး လက်ရှိလိုအပ်နေတဲ့သူတွေအတွက်ပါ နေရာချထားပေးနိုင်တဲ့အနေအထားဖြစ်တာမို့ မြေယာချထားရေးနဲ့ပတ်သက်ပြီးခေါ်ယူရှင်းပြရတာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ''လူဦးရေတိုးပွားလာသည်နှင့်အမျှကျူးကျော်တွေ၊ မိသားစုတိုးချဲ့နေထိုင်ရတဲ့ကိစ္စတွေ၊ မြို့အကျယ်အဝန်းချဲ့ပေးရတဲ့ အပိုင်းတွေရှိနေတော့ ဂွမြို့မှာ မြေယာဖော်ထုတ်ရေးဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း'' ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက်တက်ရောက်လာသူများက မြေယာဖော်ထုတ်ရေးနှင့်ပတ်သက်၍အကြံဉာဏ်များပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း အခြေခံပြည်သူများအတွက် ကမ္ဘောဇဘဏ်မှဆန်အိတ် ၁၀၀၀ လှူဒါန်း

**ရန်ကုန် မေ ၆**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကို ကမ္ဘောဇဘဏ်က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရရုံး၌ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် လက်ခံယူခဲ့သည်။

ကမ္ဘောဇဘဏ်သည် ၂၀၁၆ ခုနှစ်က တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀၀ မတည်လှူဒါန်းခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သော တနင်္သာရီမြစ်ရေကြီးရေလျှံမှုတွင် ငွေကျပ်သိန်း ၅၀၀ ကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် ပြည်သူများထံသို့ လှူဒါန်းခဲ့သည့်အပြင် ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီနှင့် ကုန်ခြောက်များကို ဘဏ်အရာထမ်းဝန်ထမ်းများက ပေးအပ်လှူဒါန်းသည်။

ကမ္ဘောဇဘဏ်သည် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အခြေခံပြည်သူများအား ပေးဝေလှူဒါန်းရန်အတွက် ရည်ရွယ်၍ ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်အိတ်ပေါင်း ၂၁၀၀၀ ကျော်ကို ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ လှူဒါန်းထားသည်။ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ယနေ့အထိ ငွေကျပ် ၃၃၀၇၄ သိန်းကို လှူဒါန်းခဲ့ပြီးဖြစ်သည်။ **ကိုကျော်**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

# ရှေးမြန်မာတို့နှင့် ဖန်ချက်၊ မှန်ချက် အတတ်ပညာ (အပိုင်း-၂)

*သိပ္ပံစာရေးဆရာကိုကိုအောင်*

**သဘော်ဆေးစာပေသည် ကုန်းဘောင်ခေတ်တစ်လျှောက်တွင် အလွန်လူကြိုက်များ၍ ခေတ်စားခဲ့ပြီး ထိုပေတွင်ပါရှိသော နည်းပညာများကိုလည်း လက်တွေ့လုပ်ဆောင်ခဲ့ကြဟန်တူသည်။ အဆင့်ဆင့်မူပွားကူးယူသော ပေများကိုလည်း တွေ့ရှိရပြန်သည်။ အင်္ဂလိပ်ဆေးကျမ်းအမည်ဖြင့် ၁၈၆၄ ခုနှစ်က ရေးကူးပြီးသော တစ်အင်္ဂါကိုးချပ်ပါ ၁၀ ကြောင်းရေး ပေတစ်ထုပ်နှင့် ၁၈၇၀ ပြည့်နှစ်က ရေးကူးသော နှစ်အင်္ဂါနှစ်ချပ်ရှိ ၁၀ ကြောင်းရေး ပေတစ်ထုပ်လည်း ရှိသေးသည်။ ဒုတိယပေနှစ်ထုပ်မှာ မင်းတုန်းမင်းလက်ထက်က ရေးကူးခဲ့သော ပေမူပွားများ ဖြစ်ကြသည်။**

၁၈၆၄ ခုနှစ်က ရေးကူးသောပေတွင် ၁၇၅၉ ခုနှစ် ပေကထက် ဓာတုဗေဒနည်းပေါင်း ကိုးမျိုးပိုမိုပါဝင်ခဲ့သည်။ အလားတူပင် ၁၈၇၀ ပြည့်နှစ်က ရေးကူးသောပေတွင် ၁၈၆၄ ခုနှစ်ပေမူတွင်ပါသော အကြောင်းအရာများအပြင် တရုတ်နည်း၊ ယိုးဒယား(ထိုင်း)နည်းစသည်ဖြင့် အတတ်ပညာနည်းပေါင်း ၇၀ ကျော်ကို ထပ်မံဖြည့်စွက်ထားသည်။ အချို့သော နိုင်ငံခြားဘာသာ အခေါ်အဝေါ်များနှင့် ပညာရပ်ဆိုင်ရာ ဝေါဟာရများကိုလည်း မြန်မာဘာသာဖြင့် ပြန်ဆိုရှင်းလင်းဖော်ပြထားခဲ့သည်။

ယခင် တောင်တွင်းကြီးပြတိုက်တွင် အလားတူ ပေသုံးထုပ်ရှိခဲ့ဖူးသည်။ တောင်တွင်းကြီးပြတိုက်မှ ပေများမှာ **လက်မှုပညာလုပ်နည်း၊ ဩသထရတနာကရကျမ်း၊ မြန်မာ ဖန်ချက်နည်းနှင့် သိပ္ပံပညာရပ်များ** ဖြစ်ကြသည်။ ထိုပေသုံးထုပ်သည် သဘော်ဆေးစာ သို့မဟုတ် အင်္ဂလိပ်ဆေးကျမ်းပေ၏ မူပွားများဖြစ်ကြသည်။ အတွင်းစာသားပါ အကြောင်းအရာများကိုကြည့်၍ နှောင်းလူတို့က ပေတစ် လွှာချင်း၏ အမည်ကို ခေါင်းစဉ်ရေးထိုးထားသောကြောင့်သာ အမည်ကွဲနေခြင်းဖြစ် သည်။ ရွှေမင်ဖော်နည်းစသည်ဖြင့် ၁၈၆၄ ခုနှစ် ပေမူ၏ မူပွားများဟု ခန့်မှန်းရသည်။

> **“ရာဇဝင်များ၌ ရှေးကမတွေ့ရ ဖူးသော ဖန်ချက်ဝန်ရာထူးကို မင်းတုန်းမင်းလက်ထက်တွင် စတင်တွေ့ရှိရသည်။ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ လက်ထက်ရတနာပုံခေတ်တွင် ဖန်ချက်ဝန်သုံးဦးရှိခဲ့သည်။ ဖန်ချက်ဝန် ဦးဖန်၊ နောင်တွင် ကျောက်မြောင်း အတွင်းဝန်ဖြစ်သွားသော ဖန်ချက်ဝန်ဦးရွှေအိုးနှင့် သီပေါမင်းလက်ထက်တွင် နန်းမတော် မိဖုရားခေါင်ကြီးဘုရား စာရေးကြီး ဖန်ချက်ဝန်တို့ ဖြစ်ကြသည်။ သီပေါမင်းလက်ထက်ဝန်ကြီး၊ မှူးကြီး၊ ဝန်စုနှင့် မှူးစုများစာရင်းတွင် မင်းလုနရစည်သူကျော် ဖန်ချက်ဝန်မောင်ပွားဟု ပါရှိသည်။ မောင်ပွားသည် မိဖုရားခေါင်ကြီး၏ စာရေးကြီး ဖန်ချက်ဝန်ဖြစ်မည်ဟု မှန်းဆရသည်”**

## ဖန်ချက်နည်း ဘယ်ချိန်ကစ

လက်မှုပညာလုပ်နည်းပေမှာ မူလညောင်ကိုင်းကျောင်းမှ ပေဖြစ်သည်။ မြန်မာဖန်ချက်နည်းနှင့် သိပ္ပံပညာရပ်များ ပေသည် မူလသာစည်နယ် ဖရုံကျောင်းမှ ပေဖြစ်သည်။ ထိုပေထုပ်သုံးထုပ်တွင် အဆုံးပိုင်းများ မပါရှိသဖြင့် ပေရေးကူးခဲ့သည့် နှစ်များကို မသိရပေ။ ပေအစပိုင်းတွင် သဘော်ဆေးစာနှင့် အင်္ဂလိပ်ဆေးကျမ်းများအတိုင်း **ရှေးခေတ်သုံးသဒ္ဒါဖြင့်** “ယူဇနာရှစ်သောင်းလေးထောင်နက်သော သီတာအောက်၌ ရတနာသဲပြင်တို့ကို ဆောင်ယူသကဲ့သို့၊ သဘော်ပြည်မှ၊ သဘော်သူကြီးတို့သည် ယူ၍ဆက်သသော အထူးထူးသော နည်းကောင်းတို့ကို မှတ်သားထားသည်ဘုရား” ဟု နိဒါန်းပျိုးထားသည်။

ဖော်ပြပါ ပေခြောက်ထုပ်တွင် မှတ်တမ်းတင်ထားသော ဖန်ချက်နည်းအပါအဝင် အတတ်ပညာနှင့် နည်းပညာများသည် သဘော်ပြည်မှ သဘော်သူကြီးတို့ ယူဆောင်ဆက်သသော နည်းများဟု ဆိုထားသဖြင့် တိုင်းတစ်ပါးမှရသော အတတ်ပညာနှင့် နည်းပညာများဖြစ်ကြောင်း၊ ထိုသိပ္ပံအတတ်ပညာနှင့် နည်းပညာများကို ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်အတွင်းက များစွာလေ့လာလိုက်စား မှတ်သားခဲ့ကြကြောင်း ထင်ရှားသည်။ ထို့ကြောင့်ပင် အဆင့်ဆင့်မူပွားကာ ကူးယူစုဆောင်းခဲ့ကြခြင်း ဖြစ်သည်။

ထိုစဉ်က ဘုန်းတော်ကြီးကျောင်းများသည် ဇာတ်နိပါတ်၊ ပျို့၊ ကဗျာ၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ အင်္ဂိရတ်ကျမ်းမှစ၍ လောကီ၊ လောကုတ္တရာစာပေများကို စုဆောင်းထားရှိရာ ပညာ့ရိပ်မြုံ သို့တည်းမဟုတ် ပိဋကတ်တိုက်ကြီးများပင် ဖြစ်ကြသည်။ တတ်နိုင်သူ ဒါယကာ ဒါယိကာမများက ထိုစာပေအမျိုးမျိုးကို ပေထက်တင် မူပွားကာ ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့ကြသဖြင့်လည်းကောင်း၊ ဘုန်းတော်ကြီးများ ကိုယ်တိုင်ကလည်း စုဆောင်းခဲ့ကြသဖြင့်လည်းကောင်း ရှေးမြန်မာဘုန်းတော်ကြီး ကျောင်းများ၌ စာကောင်းပေမွန်မျိုးစုံရှိခဲ့သည်။ ညောင်ကိုင်းကျောင်းနှင့် သာစည်နယ် ဖရုံကျောင်းတို့မှ လက်မှုပညာလုပ်နည်းပေနှင့် ဖန်ချက်နည်းပေများကို ရရှိခဲ့ခြင်းက သာဓကအဖြစ် ပြဆိုနေသည်။ အလားတူပင် များပြားလှသော ဘုန်းကြီးကျောင်းများ၌ သဘော်ဆေးစာ၊ အင်္ဂလိပ်ဆေးကျမ်း၊ လက်မှုပညာလုပ်နည်းစသော ပေများနှင့် မူပွားများ ရှိခဲ့ပေလိမ့်မည်။ အမည်အမျိုးမျိုးတပ်ထားခဲ့သောကြောင့် လည်းကောင်း၊ ရှာဖွေမတွေ့ရှိသေးသောကြောင့်လည်းကောင်း၊ ပျက်စီးဆုံးရှုံးသွားသောကြောင့်လည်းကောင်း မသိရှိကြရခြင်း ဖြစ်နိုင်သည်။

ထိုပေများအနက် သဘော်ဆေးစာပေ (၁၈၇၀ ပေမူ)ကို ဗြိတိသျှခေတ် ၁၉၁၃ ခုနှစ်တွင် ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)က လက်မှုပညာဋီကာအမည်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။ စာအုပ်တွင်ပါသော ပညာရပ်များကို လက်တွေ့လုပ်ဆောင်ဖူးခြင်း မဟုတ်ဘဲ သဘော်ဆေးစာကို ဖွင့်ပြခြင်းသာဖြစ်ကြောင်း ဖော်ပြထားသည်။ ပေတွင်ပါသော ရှေးခေတ်အရေးအသားများ၊ အဓိပ္ပာယ်မပေါ်လွင်သော အရေးအသားများကို ဖတ်ရလွယ်အောင် ခေတ်နှင့်လျော်ညီစွာ ပြုပြင်ဖော်ပြထားသည်။

## ပေစာထဲက ဖန်ချက်နည်းများ

တွေ့ရှိရသမျှပေတို့တွင် ပါဝင်သည့် ဖန်ဖြူ၊ ဖန်နီ၊ ဖန်ဝါ သို့တည်းမဟုတ် ရွှေရောင်ဖန်၊ ဖန်ပြာ၊ ဖန်စိမ်း သို့တည်းမဟုတ် မြရောင်ဖန်၊ ပုလဲရောင်ဖန်၊ ဖန်နက်ချက်နည်း ခုနစ်မျိုးသည် ပေစာကူးအမှား၊ သတ်ပုံအချွတ်အလွဲနှင့် စာအကျအနများမှလွဲ၍ အကြောင်းရပ်အားဖြင့် ထပ် တူဖြစ်သည်။ ဖန်ချက်နည်းကို ရှေးခေတ်သုံးသဒ္ဒါဖြင့် ဖော်ပြရာ၌ –

“အထူးထူးသော မြက်သစ်ပင်တို့တွင် ဆားဓာတ်၊ ဆီဓာတ်၊ ရေဓာတ်ဟူ၍ နာနာသိပ္ပံသမူဟောတည်းဟူသော ကျမ်းဂံထွက်သည်နှင့်အညီ ဘန်၏အရာ၌ ပထမ မူလအရင်းဖြစ်သော ထိုအထူးထူးသော မြက်သစ်ပင်တို့မှ ဆားကိုထုတ်ယူ၍သဲကျောက်တို့ဖြင့် ရောရှက်သည်ရှိသော် ဘန်ဖြစ်စေတတ်သော နိဿရည်းကိုဆိုလတ့ံ” ဟု အစချီကာ လိပ်သရွေ၊ သမင်စာဖို၊ သမင်စာမ၊ ထနောင်း၊ ကျူူ သက်ကယ်၊ ထန်းနို့၊ ငှက်ပျောဟူသော သစ်ပင်ရှစ်မျိုးမှ ဆားချက်ယူပုံကို ပထမဖော်ပြထားသည်။

ထို့နောက် ဖန်ချက်ရာတွင် အသုံးပြုမည့် ခဲမပုပ်ကို ပြာချနည်းအား ဖော်ပြသည်။ ခဲပြာနှင့် သစ်ပင်မှချက်သော ဆားတို့ကို ပေါင်းစပ်လျှင် ဖန်ဖြစ်သော်လည်း အရောင်အဝါမရှိ၊ အထိအခိုက်မခံပေ။ ကျောက်သဲအစရှိသည်တို့ကို ရောယှက်၍ ချက်ရသည်ဟု ဖော်ပြကာ ကျောက်မှုန့်၊ သဲမှုန့်တို့နှင့် ရောသောနည်းကို ဖော်ပြသည်။ မီးပွင့်သည့် ကျောက်မှသာ ဖန်ဖြူသည်။ ဖန်စိမ်းစီရင်လျှင် သဲနုမှ ကောင်းသည်ဟုလည်း ဖော်ပြထားသည်။ ဖန်ဖြူ၊ ဖန်နီ၊ ရွှေရောင်ဖန်၊ ဖန်ပြာ၊ မြအဆင်း သို့မဟုတ် ဖန်စိမ်း၊ ပုလဲရောင်ဖန်၊ ဖန်နက်များ ချက်ရာတွင် သစ်ပင်ဆား၊ ခဲမပုပ်ပြာ၊ သံမဏိပြာ၊ ဒန်ပြာ၊ ကြေးနီ၊ ကုလားရွှေ၊ ကန့်မှုန့်၊ ကျောက်စရစ်မှုန့်၊ သဲ၊ တာတရတို့ကို အတိုင်းအဆ အချိန်အတွယ်နှင့် လိုအပ်သလို အသုံးပြု၍ ချက်လုပ်ပုံများကို ဖော်ပြထားသည်။ သဘော်ဆေးစာကို ၁၈၇၀ ပြည့်နှစ်တွင် ဖြည့်စွက်ရှင်းလင်းရေးသားထားသော ပေမူပါ ရှင်းလင်းချက်အရ တာတရမှာ ယမ်းဖြစ်ကြောင်း သိရသည်။

ရတနာပုံခေတ်တွင် ခေတ်မီစက်ရုံများကို တည်ထောင်ရာ၌ ဖန်ချက်စက်ရုံလည်း အပါအဝင်ဖြစ်သည်ဟု ဆိုကြသည်။ သို့ရာတွင် ရာဇဝင်ကျမ်းများ၌ ဖန်ချက်စက်ရုံဟု တိတိကျကျ ဖော်ပြထားခြင်းကိုမူ မတွေ့ရပေ။ စက်ရုံများနှင့်စပ်လျဉ်း၍ ဖော်ပြသော **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း**က “လက်နက်နှင့်ဆိုင်သော စက်ဆိုသည်ကား အမြောက် သေနတ်လုပ်စက်၊ ဒင်္ဂါးလုပ်စက်နှင့် အရည်ကျိုစက် စသည်များကို ဆိုလိုသည်။ သဘော်နှင့်ဆိုင်သော စက်ဆိုသည်ကား ပင်လယ်သွား၊ မြစ်ကြောင်းသွား သဘော်များနှင့် မီးရထားလမ်းလုပ်ရန် သံရည်ကျိုစက် စသည်ကို ဆိုလိုသည်။ အထည်နှင့်ဆိုင်သော စက်ဆိုသည်ကား ကတ္တီပါစက်၊ ပိုးပုဆိုးစက်၊ ဂွမ်းစက်၊ ဆန်စက်၊ သကြားစက် စသည်တို့ကို ဆိုလိုသည်” ဟု စက်အုပ်စု သုံးမျိုးကို ခွဲခြားပြထားသည်။

**ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး**က “ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ ပုံရိုက်လုပ်ဆောင်သော ဒင်္ဂါးစက်ရုံတော်၊ စပါးအမျိုးမျိုး ကြိတ်လုပ်သော ဆန်ကြိတ်စက်ရုံတော်၊ အမြောက်ကြီးငယ်၊ လုံထားအမျိုးမျိုး၊ ဗုံးဆန် တူဆန် အမျိုးမျိုးသွန်းလုပ်သော စက်ရုံတော်၊ သစ်ပျဉ်များကို တိုက်ခွဲသော လွှစက်ရုံတော်၊ သကြားချက်လုပ်သော စက်ရုံတော်၊ မဲနယ်ချက်လုပ်သော စက်ရုံတော်မှစ၍ စက်ရုံအမျိုးမျိုး ဦးရေငါးဆယ်ကျော်” ဟု ပြဆိုထားသည်။ **ရတနာသီခ မဟာရာဇဝင်**ကလည်း “ရွှေမြို့တော်အနောက်မြောက်ရွှေတချောင်းနား၌ စက်ရုံတစ်ခု၊ အထည်လုပ်သော စက်ရုံ၊ ယက်ကန်းစက်ရုံ၊ စပါးစက်ရုံ၊ လွှစက်၊ သကြားစက်၊ ပန်းကန်စက်၊ ကော်ဇောကမ္ဗလာလုပ်စက်ရုံ၊ ၎င်းစက်ရုံများကို”ဟု ဖော်ပြထားသည်။ ယင်းဖော်ပြချက်များထဲ၌ ဖန်ချက်စက်ရုံဟူ၍ မတွေ့ရှိရပေ။

## ရတနာပုံခေတ်နှင့် ဖန်ချက်စက်ရုံ

စက်ရုံများစာရင်းတွင် ဖန်ချက်စက်ရုံဟု မတွေ့ရသော်လည်း ရတနာပုံခေတ်၌ ဖန်ချက်လုပ်ငန်းထွန်းကားခဲ့သည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ အမရပူရမြို့တော်တွင် ဖန်ချက်တန်းဟုပင် ရှိခဲ့သည်။ ရတနာပုံ နေပြည်တော်၌လည်း ယခုမန္တလေးမြို့ ၈၁ လမ်းဝန်းကျင်သည် ဖန်ချက်တန်းဖြစ်ခဲ့သည်။ ထို့ပြင် ရာဇဝင်များ၌ ရှေးကမတွေ့ရဖူးသော ဖန်ချက်ဝန်ရာထူးကို မင်းတုန်းမင်းလက်ထက်တွင် စတင်တွေ့ရှိရသည်။ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ လက်ထက်ရတနာပုံခေတ်တွင် ဖန်ချက်ဝန် သုံးဦးရှိခဲ့သည်။ ဖန်ချက်ဝန် ဦးဖန်၊ နောင်တွင် ကျောက်မြောင်းအတွင်းဝန်ဖြစ်သွားသော ဖန်ချက်ဝန်ဦးရွှေအိုးနှင့် သီပေါမင်းလက်ထက်တွင် နန်းမတော် မိဖုရားခေါင်ကြီးဘုရား စာရေးကြီးဖန်ချက်ဝန်တို့ ဖြစ်ကြသည်။ သီပေါမင်းလက်ထက် ဝန်ကြီး၊ မှူးကြီး၊ ဝန်စုနှင့် မှူးစုများစာရင်းတွင် မင်းလုနရစည်သူကျော် ဖန်ချက်ဝန်မောင်ပွားဟုပါရှိသည်။ မောင်ပွားသည် မိဖုရားခေါင်ကြီး၏ စာရေးကြီး ဖန်ချက်ဝန်ဖြစ်မည်ဟု မှန်းဆရသည်။

ဖန်ချက်ဝန်တို့၏ လုပ်ငန်းတာဝန်မှာ ဖန်ကြည်လုံးကြီးငယ်၊ ဖန်ပြောင်းမှုတ်လုပ်ရသော ဖန်ချက်အစုသားတို့ကို မင်းမှုတော်ရပ်ရှိသည့်အခါ အတွင်းတော်က ပေးအပ်သည့် စနစ်ပုံစံအတိုင်း မှုတ်လုပ်ပေးအပ် ထမ်းရွက်ရခြင်းဖြစ်သည်။

မင်းတုန်းမင်းလက်ထက်တွင် ဖန်ချက်အစု ဖန်ချက်အလုပ်သမားများကို တောင်ထားဝယ် သေနတ်ဗိုလ်က ကြီးကြပ်အုပ်ချုပ်ခဲ့ခြင်းကိုလည်း တွေ့ရှိရသည်။ ထိုစဉ်က ဖန်ချက်အလုပ်သမားများထဲတွင် ဘင်္ဂလားမှလာသော ဖန်ချက်သမားများလည်း ရှိခဲ့သည်။ ၁၈၇၅ ခုနှစ်က ခေါ်တာဘတ်သည် ဘင်္ဂလားမြို့မှလာ၍ တောင်ထားဝယ် သေနတ်ဗိုလ်ထံတွင် တစ်လလျှင် လခကျပ် ၄၀ ဖြင့် ဖန်ချက်အလုပ်၌ ဝင်ရောက်အမှုထမ်းသည်။ ခေါ်တာဘတ်သည် အရက်ဘိန်းသောက်စားသဖြင့် ခုနစ်လအကြာတွင် အလုပ်မှထုတ်ပယ်ခံခဲ့ရသည်။ ဤသည်ကို မကျေနပ်၍ ၁၀ လ အတွက် လစာကျပ် ၄၀၀ ရရန် ကျန်ရှိကြောင်း ခေါ်တာဘတ်က အင်္ဂလိပ်အရေးပိုင် (အင်္ဂလိပ်သံကိုယ်စားလှယ်)မှတစ်ဆင့် တိုင်တန်းလျှောက်ထားသဖြင့် ဖြေရှင်းပေးရခြင်း ရှိခဲ့သည်။

မင်းတုန်းမင်းလက်ထက် အမရပူရရှိ ဖန်ချက်လုပ်ငန်းကို မေဂျာအာသာဖယ်ရာနှင့်အတူ နေပြည်တော်သို့ ရောက်ရှိလာသော ကပ္ပတိန် ဟင်နရီယူးလ်က မြင်တွေ့ခဲ့သည်။ ချက်လုပ်သော ဖန်ပုလင်းများမှာ ဖန်သားကောင်းမွန်၍ ကြည်လင်နေကြောင်း၊ အိန္ဒိယနိုင်ငံ ဟဒ်ဝါမြို့ထွက် ဖန်ထည်များထက် သာလွန်ကြောင်း ယူးလ်က သူ၏မှတ်တမ်းတွင် ဖော်ပြထားခဲ့သည်။ ယူးလ်သည် ဖန်ထည်ပစ္စည်းများကိုသာ မြင်တွေ့ခဲ့ရပြီး ချက်လုပ်ပုံကိုမူ မမြင်ခဲ့ရပေ။ ထို့ကြောင့်ပင် အင်္ဂလန်မှ ရောက်ရှိလာသော ဖန်သားဖန်ခဲများကို ပြန်လည်ကျိုချက်ခြင်း ဖြစ်ဟန်တူသည်ဟု မှတ်ချက်ပြုထားသည်။

ရတနာပုံခေတ် ဘုရင့်ဖန်ချက်စက်ရုံတော်မှ မည်သည့်ပစ္စည်းများ ထုတ်လုပ်ခဲ့ပြီး မည်မျှထုတ်လုပ်နိုင်စွမ်းရှိခဲ့သည်ကို အတိအကျမသိရပေ။ ယခင် တောင်တွင်းကြီးပြတိုက်တွင် ဇီးချိုဒိုင်သွေးသောက်ကြီး ဦးဖျော်လှူဒါန်းခဲ့သော မင်းတုန်းမင်းလက်ထက် မြန်မာ့လက်ရာ ဖန်ခွက်၊ ဖန်ကရားနှင့် ဖန်အုပ် စသောပစ္စည်းများရှိခဲ့သည်။ ပြတိုက်မီးလောင်ရာတွင် ပျက်စီးခဲ့ကြပြီး အထောက်အထားအဖြစ် ဓာတ်ပုံသာလျှင် ကျန်ရှိတော့သည်။

## ရတနာပုံခေတ်က ဖန်ပုံစံအမျိုးမျိုး

ရွှေတောင်မြို့နယ် ကွေ့မရွာတွင် မြစ်ကမ်းပြိုရာမှ ငွေထုံးဘူး၊ ငွေခွက်များနှင့်အတူ ဖန်ပြာခွက်သုံးခုကို ရရှိခဲ့သည်။ ထိုဖန်ပြာခွက်များမှာ အနက်ဖန်ခွက်သုံးခုသည် ဆင်တူရွယ်တူဖြစ်ပြီး တစ်လုံးမှာ အပြာရောင်ဖြစ်၍ ကျန်နှစ်လုံးက အစိမ်းရောင်ဖြစ်သည်။ တောင်တွင်းကြီးပြတိုက်တွင် ရှိခဲ့ဖူးသော ဖန်ခွက်ကဲ့သို့ အထက်မှအောက်သို့ ရှူးသွားခြင်းမဟုတ်ဘဲ အောက်ခြေ၌ သိမ်သွားကာ လည်ရစ်ပါသောအထိုင်ဖြင့် ပြုလုပ်ထားသော ဖန်ခွက်များ ဖြစ် ကြသည်။

ဖန်ခွက်သုံးလုံး၏ နှုတ်ခမ်းအဝန်းအဝိုင်း တူညီခြင်း၊ ဖန်ခွက်ကိုယ်ထည် အချိုးအစားတူညီခြင်းတို့ကို ထောက်၍ ဖန်သားအရည်ကို သွန်းပုံစံခွက်အတွင်းသို့ သွင်း၍ ပါးစပ်ဖြင့် မှုတ်ယူခဲ့သည်ဟုယူဆရသည်။ ဖန်ခွက်အောက်ခြေအထိုင် တစ်ခုနှင့်တစ်ခု အရွယ်မတူညီခြင်း၊ ပုံသဏ္ဍာန်မတူခြင်း၊ အနိမ့်အမြင့် ကွာခြားခြင်းတို့ကြောင့် သီးခြားဖန်ရည်ကပ်ယူပြီး လက်လွတ် (Free Hand) ပုံဖော်ယူသည်ဟု တွေးဆနိုင်သည်။ ဖန်ခွက်များတွင် အပြာရောင်နှင့် အစိမ်းရောင်နှစ်မျိုးတွေ့ရရာ အပြာရောင်အတွက်မူ Cobalt ဂုဏ်သတ္တိနှင့် အလားတူသော ဓာတ်ပြာကို အသုံးပြုခဲ့သည်ဟု ယူဆနိုင်ပြီး အစိမ်းရောင်အတွက် Copper ဂုဏ်သတ္တိနှင့် အလားတူသော ဓာတ်ပြာကို အသုံးပြုခဲ့သည်ဟု ယူဆရသည်။ ဖန်ခွက်တစ်ခုနှင့်တစ်ခု အထူအပါးမညီခြင်းကမူ ပါးစပ်မှမှုတ်သည့် မှုတ်အား (Pressure) ကွာခြားခြင်းကြောင့် ဖြစ်နိုင်ခြေရှိသည်။ ဖန်ခွက်နှုတ်ခမ်းများကို မီးပေးပြီး အချောကိုင်ထားသော်လည်း အောက်ခြေအထိုင်များကိုမူ မီးပေးအချောကိုင်ထားခြင်းကိုသော်လည်းကောင်း၊ အချောကိုင်ကိရိယာ (Grinding Wheel) ဖြင့် အချောကိုင်ထားခြင်းမျိုးကိုသော်လည်းကောင်း မတွေ့ရှိရပေ။

*စာမျက်နှာ ၂၇ သို့*

# ဇောဓိတထောင်ဆင်ထိန်းသိမ်းရေးစခန်းမှ ဆင် ခုနစ်ကောင်အား မေလအကုန်၌ ပုလဲမြို့နယ် အိုင်လယ်ကြီး ဆင်စခန်းသို့ ခေတ္တရွှေ့ပြောင်းထားမည်

**မုံရွာ မေ ၆**

မုံရွာမြို့နယ် ဇောဓိတထောင် ဆင်ထိန်းသိမ်းရေးစခန်းမှ ဆင် ခုနစ်ကောင်ကို ယခုလအကုန်တွင် ပုလဲမြို့နယ် အိုင်လယ်ကြီးဆင်စခန်းသို့ ခေတ္တရွှေ့ပြောင်းထားမည်ဖြစ်ကြောင်း ဇောဓိတထောင်ဆင်ထိန်းသိမ်းရေး စခန်းတာဝန်ခံ မုံရွာသစ်ထုတ်ရေးဒေသမှ လက်ထောက်မန်နေဂျာ ဦးသက်ဆွေအောင်၏ ပြောကြားချက်အရ သိရသည်။

"ရွှေ့ပြောင်းရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကိုဗစ်-၁၉ ကြောင့် ဆင်စခန်းတွေ ပိတ်သိမ်းထားတဲ့ အချိန်မှာ ဆင်တွေကို တောတွင်းမှာ သူ့သဘာဝအတိုင်း နေထိုင်ကျက်စားလို့ရအောင် ခဏရွှေ့ထားတဲ့သဘောဖြစ်တယ်၊ ကိုဗစ်-၁၉ တွေပျောက်ကင်းပြီး ဆင်စခန်းပြန်ဖွင့်တဲ့ အချိန်ဆို ပြန်လာမှာဖြစ်ပါတယ်။ စခန်းမှာရှိတဲ့ ဆင် ခုနစ်ကောင်လုံး ရွှေ့မှာဖြစ်ပါတယ်၊ မေလအကုန်လောက် ရွှေ့ဖို့မှန်းထားတယ်၊ ဆင်စခန်းပိတ်ထားတဲ့အချိန်မှာ ဆင်ဝိုင်းထဲမှာနေပြီး ကျွေးတဲ့အစားအစာကို စားမယ့်အစား သူ့သဘာဝအတိုင်း လွတ်လွတ်လပ်လပ်နဲ့ နေထိုင်ကျက်စား နိုင်အောင်လို့ စီစဉ်တာဖြစ်ပါတယ်"ဟု ဇောဓိတထောင် ဆင်ထိန်းသိမ်းရေးစခန်းတာဝန်ခံ မုံရွာသစ်ထုတ်ရေးဒေသ လက်ထောက်မန်နေဂျာ ဦးသက်ဆွေအောင်က ပြောသည်။

ကိုဗစ်-၁၉ကို ထိန်းချုပ်ကာကွယ်နိုင်ရေး လူအများစုလေ့လာနိုင်သည့် ဇောဓိတထောင် ဆင်စခန်းကို မတ် ၂၅ ရက်မှစတင်ပြီး အများပြည်သူ ဝင်/ထွက် သွားလာခွင့်ကို ပိတ်ထားခဲ့ရာ ဆင်ထိန်းသိမ်းရေး စခန်းပိတ်ထားသည့် ကာလအတွင်း ဆင်များကိုတောတွင်းနေရာများ၌ ဆင်တို့၏ သဘာဝအတိုင်းပြန်လည် နေထိုင်နိုင်ရန်အတွက် မေလအကုန်တွင် တောတွင်းသို့ ပြန်လည်ရွှေ့ပြောင်းခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**



ဆင်ထိန်းသိမ်းရေးစခန်းမှ ဆင်များကို ရေချိုးသန့်စင်ပေးနေစဉ်

## တောင်ငူမြို့နယ်၌ သောက်သုံးရေပြတ်လပ်နေသည့် ကျေးရွာသို့ သောက်သုံးရေလှူဒါန်း

**တောင်ငူ မေ ၆**

တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မေ ၅ ရက်က သောက်သုံးရေပြတ်လပ်နေသည့် တောင်ငူမြို့နယ် ၅ မိုင်ကျေးရွာသို့ သွားရောက်၍ သောက်သုံးရေဂါလန် ၂၀၀၀ အား ဖြန့်ဝေလှူဒါန်းပေးသည်။

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် တောင်ငူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးများ၏ ညွှန်ကြားချက်နှင့်အညီ တောင်ငူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိမိတို့မြို့နယ်အတွင်းရှိ နွေရာသီသောက်သုံးရေပြတ်လပ်နေသောကျေးရွာများအား သောက်သုံးရေရရှိရေးအတွက် ဌာနပိုင်မော်တော်ယာဉ်များဖြင့် လိုက်လံဖြန့်ဝေပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်ကလည်း ကျောက်ပါးစပ်ကျေးရွာသို့ သောက်သုံးရေ ဖူလုံစေရန် ရေဂါလန် ၂၀၀၀ သွားရောက်ဖြန့်ဝေပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း နွေရာသီရေရှားပါးမှု ကြုံတွေ့ရသည့် ကျေးရွာများရှိပြည်သူများ သောက်သုံးရေရရှိရေးအတွက် ကျေးရွာအရောက်သွားရောက်ဖြန့်ဝေမှုများ ပြုလုပ်ပေးလျက်ရှိရာ မတ်လအတွင်း ကဝမြို့နယ် စာဖြူစုကျေးရွာ၊ သနပ်ပင်မြို့နယ် ဉာဏ်ကျွန်းကျေးရွာတို့တွင် ရေဂါလန်ပေါင်း ၄၅၀၀ ကိုလည်းကောင်း၊ ဧပြီလအတွင်းတွင် ပဲခူးမြို့နယ် ကလိကျေးရွာ၊ ကဝမြို့နယ် မမောက်ကျေးရွာနှင့် ကန်တော်ကျေးရွာ၊ သနပ်ပင်မြို့နယ် ကျွဲတဲ ကျေးရွာ၊ ဆယ်ဇေကျေးရွာနှင့် သနတ်တန်းကျေးရွာ၊ တောင်ငူမြို့နယ် ကျောက်ပါးစပ်ကျေးရွာနှင့် စပါးလင်ကုန်းကျေးရွာများတွင် ရေဂါလန်ပေါင်း ၂၇၄၂၀၀ ကို လည်းကောင်း ကျေးရွာအရောက်ဖြန့်ဝေခဲ့ပြီးဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသိန်းက ပြောကြားသည်။ **တင်စိုး(ပဲခူး)**

## ကိုဗစ်-၁၉ ကာလအတွင်း အခက်အခဲဖြစ်ပေါ်နေသည့် ဒေါပုံမြို့နယ်မှ ပြည်သူများအား ထောက်ပံ့ပေးအပ်

**ဒေါပုံ မေ ၆**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာလအတွင်း အခက်အခဲဖြစ်ပေါ်နေသည့် တစ်နေ့လုပ်တစ်နေ့စား ပြည်သူများအား အလှူရှင်များက တစ်အိမ်ထောင်လျှင် ဆန်လေးပြည်နှုန်းဖြင့်ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားရုံခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဒေါပုံမြို့နယ်အတွင်း တစ်နေ့လုပ်တစ်နေ့စား အိမ်ထောင်စုပေါင်း ၃၀၀၀ ရှိ ပြည်သူများအတွက် တစ်အိမ်ထောင်လျှင် လေးပြည်နှုန်းဖြင့် ဆန်အိတ် ၄၆၄ အိတ်ကို အလှူရှင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

**သဲစုစုလွင်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး၌ လာမည့်ဘဏ္ဍာနှစ်တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

**မန္တလေး မေ ၆**

မန္တလေးတိုင်း ဒေသကြီးအတွင်း ဧရာဝတီမြစ်နှင့် ဒုဌဝတီမြစ်တို့တွင် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်အတွက် ငွေကျပ် ၅ ဒသမ ၃ ဘီလီယံ လျာထားချက်ရှိပြီး ကျေးရွာပေါင်း၂၁ ရွာ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်မြင့်သန်းက ပြောကြားသည်။

ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများအပြင် မြစ်ကြောင်းရေလမ်းထိန်းသိမ်းရေးလုပ်ငန်း လေးခု အတွက် ငွေကျပ်သန်း ၉၀၀ လျာထားချက်ရှိပြီး တိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီမှ အတည်ပြုပြီးချိန်တွင် လုပ်ငန်းများ စတင်မည်ဟု ဆိုသည်။

"ဒီနှစ် တိုင်းဒေသကြီးအစိုးရက ဘဏ္ဍာငွေ အကြမ်းဖျင်းခွဲဝေချထားပေးမှုအရ ကမ်းပြို ကာကွယ်ရေးအတွက် ငွေကျပ် ၅ ဘီလီယံ ကျော်ချပေးတော့ အရေးကြီးပြီး မဖြစ်မနေလုပ်ရမယ့် နေရာ ၂၀ ရွေးလိုက်ရတယ်။အဓိက ဧရာဝတီမြစ်ဖြစ်ပြီး ဒုဌဝတီ မြစ်လဲပါတယ်။ကျန်တာက ရွာဘက်တွေမှာ တောင်ကျချောင်းတွေကကမ်းပါးပြိုတာနဲ့ ဆည်ရေကြောင့် ရေကြီး ရေလျှံဖြစ်တဲ့ နေရာတွေပါဝင်တယ်။ ရေလမ်းထိန်းသိမ်းရေးမှာ သောင်တူးလုပ်ငန်းတွေပါတယ်"ဟု ၎င်းက ပြောကြားသည်။

ယခုနှစ်တွင် မြို့နယ်အသီးသီးမှ ကျေးရွာများ၌ ကမ်းပြိုကာကွယ်ရေး လုပ်ဆောင်ပေးရန် တင်ပြလာသည့် ကျေးရွာပေါင်း ၅၀ ခန့်ရှိသည့်အတွက် ငွေကျပ် ၁၆ ဘီလီယံကျော် သုံးစွဲရမည်ဖြစ်သည်။ သို့သော်လည်း တိုင်းဒေသကြီး အစိုးရမှ လျာထားချမှတ်သည့် ငွေကျပ် ၅ ဘီလီယံကျော်နှင့် ကိုက်ညီအောင် ၂၁ ရွာကို ဦးစားပေးရွေးချယ်ရခြင်းဖြစ်ပြီး လာမည့်နှစ်များတွင် လုပ်ငန်းလုပ်ဆောင်ရန် ထည့်သွင်းပေးသွားမည် ဟုသိရသည်။

"ကမ်းပြိုကာကွယ်ရေးလုပ်ငန်း သဘာဝအရ မြစ်ရေမတက်ခင် စတင်ပြီး ရေတက်ချိန် ဇူလိုင်လမှာ လုပ်ငန်းအပြီးသတ်နိုင်အောင် လုပ်ရတာဖြစ်လို့ အချိန်က အရေးကြီးတယ်။ လုပ်ငန်း လုပ်ဖို့ကလည်း ဒီနှစ်မှာ ဌာနက တစ်ခုမှ မလုပ်တော့ဘဲ သတ်မှတ်ချက်ကိုက်ညီတဲ့ ကုမ္ပဏီတွေကို တင်ဒါစနစ်နဲ့ ချပေးတယ်။ ဌာနနဲ့ Third Party အဖွဲ့က စစ်ဆေးတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လက်ရှိ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ကမ်းပြို ကာကွယ်ရေးလုပ်ငန်းအဖြစ် ကျေးရွာ ပေါင်း ၂၀ တွင် ဆောင်ရွက်နေပြီး နှစ်စဉ် ဧရာဝတီမြစ်၊ ဒုဌဝတီမြစ်ကမ်းတို့တွင် ကမ်းပြိုမှုဒဏ်ခံစားသည့် ကျေးရွာများအတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံများက ၎င်းတို့ဒေသ ကမ်းပြိုမှုများကို တင်ပြလာသည့်အခါ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **သန်းဇော်မင်း (ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး၌ ပြိုကျနေသော မြစ်ကမ်းပါးများကို တွေ့ရစဉ်။

## ယင်းမာပင်မြို့တွင် စေတနာ့ဝန်ထမ်းများအား PPE ဝတ်စုံ စနစ်တကျဝတ်နည်း သင်တန်းပို့ချ

**ယင်းမာပင် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် စေတနာ့ဝန်ထမ်းများအား PPE ဝတ်စုံ စနစ်တကျဝတ်ဆင် အသုံးပြုနည်း သင်တန်းကို မေ ၅ ရက်က ယင်းမာပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာယာအေးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ သံသယလူနာ၊ ပိုးတွေ့လူနာများပေါ်ပေါက်လာပါက ယင်းမာပင်မြို့နယ်အတွင်းမှ စေတနာ့ဝန်ထမ်းများအား PPE ဝတ်စုံ စနစ်တကျဝတ်ဆင်အသုံးပြုတတ်စေရန်အတွက် မြို့နယ်အတွင်းမှ စေတနာ့ဝန်ထမ်းများအား သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် စေတနာ့ဝန်ထမ်းများအား PPE ဝတ်စုံ စနစ်တကျ ဝတ်နည်း၊ ချွတ်နည်း၊ နှာခေါင်းစည်း တပ်နည်း၊ ချွတ်နည်း၊ လက်ဆေးနည်း၊ ကိုဗစ်-၁၉ ပိုးတွေ့လူနာ ထိတွေ့ ကိုင်တွယ်၊ သယ်ယူနည်းများကို စာတွေ့လက်တွေ့ သင်ကြားပြသရာ သင်တန်းသားထဲမှ ငါးဦးအား PPE ဝတ်စုံ စနစ်တကျဝတ်ဆင် အသုံးပြု၍ လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊အဆိုပါ သင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မုံရွာမြို့မှ ဒေါက်တာ ပြည့်ဖြိုးမောင်မောင် ဦးဆောင်သည့်အဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအရေးပေါ် တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**



စေတနာ့ဝန်ထမ်းများအား PPE ဝတ်စုံဝတ်နည်း သင်တန်းပို့ချစဉ်။

ရတနာသစ်တော၊ ပြည့်သွေးကြော၊
သစ်တောရတနာ၊ ထိန်းသိမ်းပါ

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါကိုယ်စားလှယ် ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဒေါ်သိန်းမြင့် | မင်္ဂလာတောင်ညွန့် | ၀၉-၂၅၄၀၅၄၃၁၃ |
| ၂။ | ဦးတေဇာထွန်း | သဃ်ာန်းကျွန်း | ၀၉-၂၅၀၄၉၃၂၇၀ |
| ၃။ | ဦးအောင်ကျော်ထွန်း | တောင်ဥက္ကလာ | ၀၉-၂၅၃၇၇၇၁၃၉ |
| ၄။ | ဦးရွှေဘော် | မြောက်ဥက္ကလာ | ၀၉-၄၃၀၂၆၈၃၅ |
| ၅။ | ဒေါ်သီတာအောင် | တောင်ဒဂုံ | ၀၉-၂၆၀၀၃၄၇၉၅ |
| ၆။ | ဦးစန်းဝင်း | မြောက်ဒဂုံ | ၀၉-၃၁၀၃၃၁၅၈ |
| ၇။ | ဒေါ်ခိုင်ဇင်ဦး | မြောက်ဒဂုံ | ၀၉-၉၆၀၀၈၀၀၁၅ |
| ၈။ | ဦးရန်နိုင်ထွန်း | မရမ်းကုန်း | ၀၉-၃၀၃၂၀၈၈၄ |
| ၉။ | ဒေါ်ခင်မျိုးညွန့် | မရမ်းကုန်း | ၀၉-၅၄၁၁၃၁၁၉၇ |
| ၁၀။ | ဒေါ်နီလာ | သမိုင်း | ၀၉-၅၄၀၆၁၅၅ |
| ၁၁။ | ဦးစိုးနိုင် | အင်းစိန် | ၀၉-၄၃၁၂၅၄၆၂ |
| ၁၂။ | ဦးညွန့်မောင် | မင်္ဂလာဒုံ | ၀၉-၄၂၁၀၈၆၂၃၉ |
| ၁၃။ | ဒေါ်လှဲ့လှဲ့ကျော် | လှိုင်သာယာ | ၀၉-၂၆၃၃၅၀၃၄၀ |
| ၁၄။ | ဒေါ်မြကြည် | ထောက်ကြန့် | ၀၉-၇၉၂၅၅၄၅၀၉ |
| ၁၅။ | ဦးမျိုးမြင့် | လှည်းကူး | ၀၉-၄၂၆၄၃၉၃၂၃ |
| ၁၆။ | ဦးအောင်မြင့် | မှော်ဘီ | ၀၉-၄၂၁၀၆၂၉၅၆ |
| ၁၇။ | ဦးမြင့်ဋွေး | ဝါးနက်ချောင်း | ၀၉-၇၉၆၈၀၄၀၂၃ |
| ၁၈။ | ဦးတင်လင်းခိုင် | သန်လျင် | ၀၉-၇၉၉၄၅၅၄၆၆ |
| ၁၉။ | ဦးစိုးဝင်း | ကျောက်တန်း | ၀၉-၂၅၀၀၃၅၄၈၀ |
| ၂၀။ | ဦးမျိုးဝင်း | ခရမ်း | ၀၉-၇၉၉၃၈၁၀၅၄ |

## ချင်းပြည်နယ်အစိုးရက ကပ်တဲလ်ကျေးရွာသို့ စားသောက်ကုန်များ ထောက်ပံ့

**တီးတိန် မေ ၆**

ချင်းပြည်နယ်အစိုးရက ကပ်တဲလ်ကျေးရွာသို့ ဆန်၊ ကုလားပဲနှင့် ငါးပိများ ယမန်နေ့က ထောက်ပံ့ပေးသည်။



ကပ်တဲလ်ကျေးရွာသို့ ပေးပို့ရန် စီစဉ်ထားသော ဆန်အိတ်များကို တွေ့ရစဉ်။

ထိုသို့ပေးပို့ရာတွင် မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးဦးသောင်းစိန်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးမှူး ဦးဝုန့်ပြန်းထန်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဂင့်ရှင်းတွမ်တို့က ဆန်အိတ် ၂၅၉ အိတ်၊ ကုလားပဲ ၃၅ အိတ်ခွဲ၊ ငါးပိပိဿာ ၆၀ တို့ကို ကျေးရွာ အရောက်ပေးပို့ခဲ့သည်။

ကပ်တဲလ်ကျေးရွာနေ ပြည်သူများသည် အစိုးရနှင့် စေတနာရှင် ပြည်သူများ၊ လူမှုရေးအသင်း အဖွဲ့များ၏ ထောက်ပံ့လှူဒါန်းမှုကြောင့် စားနပ် ရိက္ခာဖူလုံလျက်ရှိ ကြောင်းနှင့် ယခုအကြိမ် ပြည်နယ်အစိုးရက လှူဒါန်းမှုမှာ တတိယ အကြိမ်စားနပ် ရိက္ခာထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပေါင်ကျင့်မုန်(ပြန်/ဆက်)**

## ဒဂုံမြို့နယ် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ဒုတိယအကြိမ် အလှူငွေများ လှူဒါန်း

**ဒဂုံ မေ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်အတွင်းရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာန(NHL) သို့ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ဓာတ်ခွဲမှုဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မြန်မာဒေါင်းဆင်ဒရုန်း အသင်းအမှုဆောင်အဖွဲ့မှ အလှူငွေကျပ် ၁၇၁၅၀၀၀ ပေးအပ်လှူဒါန်းခြင်းကို မေ ၄ ရက်က ဆောင်ရွက်ခဲ့ရာ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဌေးဌေးတင်က လက်ခံယူသည်။

ကိုဗစ်-၁၉ ကာကွယ်ရေးကာလအတွင်း အလှူငွေပေးအပ်ခြင်းသည် ခန့်ရွှေပြည်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဘိုခန့်နှင့် မြန်မာဒေါင်းဆင်ဒရုန်းအသင်းမှ အမှုဆောင်များက ဒုတိယအကြိမ် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

## မုံရွာမြို့နယ်အတွင်းမှ အခြေခံလူတန်းစားများအား ဟင်းချက်စရာအသီးအရွက်များ ထောက်ပံ့

**မုံရွာ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားနေသောကာလ၌ စားသောက်ရေးအခက်အခဲဖြစ်နေသည့် လူတန်းစားများအတွက် ဒီမိုကရေစီကို ကူညီကြသူများ ကွန်ရက်က ယမန်နေ့တွင် အခြေခံလူတန်းစားများအား ဟင်းချက်စရာအသီးအရွက်များ အိမ်အရောက် ကူညီထောက်ပံ့သည်။

"အစိမ်းရောင်မျှဝေခြင်း လှုပ်ရှားမှုများ ဆောင်ရွက်ရာမှာ အိမ်ငှားနေသူတွေ၊ ကျူးကျော်နေထိုင်သူတွေနဲ့ အခြေခံပြည်သူတွေကို အဓိကထားပြီး ထောက်ပံ့ပေးခဲ့ပါတယ်။ နေ့စဉ်အိမ်ထောင်စု ၁၀၀ ကို ဟင်းချက်စရာ အသီးအရွက် ၁၀ မျိုး မျှဝေပါတယ်။ အလှူရှင်တွေရှိတဲ့နေ့မှာ ဆန်နဲ့ ဘုရားပန်းတွေ ထည့်ပြီးမျှဝေရာ ဘုရားပန်းပါတယ်ဆိုပြီး ဝမ်းသာတဲ့သူတွေရှိကြပါတယ်။ ဟင်းချက်စရာ အသီးအရွက်တွေ မျှဝေတာ အခုဆိုရင် ၁၈ ရက်မြောက်နေ့ဖြစ်ပါတယ်" ဒီမိုကရေစီကို ကူညီကြသူများ ကွန်ရက်မှ ဦးစိုးဝင်းဆွေက ပြောကြားသည်။

**မွေးကြူဇင်**

## ဆီဆိုင်မြို့နယ်၌ ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းမှ လက်ဆေးကန် ၃၀ အခမဲ့ တပ်ဆင်ပေး

**ဆီဆိုင် မေ ၆**

ကိုဗစ်-၁၉ ကာကွယ်ရေးတွင် အထူးသဖြင့် လက်ကို အဓိကဆေးကြောရမည်ဖြစ်၍ ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း(ဖယ်ခုံ)မှ ဆီဆိုင်မြို့နယ်အတွက် ခြေနင်းလက်ဆေးကန် ၃၀ ကို ဆီဆိုင်မြို့ရှိ လူစည်ကားရာနေရာများတွင် ယမန်နေ့က အခမဲ့ တပ်ဆင်ပေးသည်။



ဆီဆိုင်မြို့နယ်၌ တပ်ဆင်ပေးထားသော လက်ဆေးကန်အချို့ကို တွေ့ရစဉ်။

လက်ဆေးကန်များ တပ်ဆင်ပေးရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမောင်ဖွေ၊ ကရုဏာလူမှုစည်းလုံး ညီညွတ်ရေးအသင်းမှ ဦးဇော်မျိုးသန့်နှင့် အဖွဲ့ဝင်ခုနစ်ဦးတို့က လူအများ ဝင်ထွက်သွားလာမှုများသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်တရားရုံး၊ မြို့အဝင်စစ်ဆေးရေးဂိတ်၊ ပြည်သူ့ဆေးရုံနှင့် ဆီဆိုင်မြို့ရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်နေရာများဖြစ်သော အထက(၁)နှင့် အမက(၄)တို့အား စုစုပေါင်း ခြေနင်းလက်ဆေးကန် ၃၀ ကို အခမဲ့တပ်ဆင်ပေးခဲ့ကြောင်းနှင့် ခြေနင်းလက်ဆေးကန်တစ်ခုလျှင် ငွေကျပ်တစ်သိန်းခန့် ကုန်ကျကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး

*စာမျက်နှာ ၂၅ မှ*

ရတနာပုံခေတ်တွင် ဖန်တကောင်း၊ ဖန်ခွက်၊ ဖန်မီးပဒေသာ၊ ဖန်အုပ်၊ ဖန်မီးအိမ်၊ ဖန်မီးအုပ်၊ မီးပေါင်း စသည့် ဖန်ပစ္စည်းများကို အသုံးပြုခဲ့ကြောင်းနှင့် မင်း၊ မိဖုရားတို့က လှူဒါန်းပေးကမ်းကြောင်း အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ ထိုဖန်ထည်အမျိုးမျိုးမှာ ရတနာပုံဖန်ချက်စက်ရုံမှ ဖန်ချက်အလုပ်သမားများက ချက်လုပ်သော လက်ရာများ ဖြစ်နိုင်သည်။ သို့ရာတွင် ထိုအချိန်က နိုင်ငံခြားဖြစ် ခေတ်မီဖန်ထည်နှင့် ဖန်ပစ္စည်းအမျိုးမျိုး၊ မှန်ကြီး မှန်ငယ် အမျိုးမျိုးတို့သည် ရတနာပုံနန်းတွင်းသို့ ဝင်ရောက်ကာ နေရာယူနေခဲ့ကြပြီ ဖြစ်သည်။ ပါရှန်နှင့်တူရကီကုန်သည်ကြီးများက ထိုပစ္စည်းမျိုးအများအပြားကို ရွှေနန်းတော်သို့ ဆက်သကြပြီး နေပြည်တော်၌လည်း ရောင်းချကြသည်။

အင်္ဂလန်နှင့် ဥရောပနိုင်ငံများထုတ် ကြည်လင်လှပသော ခေတ်မီဖန်ထည်ပစ္စည်းများမှာ ရန်ကုန်မှတစ်ဆင့် နေပြည်တော်သို့ တိုးဝင်နေခဲ့ကြရာ ရတနာပုံဖန်ချက်ရုံထွက်မြန်မာ့လက်ရာများအနေဖြင့် အဆိုပါ နိုင်ငံခြားဖြစ်ဖန်ထည်များကို ယှဉ်ပြိုင်အန်တုနိုင်စွမ်း ရှိခဲ့မည်မဟုတ်ပေ။ ပို၍ကြည်လင်လှပသော နိုင်ငံခြားဖြစ် ဖန်ထည်ပစ္စည်းများကို မင်း၊ မိဖုရားတို့နှင့်တကွ နေပြည်တော်သူ၊ နေပြည်တော်သားတို့ကပါ ပိုမိုနှစ်ခြိုက်တန်ဖိုးထားခဲ့ကြသဖြင့် ရတနာပုံဖန်ချက်ရုံနှင့် ဖန်ချက်လုပ်ငန်းများက မှေးမှိန်နေခဲ့သည်ဟု ယူဆရသည်။ မြန်မာ့လက်ရက်ထည်များက နိုင်ငံခြားဖြစ် ပွင့်စုံရောင်စုံအဆင်ဆန်းသရက်ထည်များ၏ ထိုးနှက်ချက်ကို မခုခံနိုင်ဘဲ တိမ်မြုပ်ခဲ့ရသကဲ့သို့ပင် မြန်မာ့ဖန်ထည်များကလည်း မှေးမှိန် တိမ်မြုပ်ခဲ့ရပေလိမ့်မည်။ တိုင်းပြည်နှင့် လူမျိုးတို့ တိုင်းတစ်ပါးစိုးမိုးမှုအောက်သို့ ရောက်ရှိသွားသည်နှင့် မြန်မာ့ဖန်ချက်လုပ်ငန်းများက လည်း တစ်ခန်းရပ်သွားခဲ့သည်။ သို့ရာတွင် ရတနာပုံဖန်ချက်လုပ်ငန်းသည် မြန်မာ့မြေပေါ်မှ အပြီးတိုင်ပျောက်ကွယ်သွားခဲ့သည်တော့ မဟုတ်ပေ။ မန္တလေးမြို့တွင် ယနေ့ထိတိုင် ဖန်ကြည်လုပ်ငန်းများက အထူးစည်ပင်ထွန်းကားလျက်ရှိနေသည်ကို တွေ့မြင်နိုင်သည်။

(ရှေးအခါက ဖန်ကို ဖလ်ဟု ရေးသားခဲ့ကြသည်။ ဖလီကဟူသောပါဠိမှ ဆင်းသက်လာသည်ဟု ယူဆသောကြောင့် ဖြစ်သည်။ နောက်ပိုင်းအရေးအသားများတွင် ဘန်ဟု သုံးနှုန်းသည်ကို အများအပြားတွေ့ရှိရသည်။ ယခုခေတ်၌မူ ဖန်မှန်၊ ဖန်ဘူး၊ ဖန်ခွက်ဟု သတ်ပုံကျမ်းက ပြဋ္ဌာန်းထားသည်။ ရှေးအထောက်အထားများကို ကိုးကားရေးသားရာတွင် မူရင်းအတိုင်း ဖလ်နှင့်ဘန်ဟု သုံးနှုန်းရသည်များ ရှိခဲ့သည်။ အလားတူပင် ရှေးခေတ်သုံး သဒ္ဒါဖြင့် ရေးသားထားသော စာပေအထောက်အထားများကိုလည်း ရေးမူအတိုင်း သုံးနှုန်းတင်ပြခဲ့ရသည်များကို တွေ့ရှိဖတ်ရှုခဲ့ကြရလိမ့်မည် ဖြစ်သည်။)

# ကြော်ငြာရှင်များသို့ . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက်ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့မဟုတ်) Viber ဖြင့်ပို့၍ သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့မဟုတ်)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့မဟုတ်)Viber ဖုန်းနံပါတ်- ၀၉-၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အလင်းသတင်းစာတိုက်**

## မြေငှားဂရန်လျှောက်ထားမှုအတွက် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်ကွက်/ကျေးရွာ | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဒေါ်သက်သက်မာ ပါ (၆)ဦး | ပုသိမ်မြို့ | အမှတ်(၁) ရပ်ကွက် | (၂၃) ကွမ်းခြံ (ရွှေဝါထွန်းကွက်သစ်) | ၄၄ | ၀.၁၈၅ | အမည်ပြောင်းသက်တမ်းတိုး |

အဆိုပါ လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးတက္ကသိုလ်၊ ဒဿနိကဘာသာရပ်ကို (၂၀၁၉)ခုနှစ်တွင် အောင်မြင်ပြီးသူ မကေဇင်ဝင်း (၄-ဒ/၈၈)နှင့် မခင်စန်းဝင်း ၁၃/သပန(နိုင်) ၁၃၄၅၄၈ တို့မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်မူရင်းများအရ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၊ အကွက်အမှတ် (၅+၆+၇တိုးချဲ့)၊ ဧရိယာ ၁ ဒသမ ၉၅၀ ဧကကို ဦးစိုင်းယီအောင်ပါ(၁၁)ဦးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂-၄-၂၀၂၀ရက်စွဲပါ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁-၄/၂၀၂၀) ဆုံးဖြတ်ချက်အပိုဒ်၅(၁-ဗ)အရ မြေယာစီမံခန့်ခွဲရေးဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားလာမှုအပေါ် အဆိုပါဧရိယာ ၁ ဒသမ၉၅၀ ဧကပေါ်တွင် ယခင် ဦးပိုင်အမှတ် (၄၆၀၊ ၄၆၁၊၄၇၂၊၄၇၃၊၄၇၄၊၅၂၁၊၅၂၂၊၅၂၃၊ ၆၄၆၊၆၄၇၊၆၅၄၊၆၅၅၊၆၉၄၊၆၉၅၊၆၉၆၊ ၆၉၇၊၇၀၀၊၇၀၁၊၇၀၂၊၇၄၀၊၇၄၁ တို့အား မြေငှားဂရန်/လိုင်စင်များ ထုတ်ပေးခဲ့ရာ သက်တမ်းကုန်ဆုံးပြီဖြစ်၍ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေအဖြစ် သတ်မှတ်ခြင်းနှင့်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ ဦးပိုင်တစ်ခုချင်းအလိုက် မှတ်ပုံတင် စာရင်း(၁-က) တွင် မှတ်သားထားမှုစာရင်းများအား ပယ်ဖျက်သွားမည်ကို ကန့်ကွက်လိုပါက ၅-၅-၂၀၂၀ ရက်မှ ၂၀-၅-၂၀၂၀ ရက်အထိ ၁၅ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ (၃)မိုင်ရွှေပြည်သာကွက်သစ်၊ အကွက်အမှတ်-၁၀၊ အလျား ၁၀၀ x အနံ ၈၀ ပေရှိ ဦးငြိမ်းမောင် အီးအန်-၁၄၃၅၂၉ အမည်ပေါက်မြေကို ကျွန်မဒေါ်လှဝင်း ၁/မမန(နိုင်) ၀၀၇၉၇၅ မှ ၇-၉-၂၀၀၆ရက်တွင် ဝယ်ယူထားခဲ့ပြီး ယခု ဒေါ်နန်းစံခမ်း ၁/ဗမန(နိုင်)၀၀၅၃၇၉ သို့ ထပ်မံရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မှုမရှိပါက အရောင်းအဝယ်/အမည်ပြောင်းမြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။

**ဒေါ်လှဝင်း**
**ဗန်းမော်မြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့်
## စိုက်ပျိုးစီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်းလုပ်ငန်း
# တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အာရှဖွံ့ဖြိုးရေးဘဏ်၏ ရန်ပုံငွေဖြင့်အကောင်အထည်ဖော်ဆောင်ရွက်မည့် Loan 3724-& Grant 617-MYA ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်းမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

- Lot-1 စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ကုန်ထုတ်လမ်း၊ ရေပွန်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ
- Lot-2 မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ကုန်ထုတ်လမ်း၊ ရေပွန်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ
- Lot-3 မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ကုန်ထုတ်လမ်း၊ ရေပွန်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ

၂။ စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များသည် တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ တင်ဒါစာရွက်စာတမ်းများနှင့် အသေးစိတ်သိရှိလိုသည်များကို တင်ဒါကြော်ငြာသည့်ရက်မှစ၍ ၂၉-၅-၂၀၂၀ရက်(သောကြာနေ့) နောက်ဆုံးထားပြီး ကုမ္ပဏီအမည်၊ လိပ်စာ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့နှင့်တကွ အီးမေးလ်လိပ်စာ cfavcproject.drd@gmail.com သို့ စာဖြင့်သော်လည်းကောင်း၊ ဖုန်း-၀၆၇-၃၄၁၈၆၂၈၊ ၀၆၇-၃၄၁၈၆၃၂ သို့ရုံးချိန်အတွင်း ဆက်သွယ်၍ စုံစမ်းမေးမြန်းတောင်းခံနိုင်ပါသည်။

၃။ တင်ဒါလုပ်ငန်းများနှင့်ပတ်သက်သည့် ကြိုတင်ရှင်းလင်းခြင်းအား ၂၂-၅-၂၀၂၀ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် Video Conferencing ဖြင့် စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များ၏ အသေးစိတ်သိရှိလိုသည်များကို ပြန်လည်ဖြေကြားပေးမည်ဖြစ်ပါသည်။

၄။ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များသည် နည်းပညာနှင့်ဘဏ္ဍာရေးအဆိုပြုလွှာများကို ပြင်ဆင်ပြုစု၍ မူရင်း(၁)စုံနှင့်မိတ္တူ (၂)စုံအားချိပ်ပိတ်စာအိတ်သီးခြားစီဖြင့် ၅-၆-၂၀၂၀ ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ရုံးအမှတ်(၃၆) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်သို့တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### သာပေါင်းမြို့နယ်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၉

ဒေါ်ဖြူနှင်းဖွေး **နှင့်** ဦးရဲလင်းနိုင်
**တရားလို** **တရားပြိုင်**

သာပေါင်းမြို့နယ်၊ တောင်တက်ကြီးကျေးရွာ၊ ခွေးကုတ်ကျေးရွာအုပ်စုရပ်နေ (ယခုနေရပ်လိပ်စာမသိ) (ဘ)ဦးမောင်ဆန်း၏သား ဦးရဲလင်းနိုင် သိစေရမည်။

သင့်အပေါ်၌ ဒေါ်ဖြူနှင်းဖွေးက လင်မယားအဖြစ်မှ ကွာရှင်းပေးစေသည့် အနိုင်ဒီကရီကို ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ် ဇွန် ၅ ရက် (၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဧပြီ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးဌေးဆွေ)
**မြို့နယ်တရားသူကြီး**
**သာပေါင်းမြို့**

# သံဃာတော်(၃၀၀၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
# ရေ - မီး ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်းစီမံကိန်း

ဆက်သွယ်လှူဒါန်းရန်- မစိုးရိမ်တိုက်သစ်-ဂေါပကအဖွဲ့

| | | | |
|---|---|---|---|
| ဦးလှအောင်(ဥက္ကဋ္ဌ) | ဖုန်း-၀၉-၂၀၀၃၂၂၉ | ဦးမြဇော်(အတွင်းရေးမှူး) | ဖုန်း-၀၉-၂၀၀၇၃၆၄ |
| ဦးကျော်ဇေယျ(အဖွဲ့ဝင်) | ဖုန်း-၀၉-၂၀၁၃၈၅၅ | ဦးသိန်းဌေးအောင်(အဖွဲ့ဝင်) | ဖုန်း-၀၉-၂၀၀၉၇၉၀ |
| ဦးကင်းဝန်(အဖွဲ့ဝင်) | ဖုန်း-၀၉-၅၃၀၂၁၃၇ | | |

ယခင်နေ့မှအဆက်

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၄၇ | ကိုမိုးထက်အောင်-မရတနာ သား မောင်လရောင်မင်း၊ ကြယ်ရောင်မင်း၊ သမီး မထက်မြတ်ရွှေရောင် မဟာအောင်ပွဲရုံ မိသားစု ၁သိန်း-၅သောင်း(တတိယအကြိမ်) | 150000 |
| ၄၈ | သမီးကြီးမမာမာစိုးအားရည်စူး၍ ဦးမြဒင်-ဒေါ်မြမြ စဥ့်ကိုင်မြို့နယ်၊ သပြေရိုးရွာ ၁သိန်း-၄သောင်း-၇ထောင် | 147000 |
| ၄၉ | ဒေါ်မြအေးမိသားစု တဲတော်ရာရပ် တံတားဦးမြို့ ၁သိန်း-၂သောင်း | 120000 |
| ၅၀ | ဦးဝင်း-ဒေါ်ခင်အေး မိသားစုကောင်းမှု အလုံမြို့၊ အောင်စိတ္တရပ်၊ ၁သိန်း-၁သောင်း | 110000 |
| ၅၁ | ကိုညီညီဇော်-မမဥ္ဇူဝင်း သား-မောင်ဟိန်းသူရထက်(ခ)သုတ စိန်ပန်း၊ မန္တလေး ၁သိန်း-၁သောင်း | 110000 |
| ၅၂ | ဦးအုန်းသန်း-ဒေါ်တင်တင်ဦး မြေး မဝင့်ဝါလင်းဦး လှိုင်မြစ်လမ်း ၂ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ၁သိန်း-၁သောင်း | 110000 |
| ၅၃ | ဦးကျော်ဝင်း-ဒေါ်ခင်သန်းညို "နိုင်ငရုတ်သီးနှံနှံရောင်းဝယ်ရေး" မိသားစု မုံရွာမြို့ ဒေါ်ခင်သန်းညို၏ (၇၄)နှစ်ပြည့်မွေးနေ့ မွေးနေ့အလှူ ၁သိန်း | 100000 |
| ၅၄ | ဦးမိုးကျော်သူ-ဒေါ်တင်တင်လှ သား-မောင်အောင်ခိုင်ကျော်၊ စည်သူကျော်မိသားစု အမှတ်-777 ဗာရဏသီကျောင်းလမ်း၊ နဝင်းရပ်၊ ပြည်မြို့ ၁သိန်း | 100000 |
| ၅၅ | ဦးမြင့်ဆွေ-ဒေါ်ရီရီမိသားစု "သိင်္ဂီရွှေရည်ဘော်ဒါဆောင်" ၇၃/၇၄ ၃၇x၃၈ကြား၊ မန္တလေး ၁သိန်း | 100000 |
| ၅၆ | ဦးတင်ရွှေ-ဒေါ်သန်းစိန် သမီး မနုနုဝါမိသားစု အမှတ်-274 မဟာဒေဝီလမ်း၊ တံငါရပ်၊ ထားဝယ်မြို့ ၁သိန်း | 100000 |
| ၅၇ | ဦးမောင်အေး-ဒေါ်မိုး မိသားစု ခေတ္တ/ထိုင်းနိုင်ငံ(လစဉ်အလှူ) ၁သိန်း | 100000 |
| ၅၈ | KHT-HEXAGON.company ၁သိန်း | 100000 |
| ၅၉ | မိခင်ကြီးဒေါ်ဝင်းမြဦးကို အမှူးထား၍ "လေးဝတီ" ကိုပြည့်စုံ မိသားစု ရန်ကုန် ၁သိန်း | 100000 |
| ၆၀ | သား-ကိုဝင်းထက်အောင်အားရည်စူး၍ ဦးသိန်းဝင်း-ဒေါ်နွဲ့နွဲ့ဝင်း မိသားစုကောင်းမှုကုသိုလ် မန္တလေး ၁သိန်း | 100000 |
| ၆၁ | ကိုနေတူးလင်း-မဥမ္မာခိုင် သမီး-မနွေဦးဝေ၏ (၁၂)နှစ်ပြည့် မွေးနေ့အလှူ ရန်ကုန် ၁သိန်း | 100000 |
| ၆၂ | ကွယ်လွန်သူ ဒေါ်စိန်အားရည်စူး၍ ဦးပုနှင့်သားများ "သားရနယ်လုပ်ငန်း" မိသားစု ၄၁လမ်း၊ ၈၅x၈၆ကြား၊ မန္တလေး ၁သိန်း | 100000 |
| ၆၃ | ဦးမြင့်ဌေး-ဒေါ်ခင်စန်းမိသားစု ကောင်းမှု ချမ်းအေးသာစံမြို့နယ်၊ မန္တလေး ၁သိန်း | 100000 |
| ၆၄ | ကွယ်လွန်သူမိခင်ကြီး ဒေါ်ခင်တိုး ၃နှစ်ပြည့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု အောင်မြေသာစံမြို့နယ်၊ မန္တလေး ၁သိန်း | 100000 |
| ၆၅ | ဦးအောင်မွေး-ဒေါ်အေးသိန်း ၈၃၉-ချမ်း/မြောက် ၁သိန်း | 100000 |
| ၆၆ | ဒေါ်တင်တင်အေး၏ အသက်(၆၀)ပြည့်မွေးနေ့အလှူ အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်အနောက်၊ ဗဟန်း ရန်ကုန် ၁သိန်း | 100000 |
| ၆၇ | ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ဝင်း မိသားစုတစ်စု ကောင်းမှု ၁သိန်း | 100000 |
| ၆၈ | ဦးကြည်မောင်အားရည်စူး၍ ဒေါ်တင်အေး "ငွေဇင်လှိုင်းမုန့်မျိုးစုံရောင်းဝယ်ရေး" ကောင်းမှု ၁သိန်း | 100000 |
| ၆၉ | မိခင်ဒေါ်လှသိန်း သား-မောင်မြင့်မြတ်လင်း သမီးမနေနွယ်လင်း၊ မနေနွယ်ဝင်း၊ မြေး ကိုရင်ကောဝိဒ၊ မောင်ကျော်ဇောလင်း ကောင်းမှု ကလေးမြို့၊ ဇင်းတလင်းရွာ ၁သိန်း | 100000 |
| ၇၀ | ဦးထွန်းထွန်းနိုင်-ဒေါ်ခင်ချိုသက်မိသားစုကောင်းမှု မန္တလေး ၁သိန်း | 100000 |
| ၇၁ | မိခင်ကြီးဒေါ်ရီနှင့်ဒေါ်ကြင်သန်းအားအမှူးထား၍ ဗိုလ်မှူးကြီးတင့်လွင်(ငြိမ်း)-ဒေါ်မြင့်စန်းရီ မိသားစုကောင်းမှု ၁သိန်း | 100000 |
| ၇၂ | အုတ်တွင်းကြယ်နီဆေးပေါ့လိပ် မန္တလေးကိုယ်စားလှယ် ဦးကြည်မြင့်-ဒေါ်တင်မြကောင်းမှု ၁သိန်း | 100000 |
| ၇၃ | ဦးပေါ်ညွန့်-ဒေါ်ကြည်ညွန့် "တာတာပန်" မုန့်မျိုးစုံရောင်းဝယ်ရေးမိသားစု ကောင်းမှု မန္တလေး ၁သိန်း | 100000 |
| ၇၄ | ဦးစန်းယု-ဒေါ်ခင်မာအေး သားမောင်ကောင်းစည်သူ "ဦးကျော်စိန်နှင့်သားများစက်မှုလက်မှု" စိန်ပန်း၊ မန္တလေး ၁သိန်း | 100000 |
| ၇၅ | ဦးအောင်သောင်းနိုင်-ဒေါ်ယဉ်မျိုးသန့် သမီး-မသီရိဝင်းထက်၊ "ကသစ်ပန်း"ဆေးဆိုင် ငါးအိုးရွာ၊ မတိမ်းမြို့နယ်၊ ရှမ်း/မြောက် ၁သိန်း | 100000 |
| ၇၆ | မစိုလှိုင်"ပွိုင်းကုန်မာဆိုင်" မိသားစု ငါးအိုးရွာ၊ မတိမ်းမြို့နယ်၊ ရှမ်း/မြောက် ၁သိန်း | 100000 |
| ၇၇ | ဦးရီလောက်-ဒေါ်အေးအေးမြင့် သားသမီးမြေးတစ်စု မလွန်ပွတ်တန်း မန္တလေး ၁သိန်း | 100000 |
| ၇၈ | မိဘနှစ်ပါးအားရည်စူး၍ ဒေါ်မြင့်မြင့်သန်းနှင့် မောင်နှမတစ်စု မိုးကုတ်ရိပ်သာ၊ ကျွဲဆည်ကန်၊ မန္တလေး ၁သိန်း | 100000 |
| ၇၉ | ဦးဖိုးအို သက်န်းတိုက်၊ စလင်းမြို့ ၁သိန်း | 100000 |
| ၈၀ | ကွယ်လွန်သူ ဖခင်ဦးတင်ရီ-မိခင်ဒေါ်ကျင်မေတို့အား ရည်စူး၍ ဒေါ်မိမိခိုင် သတ္တဗေဒဌာန ဆေးတက္ကသိုလ်၊ မန္တလေး ၁သိန်း | 100000 |
| ၈၁ | ဦးမောင်မောင်အေး-ဒေါ်စန္ဒာမိုး (၈)ရပ်ကွက်၊ သာကေတ၊ ရန်ကုန် ၁သိန်း | 100000 |
| ၈၂ | ဖခင်ဒေါက်တာခင်မောင်ဇော်၊ ဦးဟန်စိန်တို့အားရည်စူး၍ ဒေါက်တာမြတ်မျိုးနိုင်-မမျိုးမျိုးဟန် သား-သီဟမျိုးနိုင် ခေတ္တ မလေးရှား၊ မာလာကာမြို့ ၁သိန်း | 100000 |
| ၈၃ | မိခင်ကြီး ဒေါ်ခင်ဖြူအားရည်စူး၍ ဦးဝင်းကြိုင်နှင့်သား/သမီးမြေးတစ်စု ကောင်းမှု ချမ်းမြသာစည်၊ မန္တလေး ၁သိန်း | 100000 |
| ၈၄ | မိခင်ကြီးဒေါ်သန်းဌေးအားရည်စူး၍ ဦးအောင်မျိုးဇော်-ဒေါ်ဆူးသီရိလွင် ဒေါပုံမြို့နယ်၊ ရန်ကုန် -၁သိန်း | 100000 |
| ၈၅ | ဦးဇင်းလပြည့်နှင့် အထက ကတ္တလူမှ သူငယ်ချင်းများကောင်းမှု ၁သိန်း | 100000 |
| ၈၆ | ဒေါ်အုန်းရီ ကျောက်ဆည် ၁သိန်း | 100000 |
| ၈၇ | ဦးတင်လှ-ဒေါ်ခင်မာ ကျောက်ဆည် ၁သိန်း | 100000 |
| ၈၈ | ဦးစိုးဝင်းထွန်း-ဒေါ်သန်းသန်းနု သမီး-မစုစုလွင်၊ သား-မောင်သက်နိုင်စိုး ကျောက်ဆည် ၁သိန်း | 100000 |
| ၈၉ | ဦးစုမောင်-ဒေါ်ဆွေလွင်မြင့် သား-မောင်မင်းဘုန်းစံ၊ မောင်ဘုန်းမြင့်စံ ကျောက်ဆည် ၁သိန်း | 100000 |
| ၉၀ | ကိုစောပြည့်မောင်-မအေးအေးမွန်သန့် ကျောက်ဆည် ၁သိန်း | 100000 |
| ၉၁ | ဦးလှထွန်း-ဒေါ်ကြည်ဝင်း ကျောက်ဆည် ၁သိန်း | 100000 |
| ၉၂ | မောင်လင်းသန့်သူရ ၁သိန်း | 100000 |
| ၉၃ | ကိုဇော်မျိုးနိုင်မိသားစု မြိတ်မြို့၊ မြိတ်တောင်ကျေးရွာ ၁သိန်း | 100000 |
| ၉၄ | ဦးသိန်းစိုး-ဒေါ်ယုယုနိုင် ရန်ကုန် ၁သိန်း | 100000 |
| ၉၅ | ဒေါ်ဖြူဝင်း၊ မသဲဆုရည်၊ ကိုအောင်ခန့်ဖြိုး-မဇင်ဝါကို၊ တောင်တစ်ရာ့ငါးဆယ်ရပ်၊ မန္တလေး ၁သိန်း | 100000 |
| ၉၆ | ဦးကိုကိုအောင်-ဒေါ်ခင်သန္တာစိုး သား-မောင်ဝေလင်းအောင်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး ၁သိန်း | 100000 |
| ၉၇ | ဦးစိုး-ဒေါ်အုန်းရီ မိသားစု "စိန်သဇင်ဇာဘော်လီ" မဟာအောင်မြေ ၁သိန်း | 100000 |

**ဆက်လက်ဖော်ပြသွားပါမည်**

MOPFI

" မြန်မာပြည်သူပြည်သားအားလုံး COVID - 19 ကို ကာကွယ်တွန်းလှန် တိုက်ဖျက်နိုင်ကြပါစေ "

# ချည်ထည်နှာခေါင်းစည်းများ ဝယ်ယူရရှိနိုင်ပါသည်




**စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း မှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။**

**ဆက်သွယ်ရရှိနိုင်သောနေရာများ**
- အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ) ☎ ၀၆၆ ၇၀၀၃၁ , ၀၉ ၂၅၆၀၀၂၆၆၇
- အမှတ်(၃)အထည်စက်ရုံခွဲ(စစ်ကိုင်း) ☎ ၀၉ ၂၀၃၁၅၉၉ , ၀၉ ၈၇၅၇၁၅၁၇၇
- အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း) ☎ ၀၉ ၄၀၀၄၁၀၇၅၃ , ၀၉ ၄၂၇၇၃၀၉၅၃
- အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရောင်းချဖြန့်ဖြူးရေးဌာန) ☎ ၀၆၇ ၃၄၀၈၁၅၇ , ၀၆၇ ၃၄၀၈၂၀၃
- ရုံး(၃၇)အနီး အရောင်းဆိုင် ☎ ၀၉ ၄၃၀၈၈၂၅၀
- နေပြည်တော်မြို့မဈေးအရောင်းဆိုင် ☎ ၀၉ ၄၅၃၂၃၈၃၇၇

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပဲခူးပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပဲခူးမြို့၊ ခုတင်(၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ ဆေးဝါးကုသဆောင်၊ ကလေးကုသဆောင်၊ သားဖွားမီးယပ်ဆောင်၊ မွေးခန်း၊ ပြင်ပလူနာဌာနနှင့် ခွဲစိတ်ကုသဆောင်တို့တွင် Oxygen Manifold နှင့် ပိုက်လိုင်းများတပ်ဆင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း နေထိုင်သူ နိုင်ငံသားများ တင်ဒါလျှောက်ထားခွင့်ရှိပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၅-၅-၂၀၂၀ရက်(အင်္ဂါနေ့)
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - နံနက် ၉: ၃၀ နာရီ
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - ၄-၆-၂၀၂၀ရက် (ကြာသပတေးနေ့)
**တင်ဒါလျှောက်လွှာ ပိတ်မည့်အချိန်** - ညနေ ၁၆:၃၀ နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပဲခူးမြို့ပြည်သူ့ဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီးရုံးသို့ နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့**
**ဖုန်း-၀၅၂၂၂၃၂၀၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၅၄၉၆ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၁၀/မဒန(နိုင်)၂၃၀၁၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် (၁/ကျောင်းအရှေ့ရပ်)၊ ဦးပိုင်အမှတ် (၆၁-က)၊ မြေယာ အမှတ်(62-63)၊ မြေဧရိယာ ၀ဒသမ ၀၅၉ ဧကရှိ ဂရန်မြေကွက်အား ဦးတင်မြင့် အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်တွင် အဆောက်အဦ ဆောက်လုပ်ခြင်း ဆောင်ရွက်နိုင်ရေး ဒေါ်မိမိခိုင်ပါ (၂)ဦး ၉/ မမန(နိုင်)၀၂၈၈၄၉ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မိမိခိုင် ပါ(၂)ဦး ၉/ မမန(နိုင်)၀၂၈၈၄၉**
**အိမ်အမှတ်(၈၇)၊ ၃၅လမ်း၊ အမှတ် (၁)ရပ်ကွက်၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇ၀နဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၁၄၆ ဧကရှိ ဦးစိုးမြင့် ၁၂/လကန(နိုင်)၀၂၈၅၂၅(ဘ)ဦးစံလှ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၁၄၀၀)ကို နေပြည်တော်စာချုပ် စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၅၇၅/၂၀၁၈)ဖြင့် မြေကွက် အမည် ပေါက်၏ အထူးကိုယ်စားလှယ် ရရှိထားသူ

ဒေါ်ခင်မြလှိုင် ၁၂/စခန(နိုင်)၀၁၁၂၆၂ (ဘ)ဦးဟန်စိန်မှ ဦးတင်ဝင်း ၈/ မသန(နိုင်) ၀၃၉၀၀၆၊ ဒေါ်သီတာမြင့် ၈/မသန(နိုင်)၀၇၅၉၈၁ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာရာ ကန့်ကွက် လိုသူများအနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

PEARL GABAR COMPANY LIMITED အမည်ဖြင့် မြန်မာ့သစ်လုပ်ငန်းမန်နေဂျာ ရောင်းစက်/ရုံး၏ ၁၂-၉-၂၀၁၈ရက်စွဲပါ အမှတ်-၅၁၀၃/ပတရ-သလ၊ ပြည်သူ့သစ်ဆိုင် အမှတ် (၉)၊ ဝါးတရာသစ်စက်မှ ဈေးပြိုင်တင်ဒါ ၂၀၁၈ လေလံဖြင့် ရောင်းချပေးသော ဦးကျော်ငွေး ၅/ရဥန(နိုင်)၀၁၇၇၁၇ အမည်ဖြင့် (သတ-ဖ) ပိတောက်ခွေးရွှေ လစ်လပ်ပုံအမှတ်

| | | |
|---|---|---|
| PL-19 | ပြေစာအမှတ် | (723671) |
| PL-20 | ပြေစာအမှတ် | (723672) |
| PL-21 | ပြေစာအမှတ် | (723673) |
| PL-22 | ပြေစာအမှတ် | (723674) |
| PL-23 | ပြေစာအမှတ် | (723675) |
| PL-29 | ပြေစာအမှတ် | (723676) |

တို့၏ မူရင်းစာရွက်စာတမ်းများမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ထပ်မံ လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အောက်ပါလိပ်စာသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**PEARL GABAR COMPANY LIMITED**
**အမှတ် (၄)၊ ပါရမီအိမ်ရာ (လောကနတ်)၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၈၅၆၉**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အလက(ခွဲ) အံကရဲ၊ စတုတ္ထတန်းမှ မောင်ကျော်ဝဏ္ဏ၏ ဖခင်အမည်မှန်မှာ မောင်ဖိုးပိန် ဖြစ်ပါကြောင်း။

**မောင်ဖိုးပိန်**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အလက(ခွဲ) အံကရဲ၊ စတုတ္ထတန်းမှ မရတနာနှင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ကိုမင်း ဖြစ်ပါ ကြောင်း။

**ဦးမောင်ကိုမင်း**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အလက(ခွဲ) အံကရဲ၊ ပထမတန်းမှ မသဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းဇော် ၁၀/ကမရ(နိုင်) ၀၇၂၇၁၅ ဖြစ်ပါကြောင်း။

**ဦးစိုးမင်းဇော်**

စာအုပ်
စာပေ
လူ့မိတ်ဆွေ

ရန်ကုန်မြို့ရှိ ကွန်ဒိုတိုက်ခန်းများနှင့် အိမ်ရာများတွင် အထူးဈေးနှုန်းဖြင့် တပ်ဆင်ရရှိနိုင်ပါပြီ။

5BB BROADBAND Global Technology Company

ဖုန်းဆက်ရုံဖြင့် လူကြီးမင်းတို့၏ အိမ်ရာအရောက် လာရောက်၍ ဆွေးနွေးညှိနှိုင်းပေးပါသည်။

စိတ်အချရဆုံးနှင့် ဝန်ဆောင်မှုအကောင်းဆုံး အင်တာနက်



အမှတ် - ၄၇၁၊ ပြည်လမ်း၊ Novotel Hotel အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၄၀၆၆၄ ၆၆၆၁၊ ၀၉ ၄၀၆၆၄ ၆၆၆၂

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈/ကျွန်စစ်သားရပ်)၊ ဦးပိုင်အမှတ် (၂၆ခ)၊ ဧရိယာ ဝဒသမ ဝ၆၂ဧကကို ဦးကျော်အေး(ဘ)ဦးအုန်းမောင် ၉/တကန(နိုင်)ဝ၈၅၂၆၁မှ ကျမ်းကျိန်လွှာအမှတ် (၅ဝဝ/၂ဝ၁၉)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆) ရပ်ကွက်၊ မန္တလေးလမ်း၊ မြေကွက်အမှတ်(၅၉၄)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)(၀.၀၅၅)ဧက ရှိ ဒေါ်မေဖြိုးမောင်မောင်(ခ)ဒေါ်ဖြိုးမောင်မောင် (၁/မညန (နိုင်)၀၀၁၆၂၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်မေဖြိုးမောင်မောင်(ခ)ဒေါ်ဖြိုးမောင်မောင်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)** |
| **Hein Htet San Law Firm** | **၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅** |

**အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

## ၉-၄-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ (၂၇)ပါ ၇-၄-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ (၂၇)ပါ ဦးမျိုးကြီး(ခ) ဦးမျိုးသက်ထွန်း၊ ဦးခိုင်ကျော်ထွန်း၊ ဒေါ်အိသိမ့်သိမ့်ဖြိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရဟုဆိုကာ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသည့် ဒေါ်ကြူကြူစန်းနှင့် ဦးတင်အောင်လင်းတို့၏ တုံ့ပြန်ရှင်းလင်းကြေညာခြင်းဟူသည့် ကြေညာချက်မှာ မှန်ကန်မှုမရှိကြောင်း ကာယကံရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ သိရှိကြစေရန် ထပ်မံရှင်းလင်းကြေညာခြင်းနှင့် ပတ်သက်၍ နောက်ဆက်တွဲကြေညာချက်(သို့မဟုတ်) ထပ်မံတုံ့ပြန်ရှင်းလင်းကြေညာချက်

ကျွန်ုပ်တို့၏ အမှုသည်များဖြစ်ကြသော ဦးမျိုးကြီး(ခ)ဦးမျိုးသက်ထွန်း၊ ဦးခိုင်ကျော်ထွန်း (၎င်း၏ အထွေထွေကိုယ်စား လှယ်စာရသူ ဒေါ်အိသိမ့်သိမ့်ဖြိုး)၊ ဒေါ်အိသိမ့်သိမ့်ဖြိုးတို့၏လွှဲအပ်ချက်အရ အောက်ပါအတိုင်းထပ်မံတုံ့ပြန်ရှင်းလင်းကြေညာလိုက်သည်။

ဦးခိုင်ကျော်ထွန်းနှင့် ဦးအောင်မြင့်တို့အကြား ချုပ်ဆိုခဲ့သော ၂၁-၁၀-၂၀၁၈ရက်စွဲပါ စာချုပ်(၂) စောင်နှင့် ပတ်သက်ပြီး ဖျာပုံခရိုင်တရားရုံးတွင် နှစ်ဖက်အမှုများ အပြန်အလှန်စွဲဆိုထားခဲ့ပြီးဖြစ်သဖြင့် တရားရုံးတွင် စစ်ဆေးနေဆဲကိစ္စအပေါ် ယုတ္တိရှိ၊ မရှိ၊ မှန်ကန်မှုရှိ၊ မရှိမှာ တရားရုံးက ဆုံးဖြတ်ရမည့် ကိစ္စဖြစ်၍ တရားရုံးကဆုံးဖြတ်ရန်ရှိသော အချက်များကို တစ်စုံတစ်ရာ အဆုံးအဖြတ် မပေးရသေးမီ ကြိုတင်ဝေဖန်ပြောဆိုခြင်း၊ ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းများနှင့်ပတ်သက်ပြီး တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ လူကြီးမင်းတို့သည် တရားရုံးက တစ်စုံတစ်ရာ အဆုံးအဖြတ်မပေးရသေးမီ ကြိုတင်စကားဦးသန်းပြောဆိုကြေညာပိုင်ခွင့်မရှိကြောင်း၊ ဥပဒေကလည်း ခွင့်မပြုကြောင်း၊ ထို့အတူ အထက်ပါစာချုပ် (၂)စောင်သည် ဟန်ဆောင်စာချုပ် ဟုတ်၊ မဟုတ်မှာ တရားရုံးက အဆုံးအဖြတ်ပေးရမည့်ကိစ္စဖြစ်ပါကြောင်း။ သတင်းစာတွင် ကြေညာပြီး သက်သေပြ နေရမည့်ကိစ္စမဟုတ်ဘဲ တရားရုံးတွင် သက်သေပြရမည့်ကိစ္စများသာဖြစ်ကြောင်း၊ ဦးမျိုးသက်ထွန်းမှာလည်း ရှောင်တိမ်းနေသူ မဟုတ်ကြောင်း၊ ဦးခိုင်ကျော်ထွန်းနှင့် ဒေါ်အိသိမ့်သိမ့်ဖြိုးတို့သည် ပုသိမ်မြို့ဆားစက်ရုံမှ ဆားများနှင့် ပင်လယ်ပြင်လေ့လုပ်သားများစား သုံးရန် ကုန်ခြောက်များကိုလည်း မည်သည့်အခါကမျှ အကြွေးယူခဲ့ခြင်းလုံးဝမရှိ၍ လူကြီးမင်းတို့၏ အမှုသည်များနှင့် စာရင်းရှင်းလင်းရန် အကြောင်းမရှိပါကြောင်း။

၎င်းစာချုပ် (၂)စောင်ချုပ်ဆိုသည့်ရက်က ငွေပေးငွေယူ၊ စာရွက်စာတမ်းများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပေးခြင်း၊ ယူခြင်းများကို စာချုပ်ပေါ်တွင် နှစ်ဖက်ဖော်ပြဝန်ခံချုပ်ဆိုထားခဲ့ကြပြီး လူကြီးမင်းတို့ကြေညာချက်တွင်ပါရှိသလို အထက်ပါအချက်များ မရှိခဲ့ဟုဆိုက တရားရုံးတွင် အမှုစစ်ဆေးရာ၌ လူကြီးမင်းတို့ဘက်မှ လူကြီးမင်းတို့ဆိုခဲ့သည့်အတိုင်း သက်သေပြရမည့်တာဝန်သာဖြစ်ပါကြောင်း၊ ကျွန်ုပ်တို့၏ အမှုသည်များကလည်း ၎င်းတို့ဘက်မှ တိကျမှန်ကန်သော အထောက်အထားများဖြင့် အမှုစစ်ဆေးရာ၌ သက်သေပြမည်ဖြစ်ပါကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ ၇-၄-၂၀၂၀ရက်စွဲပါ သတင်းစာကြေညာချက်သည် တိကျမှန်ကန်သော စာရွက်စာတမ်း အထောက်အထားများအရ လူကြီးမင်းတို့၏ ကြေညာချက်အပေါ် ပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာခဲ့သည့် ကြေညာချက်ဖြစ်ပြီး ၂၉-၃-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြော်ငြာစာမျက်နှာ (၂၈)ပါ ကြေညာချက်ကို လူကြီးမင်းတို့ဘက်က မည်သို့ပင်ထပ်မံ အတည်ပြုစေကာမူ ဥပဒေနှင့်ညီညွတ်မှုမရှိသည့် တောင်းဆိုမှုများ၊ လူကြီးမင်းတို့၏အမှုသည်များနှင့် မသက်ဆိုင်၊ တောင်းဆိုခွင့်မရှိသည့် တောင်းဆိုမှုများကို နောက်ထပ်မည်သည့်ကြေညာချက်ဖြင့်မဆို တောင်းဆိုခဲ့သည် ဖြစ်စေ ကျွန်ုပ်တို့၏အမှုသည်များက လုံးဝ(လုံးဝ) ဆောင်ရွက်ပေးလိမ့်မည်မဟုတ်သည့်အပြင် လူကြီး မင်းတို့မှ မှန်ကန်သည်ဟု ထင်မြင်ယူဆပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ကြောင်းနှင့် ကျွန်ုပ်တို့၏အမှုသည်များကလည်း ဥပဒေနှင့်အညီ ရင်ဆိုင်၊ ဖြေရှင်း၊ ဆက်လက်ဆောင်ရွက်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ချက်များရှိသည်ကို အတိအလင်း ပြန်ကြားသိစေလိုက်သည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်ကြူကြူစန်း (LL.B)** | **ဦးတင်အောင်လင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၆၂၇၉/၅-၁၂-၂၀၁၉)** | **(စဉ်-၁၆၃၀၄/၅-၁၂-၂၀၁၉)** |
| **အမှတ် (၂၁)၊ (၇)လမ်း၊ (၁၀)ရပ်ကွက်၊** | **အမှတ် (၃၈)၊ အခန်း (၁)၊ ပထမလမ်း၊** |
| **ဖျာပုံမြို့။** | **(၅)ရပ်ကွက်၊ ဖျာပုံမြို့။** |
| **ဖုန်း-၀၉-၄၅၀၃၄၄၁၁၀** | **ဖုန်း-၀၉-၇၈၁၆၅၉၀၃၉၊** |
| | **၀၉-၂၅၀၁၂၃၀၈၂** |

## မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း ၂၀၂၀ ပြည့်နှစ်၊ မေလ ရက်

၁။ သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ အထိ) အဖွဲ့ပိုင် စည်ပင်သာယာရေးဈေးအတွင်း (၁၀၀' x ၅၀'x ၁၈') ဈေးရုံ(၂)ရုံ(Stree Structure) တည်ဆောက်ခြင်းလုပ်ငန်းအား လုပ် ငန်းတင်ဒါစနစ်ဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့်အိတ်ဖွင့် တင်ဒါ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါ သည်-

| | |
|---|---|
| **(က) တင်ဒါ အဆိုပြုလွှာရောင်းချမည့်ရက်** | - ၅-၅-၂၀၂၀ရက်(အင်္ဂါနေ့) |
| **(ခ) တင်ဒါအဆိုပြုလွှာ ပိတ်မည့်ရက်/အချိန်** | - ၅-၆-၂၀၂၀ရက်(သောကြာနေ့) ညနေ ၄:၃၀နာရီ |
| **(ဂ) အိတ်ဖွင့်တင်ဒါ နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** | - ၁၂-၆-၂၀၂၀ရက်(သောကြာနေ့) ညနေ ၄:၃၀နာရီ |
| **(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်/နေရာ** | - သီးခြား အကြောင်းကြားပါမည်။ |

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ၅-၅-၂၀၂၀ရက်မှစတင်၍ ရုံးချိန် အတွင်း လာရောက်ဝယ်ယူလျှောက်ထားနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ် များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဖုန်း-၀၆၈-၂၁၀၁၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်မဲမြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ် (၂၃)၊ ဦးပိုင်အမှတ် (၇၇-ခ)၊ ဧရိယာ ဝ ဒသမ ဝ၆ဝ ဧက ပိုင်ရှင် ဦးသာအောင်အမည်ဖြင့် ရရှိထားသော မြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလိုပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသာအောင် ၁၃/ကမန(နိုင်)၀၀၉၉၄၁**
**ဖုန်း-၀၉-၄၀၃၇၁၂၇၉၄၊ အမှတ်(၄)ရပ်ကွက်၊ ကျောက်မဲမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### တိုက်ကြီးမြို့နယ်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၃

| | | |
|---|---|---|
| ကိုဇာနည်စိုး | **နှင့်** | မရွှေရည်ထွန်းကို |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ တိုးချဲ့(၄)ရပ်ကွက်၊ လမ်း-၅၈၁ နေ (ဘ)ဦးကိုကို၏သမီး တရားပြိုင် မရွှေရည်ထွန်းကို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဧပြီ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စွာလင်း)**
**တွံ့ဖက်မြို့နယ်တရားသူကြီး (၂)**
**တိုက်ကြီးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၆၂

| | | |
|---|---|---|
| ဒေါ်မေမိုးသန္တာ | **နှင့်** | ၁။ ဦးချိုအေး |
| | | ၂။ ဒေါ်ညိုညိုဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဥက္ကာ (၅)လမ်း၊ အမှတ် (၃၂၇/၁)နေ (၂)တရားပြိုင် ဒေါ်ညိုညိုဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လိမ်လည်ရောင်းချခြင်းခံခဲ့ရသည့် မြေကွက် (၂)ကွက်၏တန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀၀/-(ကျပ်သိန်းလေးထောင်)နှင့် နစ်နာကြေးငွေကျပ် ၁၀၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ထောင်)၊ စုစုပေါင်းငွေကျပ် ၅၀၀၀၀၀၀၀၀/-(ကျပ်သိန်းငါးထောင်)တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၂၈ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**ဒုတိယခရိုင်တရားသူကြီး (၆)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အမည်မှန်

ကျိုက်မရောမြို့နယ်၊ အလက(ခွဲ)အံကရဲ စတုတ္ထတန်းမှ မောင်ထက်အောင်နိုင်၏ အမည်မှန်မှာ မောင်ထက်မျိုးနိုင် ဖြစ်ပါကြောင်း။

**မောင်ထက်မျိုးနိုင်**

## ၇-၄-၂၀၂၀ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(၂၇)ပါ ၂၉-၃-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၂၈)ပါ ဦးအောင်မြင့်၊ ဒေါ်စန်းစန်းအေး တို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဇော်မျိုးဟန် (စဉ်-၈၆၁၁)၏ ဦးမျိုးကြီး(ခ) ဦးမျိုးသက်ထွန်း၊ ဦးခိုင်ကျော်ထွန်း(တပ်ကြပ်ကြီးစာရေး)(ဘ)ဦးလှထွန်းစိန် ၆/သရခ(နိုင်) ၀၃၇၈၀၈နှင့် ၎င်း၏ဇနီး ဒေါ်အိသိမ့်သိမ့်ဖြိုး(ဘ)ဦးစောဝင်း ၇/တငန(နိုင်)၁၀၉၆၀၂ ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ သစ် တောလမ်း၊ အမှတ် ၆၄၀၅နေထိုင်သူများနှင့် အများသိစေရန် ကြေညာချက်အပေါ် ဦးမျိုးကြီး(ခ)ဦးမျိုးသက်ထွန်း၊ ဦးခိုင်ကျော်ထွန်း(၎င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်အိသိမ့်သိမ့်ဖြိုး)၊ ဒေါ်အိသိမ့်သိမ့်ဖြိုးတို့ဘက်မှ ပြန်လည်တုံ့ပြန် ရှင်းလင်းကြေညာချက် အပိုဒ်(၃)မှ အမှားပြင်ဆင်ချက်

ကျွန်ုပ်၏အမှုသည်များဖြစ်သော ဦးမျိုးကြီး(ခ)ဦးမျိုးသက်ထွန်း၊ ဦးခိုင်ကျော်ထွန်း(၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်အိသိမ့်သိမ့်ဖြိုး)၊ ဒေါ်အိသိမ့်သိမ့်ဖြိုးတို့၏ လွှဲအပ်ချက်အရ-

အထက်ပါကြေညာချက်တွင်ပါရှိသော အခြားအချက်အလက်များအားလုံးကို ထိခိုက်စေခြင်းမရှိဘဲ အောက်ပါအတိုင်း အမှားပြင်ဆင်ချက် ပြန်လည်ထည့်သွင်းကြေညာအပ်ပါသည်။

'' မူလသတင်းစာကြေညာချက်အပိုဒ်(၃)ပါ အောက်ပါစာသား''

'' ဦးအောင်မြင့်က ဒေါ်အိသိမ့်သိမ့်ဖြိုးထံမှ ၆-၉-၂၀၁၇ ရက်မှ ၂-၁၀-၂၀၁၈ ရက်တွင် ငွေကျပ် (၄၃၂) သိန်းအား အလီလီချေးယူခဲ့ပြီး ၎င်းငွေကျပ် (၄၃၂)သိန်း အနက်မှ ငွေကျပ်သိန်း(၁၁၀)ကိုသာ ပြန်လည်ပေးဆပ်ခဲ့၍ ဦးအောင်မြင့်ထံမှ ဒေါ်အိသိမ့်သိမ့်ဖြိုးက ငွေကျပ် (၃၂၂)သိန်း ပြန်လည်ရရှိခဲ့ခြင်း မရှိသေးကြောင်း''

**အစား**

'' ဦးအောင်မြင့်က ဒေါ်အိသိမ့်သိမ့်ဖြိုးထံမှ ၆-၉-၂၀၁၇ရက်မှ ၂-၁၀-၂၀၁၈ ရက်အတွင်း ငွေကျပ် (၅၄၂) သိန်းအား အလီလီချေးယူခဲ့ပြီး ၎င်းငွေကျပ်(၅၄၂)သိန်း အနက်မှ ငွေကျပ်သိန်း(၁၁၀)ကိုသာ ပြန်လည်ပေးဆပ်ခဲ့၍ ဦးအောင်မြင့်ထံမှ ဒေါ်အိသိမ့် သိမ့်ဖြိုးက ငွေကျပ်(၄၃၂)သိန်း ပြန်လည်ရရှိခဲ့ခြင်းမရှိသေးကြောင်း''

သိရှိရပါသဖြင့် ပြန်လည်ပြင်ဆင်ကြေညာ ထပ်မံ အတည်ပြု အပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်ကြူကြူစန်း(LL.B)** | **ဦးတင်အောင်လင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၆၂၇၉/၅-၁၂-၂၀၁၉)** | **(စဉ်-၁၆၃၀၄/၅-၁၂-၂၀၁၉)** |
| **အမှတ် (၂၁)၊ ၇လမ်း၊ (၁၀)ရပ်ကွက်၊** | **အမှတ် (၃၈)၊ အခန်း(၁)၊ပထမလမ်း၊ (၅)ရပ်ကွက်၊** |
| **ဖျာပုံမြို့** | **ဖျာပုံမြို့** |
| **ဖုန်း-၀၉-၄၅၀၃၄၄၁၁၀** | **ဖုန်း-၀၉-၇၈၁၆၅၉၀၃၉၊ ၀၉-၂၅၀၁၂၃၂၃၀၈၂** |

## အမည်မှန်

ကျိုက်မရောမြို့နယ်၊ အလက(ခွဲ) အံကရဲ သတ္တမတန်းမှ မောင်ကျော်လင်းထွန်း၏ အမည်မှန်မှာ မောင်ကျော်လင်းစိုး ဖြစ်ပါကြောင်း။

**မောင်ကျော်လင်းစိုး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၈)၊ အကွက်အမှတ်(၄၄/မန်ဆူဘုရားကုန်း)၊ ဦးပိုင်(၈၀)၊ ဧရိယာ ၀ ဒသမ ၃၃၉ ဧက၊ အမှုတွဲအမှတ်-၅၈၃-၅/၁၉၉၈-၁၉၉၉(အေ)၊ ဒေါ်ရှောက်ကွန်ညာ (ခ) နိုင်နိုင် ၁၃/လရန(နိုင်) ၀၆၉၈၁၉ အမည်ပေါက်မြေကွက်အား ဒေါ်ရှောက်ကွန်ညာ (ခ) နိုင်နိုင်၏ အထူးကိုယ်စားလှယ် ဒေါ်ရန်ကော်လျှံ ၁၃/လရန(နိုင်)၀၅၇၈၃၀ မှ ဒေါ်ဝင်းဝင်းသန့် ၁၃/လရန(နိုင်)၁၃၄၅၉၁ ထံသို့ စာချုပ်အမှတ်- ၂၇၁/၂၀၂၀ ဖြင့် ရောင်းချပြီးဖြစ်၍ ဒေါ်ဝင်းဝင်းသန့် အမည်ဖြင့် အမည်ပြောင်းထပ်မံ အသစ်မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက် လိုသူများ ရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

သစ်တော
သစ်ပင်
တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

## ဝမ်းနည်းကြေကွဲခြင်း
# ဦးကျော်ကျော်
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
### အသက် (၇၁)နှစ်

ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်သည် ၆-၅-၂၀၂၀ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်နှင့် ဇနီးဒေါ်ရင်မေ**
**ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းထွန်းဟိန်နှင့်ဇနီး ပါမောက္ခ ဒေါက်တာ စိန်စိန်သိန်း**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးကျော်ကျော်
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
### အသက် (၇၁)နှစ်

ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးကျော်ကျော် အသက် (၇၁) နှစ်သည် ၆-၅-၂၀၂၀ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊**
**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်**
**အမျိုးသားလွှတ်တော်ရုံးဝန်ထမ်းများ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မင်းလှမြို့၊ အမှတ်(၃)ရပ်ကွက်၊ လမ်းမတော်လမ်း၊ ကွင်းအမှတ်B-1၊ ကွင်းအမည်(ဆေးရုံရပ်)၊ ဦးပိုင်အမှတ်(၂ခ)၊ မြေဧရိယာ ဝဒသမ ၂၄၄ ဧက မူလပိုင်ရှင် ဦးတင်ထွန်းပါ(၂)ဦးဖြစ်ပြီး ယခုအခါ အမှတ်(၃) ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဦးသန်းစိုး ၇/မလန(နိုင်)၀၆၉၁၂၀ မှဝယ်ယူ၍ ပိုင်ဆိုင်မှု ပေါ်လွင်ခြင်းအလို့ငှာ မြေငှား ဂရန် ပျောက်ဆုံး၊ သက်တမ်းတိုးခြင်းအား ကျမ်းကျိန်လွှာနှင့်အတူ လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိလျှင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**မင်းလှမြို့**

ဇီဝ
မျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

## ဝမ်းနည်းကြေကွဲခြင်း
# ဦးကျော်ကျော်
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
### အသက် (၇၁)နှစ်

ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးကျော်ကျော် အသက် (၇၁)နှစ်သည် ၆-၅-၂၀၂၀ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးကိုကြီး
### ဒု-လက်ထောက်ညွှန်ကြားရေးမှူး(စက်မှုထွေ/ထိန်း)
### သံမဏိစက်ရုံ၊ ရွာမ၊ အင်းစိန်
### အသက် (၈၇)နှစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်-ဒေါ်ခိုင်နွယ်ဦးတို့၏ဖခင် ဦးကိုကြီးသည် ၁-၅-၂၀၂၀ရက်က ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

# ဒေါ်ဆိုင်တီလ်(@)Daw Sai Tial
### အသက်(၈၆)နှစ်

ဦးထန်ကျုံး(ခ)ဆန်နီဇာဟိုး (ချင်းပြည်နယ်ဥပဒေချုပ်)၏မိခင်၊ ဟားခါးမြို့(ဦးဟရဲကုန်း-ဒေါ်အီယာန်ပါရ်)တို့၏တစ်ဦးတည်းသော သမီး၊ (ဝဏ္ဏကျော်ထင်ဦး F ဇာဟိုး)(ခရိုင်ဝန်)(ဦးနီအုပ်)(ပြည်နယ်ရုံးအဖွဲ့မှူး)တို့၏ ဇနီး၊ သားခုနစ်ယောက်၊ သမီး နှစ်ယောက်တို့၏ မိခင်၊ မြေး ၁၆ယောက်တို့၏အဘွား ဒေါ်ဆိုင်တီလ်(@)Daw Sai Tial သည် ၆-၅-၂၀၂၀ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၅-၂၀၂၀ရက်တွင် ဟားခါးမြို့၊ အမှတ်(၁) သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများသိရှိနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးညွန့်လွင်(ခ) Ronny Lynn
### အသက် (၆၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စေတနာသုခလမ်းသွယ်၊ အမှတ် (၄၄)နေ (ဦးထွန်းလွင်-ဒေါ်မေ)တို့၏သား၊ (ဦးဟန်ဒလေ-ဒေါ်နုနု)တို့၏ သားသမက်၊ (ဦးအေးချို)-ဒေါ်ခင်မေဇင်၊ (ဦးမောင်မောင်)-ဒေါ်ခင်မေလွင်တို့၏မောင်၊ဦးခင်မောင်လွင်-ဒေါ်သက်ဦးခင်၊ ဦးအေးလွင်-ဒေါ်ခင်မာနွယ်တို့၏ညီ၊ ဦးအောင်နန္ဒာဦး-မနန်းယင်းမာအေး၊ ဦးအောင်ဇေယျာ-ဒေါ်စန်းသော်တာ၊ ဦးမျိုးမင်းသန့်- ဒေါ်မေမျိုးဟန်၊ ဦးဗညားဇော်-ဒေါ်ဟေမာလင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်အေးအေးသန်း၏ချစ်လှစွာသောခင်ပွန်းသည် ၅-၅-၂၀၂၀ရက် နံနက် ၉:၂၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၅-၂၀၂၀ရက်တွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးအထူးတင်ရှိခြင်း
# သူရဦးထွန်းတင်
### နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
### ဒုတိယဝန်ကြီးချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန(ငြိမ်း)
### အသက်(၁၀၀)နှစ်

ရန်ကုန်မြို့၌ ၁-၅-၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသော သူရဦးထွန်းတင်၏ဈာပနကိစ္စတွင် ဝမ်းနည်းကြောင်း သတင်းထည့်ပေးကြပါသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဦးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း မိသားစု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ငြိမ်း) သူရဦးတင်ဦးနှင့် ဇနီးဒေါက်တာဒေါ်တင်မိုးဝေ မိသားစု၊ မကျန်းမာစဉ်အတွင်း အထူးဂရုစိုက်ကုသပေးကြပါသော အမှတ်(၂)တပ်မတော်ဆေးရုံကြီးမှ တပ်မှူးကြီး ဗိုလ်မှူးချုပ်စိန်လင်းနှင့် သမားတော်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီး ဒေါ်ဥမ္မာစော၊ ဒုတိယဗိုလ်မှူးကြီး ရဲမြတ်ထွန်းနှင့် ဆရာဝန်ကြီးများ၊ အရာရှိစစ်သည် သူနာပြုများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်ပုံ၊ ဒုတိုင်းမှူးနှင့် အရာရှိစစ်သည်များ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဒုတိယမြို့တော်ဝန်နှင့် မြို့တော်စည်ပင်ဌာနဆိုင်ရာ အရာရှိများနှင့် ဝန်ထမ်းများ၊ နာရေးကိစ္စအဝဝတွင် ကူညီဆောင်ရွက်ပေးပါသော နာရေးကူညီမှုအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့ဝင်များ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ကျန်ရစ်သူ မိသားစုအား အနီးအဝေးမှ နေ၍ အားပေးနှစ်သိမ့်ပေးကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများ၊ လူကိုယ် တိုင် လာရောက်၍ အားပေးနှစ်သိမ့်ခြင်း၊ လှူဖွယ်ပစ္စည်း အစုစုဖြင့် ပါဝင်ကုသိုလ်ပြုလုပ်ပေးခဲ့ကြပါသော ပုဂ္ဂိုလ်အသီးသီး၊ ဝမ်းနည်းကြောင်း အမှတ်တရလွမ်းသူ့ပန်းခွေများပေးပို့ကြပါသော အဖွဲ့အစည်းအသီးသီး၊ ပုဂ္ဂိုလ်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူ ဇနီး ဒေါ်မြင့်မြင့်သိန်းနှင့်**
**သားသမီး၊မြေး၊ မြစ်များ**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ညွန့်ရီ အသက် (၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ် (D)၊ အခန်း (၂၀၂)နေ ဦးတင်ထွဋ်ဦး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်ဥမ္မာဟိန်းတို့၏ မိခင်ကြီး ဒေါ်ညွန့်ရီ အသက် (၉၅)နှစ်သည် ၅-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှကျော်(ဒုတိယဝန်ကြီး) ဇနီး ဒေါ်သန်းသန်းငွေ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ညွန့်ရီ
### အသက် (၉၅)နှစ်

ဦးတင်ထွဋ်ဦး (စိုက်/စီငြိမ်း)-ဒေါ်ဥမ္မာဟိန်း၊ ဦးမင်းထွဋ်အေး (ဒု/ညွှန်မှူး/စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်လဲ့လဲ့မုံတို့၏ မိခင် ဒေါ်ညွန့်ရီသည် ၅-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**ဆီထွက်သီးနှံဖွံ့ဖြိုးရေးဌာနစိတ်နှင့် ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ချစ်ရင် (ခ) ဒေါ်ချစ်
### အသက် (၈၈)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး မြတ်သူအောင်၏မိခင် ဒေါ်ချစ်ရင် (ခ)ဒေါ်ချစ် အသက် (၈၈)နှစ်သည် ၁-၅-၂၀၂၀ ရက် ညနေ ၄ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲရပါသည်။ **အန်တီကောင်းရာသုဂတိလားပါစေ။**

**OTS(102)ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
# ဦးလှသိန်း(ဖျာပုံမြို့)
### စိန်နဂါး စိန်ရွှေရတနာဆိုင် (၁+၂)
### အသက် (၈၉)နှစ်

ဖျာပုံမြို့၊ အမှတ် ၁၂၃၊ ၅လမ်း၊ (၅)ရပ်ကွက်နေ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြသန်း၏ခင်ပွန်း၊ ဦးသန်းကျော်-ဒေါ်သင်းသင်းသွယ်၊ ဦးမိုးအောင်-ဒေါ်အေးအေးမွန်၊ ဗိုလ်မှူးကြီး အောင်သိုက်ထွန်း-ဒေါ်အေးအေးသွယ်၊ ဦးရင်ထွန်းအောင်-ဒေါ်နှင်းဝေသွယ်၊ (ဆင်ဖြူတော် -စိန်ရွှေရတနာဆိုင်)၊ ဦးကျော်သန်းထိုက်-ဒေါ်မြတ်မြတ်မင်းသွယ်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၅-၅-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၃:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် လိပ်ဥကုန်း မြန်မာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမီမီအောင်ခင်၏ ကျေးဇူးရှင်ဖခင်ကြီး ဦးအောင်ခင် အသက် (၉၂)နှစ် အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းသည် ၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**ဆေးတက္ကသိုလ် (၂)**
**၁၉၈၀-၈၅ batch**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးဘိုရွှေ အသက် (၇၆)နှစ်
### (တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး-ငြိမ်း)

ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစိုးညွန့်ရွှေ (ဒုတိယညွှန်ကြားရေးမှူး)-ဒေါ်သန္တာလင်းတို့၏ဖခင် ဦးဘိုရွှေသည် ၆-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြည်နယ်၊ ခရိုင်၊ မြို့နယ်မိသားစု**

# ဒေါ်ဝါဝါအောင်(B.Ed)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ယုဇနကွန်ဒို၊ တိုက်အမှတ်( ၆၇/C)၊ အခန်း (2-C)နေ (ဗိုလ်မှူးဖေအောင်-ဒေါ်မေမေခင်) တို့၏သမီး၊ (ဦးမျိုးဟိန်း)၏ ဇနီး၊ (ဒေါက်တာဒေါ်နီနီအောင်)၏ညီမ၊ ဦးရဲမြင့်-ဒေါ်ခင်စန်းရီ၊ ဒေါ်အတာညို၊ ဦးခွန်တင်မောင်မောင် - (ဒေါ်တင်ရီ)၊ ဦးရင် မောင်မောင်-ဒေါ်စန်းချစ် တို့၏ တူမ၊ ဦးဇော်မင်းထွန်း-ဒေါက်တာမြမွန်ရည်(UK)၊ ဒေါက်တာရဲနောင်လတ်-မခင် မင်းထွေး(Australia)တို့၏ မိခင်သည် ၆-၅-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက်၆:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ညွန့်ရီ အသက် (၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ် (D)၊ အခန်း (၂၀၂)နေ ဦးတင်ထွဋ်ဦး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်ဥမ္မာဟိန်းတို့၏ မိခင်ကြီး ဒေါ်ညွန့်ရီ အသက် (၉၅)နှစ်သည် ၅-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်)နှင့်**
**စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ**

# ဒေါ်ညွန့်ရီ
### မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး
### အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ်(D)၊ အခန်းအမှတ်(၂၀၂)နေ (ဦးဘိုးနီ-ဒေါ်အေးနု)တို့၏ သမီး၊ (ဦးကျော်-ဒေါ်ခင်)တို့၏သမီးချွေးမ၊ (ဦးအေးသောင်)(လူမှုဝန်ထမ်းအရာရှိ ငြိမ်း)၏ဇနီး၊ ဦးတင်ထွဋ်ဦး-ဒေါ်ဥမ္မာဟိန်း၊ ဦးဇော်မင်းစိန်-ဒေါ်နွဲ့နွဲ့အေး၊ ဦးတင်လှဝင်း-ဒေါ်ချစ်ဥ၊ ဦးဇော်လှမင်း-ဒေါ်ပို့ပို့၊ ဒေါ်အေးအေးမူ၊ ဒေါ်သက်သက်ဆွေ၊ ဦးမင်းထွဋ်အေး-ဒေါ်လဲ့လဲ့မုံတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၅-၅-၂၀၂၀ရက် နံနက် ၀၀:၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးဂျော်နီ
### ရဲအုပ်(ငြိမ်း)ရဲကျော်သူ
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သစ္စာလမ်း၊ (၃၉)A၊ အမှတ် (၃၄၂)နေ (ဦးမောင်စိန်-ဒေါ်ဘေဘီ)တို့၏ သား၊ ဒေါ်နော် စေးဖော(တောင်ဥက္ကလာ)ကျန်းမာရေး(အငြိမ်းစား)၏ခင်ပွန်း၊ (ဒေါ်ချယ်ရီ)၊ ဒေါ်ခင်မေရီ၊ (ဒေါ်လှလှသိန်း)၊ ဦးမောင်မောင်၊ ဒေါ်ချိုချို၊ (ကိုမောင်မောင်ထွေး)၊ ဒေါ်နီနီ၊ ဦးထွန်းထွန်းဦး၊ ဦးမြင့်သန်းတို့၏ အစ်ကိုကြီး၊ ဦးကျော်ကျော်အောင်(ရဲအရာခံ)-ဒေါ်စောဥမ္မာ၊ ဦးမြင့်သိန်း(ဒုရဲမှူးသတင်းတပ်ဖွဲ့)-ဒေါ်နီနီမာ(သတင်းတပ်ဖွဲ့၊ငြိမ်း)တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၆-၅-၂၀၂၀ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၀ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၂၀ရက်(အင်္ဂါနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ဦးဘိုရွှေ
### တောင်ကြီးခရိုင် ပြန်ကြားရေးနှင့်
### ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဦးစီးမှူး(ငြိမ်း)
### အသက်(၇၆)နှစ်

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ နယ်မြေ(၁၂)၊ မင်္ဂလာလမ်း၊အမှတ်(၂/၂)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီလိုင်းနေ (ဦးဖေညွန့်-ဒေါ်ထားတင်)တို့၏ သား၊ ဦးသံချောင်း-ဒေါ်ခင်မြင့်တို့၏မောင်၊ ဒေါ်သန်းချို၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးခွန်ဆယ်- ဒေါ်ခင်နှင်းရွှေ၊ ဒေါ်ခင်အေးရွှေ၊ ဦးစိုးညွန့်ရွှေ-ဒေါ်သန္တာလင်း၊ ဦးမျိုးညွန့်ရွှေ-ဒေါ်ကုဋေငွေ၊ ဦးဘိုဘိုသန့်ရွှေ- ဒေါ်စန္ဒာမင်းတို့၏ ဖခင်၊ မြေး ၁၀ယောက် တို့၏ အဘိုးသည် ၆-၅-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၀ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်မြအုန်း
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၁၀၀)မြေညီ(B)နေ (ဦးကြားမောင်-ဒေါ်မြညွန့်)တို့၏သမီး၊ ဦးဝင်း၏ ချစ်လှစွာသော ဇနီး၊ ဦးစိုးဝင်း-ဒေါ်သင်းသင်းလှိုင်၊ ဦးသန်းဝင်း-ဒေါ်ထားထားမြင့်၊ ဦးတင်ဝင်း-ဒေါ်ခင်မော်မော် တို့၏ မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၆-၅-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုဆန္ဒအရ ယင်းနေ့ ညနေ ၅:၃၀ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူခင်ပွန်းနှင့်မိသားစု**

## COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်ရေးတိုးမြှင့်ခဲ့သည့် မေလ(၁)ရက်မှ (၁၅)ရက်အထိ ကာလအတွင်း ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများအတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၇၅)ယူနစ်အထိကို ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့်(အခမဲ့)ကို ထပ်မံပေးသွားမည်ဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

### ပြည်သူသို့ အသိပေးတင်ပြချက်

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်နေ့
(၂၀၂၀ ပြည့်နှစ်၊ မေလ ၆ ရက်)

၁။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ Coronavirus Disease ရောဂါကာကွယ်ထိန်းချုပ်တားဆီးရေးအတွက် (၃၀.၄.၂၀၂၀) ရက်နေ့အထိ ထုတ်ပြန်ထားသော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ပြည်သူသို့ပန်ကြားချက်၊ ညွှန်ကြားချက်များအား (၁၅.၅.၂၀၂၀) ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်သွားရန် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၂၃) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ သို့ဖြစ်၍ COVID–19 ရောဂါ ကာကွယ် ထိန်းချုပ်ရေးတိုးမြှင့်ခဲ့သည့် မေလ(၁)ရက်မှ (၁၅)ရက်အထိ ကာလအတွင်း ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမပါ)အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၇၅)ယူနစ် အထိကို ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့)ကို ထပ်မံပေးသွားမည် ဖြစ်ပါသည်။

၂။ သို့ပါ၍ သုံးစွဲခဲ့သောလျှပ်စစ်ဓာတ်အားသုံးစွဲမှု ယူနစ်များအနက်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁) ယူနစ်မှ (၇၅) ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပါသည်။

၃။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၇၆) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက် သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့်အမျိုးအစားတွင်ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများအားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

# ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် မေ ၆**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ထိုင်းနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသား ၁၃၅ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း(Myanmar Airways International–MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဒေသရှိ Asian University for Women တွင် တက်ရောက်နေသည့် မြန်မာကျောင်းသူ ၃၇ ဦးနှင့် ဒါကာမြို့တွင် ပိတ်မိနေသည့် မြန်မာနိုင်ငံသား တစ်ဦး စုစုပေါင်း ၃၈ ဦးတို့သည် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိလာကြသည်။

၎င်းတို့အား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဗန်ကောက်မြို့နှင့် ဒါကာမြို့ရှိ မြန်မာသံရုံးများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❑



ထိုင်းနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

## စောင့်ကြည့်စခန်းမှ ရက်မစေ့မီထွက်ပြေးလာသူအား မြိုင်မြို့နယ်တရားရုံးက ထောင်ဒဏ်ချမှတ်

စာမျက်နှာ - ၁၁

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာမျက်နှာ - ၁၅

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း နေပြည်တော်ကောင်စီမှ ဆောင်ရွက်ချက်များ အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

## ရမ်ဆေးကို ခေါ်ယူရာတွင် ပေ့ါဂ်ဘာကို အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးချဖွယ်ရှိနေသည့် မန်ယူ



ဂျူဗင်တပ်စ်အသင်းမှ ဝေးလ်ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေး

မန်ယူအသင်းသည် ဂျူဗင်တပ်စ်အသင်းမှ ဝေးလ်ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေး (၂၉ နှစ်) ကို ခေါ်ယူရန် ဆန္ဒပြင်းပြနေပြီး အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် ပြင်သစ်ကွင်းလယ်ကစားသမား ပေ့ါဂ်ဘာ (၂၇နှစ်) ကို အသုံးချဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကွင်းလယ်ကစားသမား ရမ်ဆေးသည် အာဆင်နယ်အသင်း၌ ၁၁ နှစ်ကြာ ဖြတ်သန်းပြီးနောက် ဂျူဗင်တပ်စ်အသင်းသို့ ပြီးခဲ့သည့်နှစ်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသူဖြစ်ပြီး ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသူဖြစ်သည်။ ၎င်းသည် ကိုဗစ်–၁၉ ကြောင့် ဘောလုံးပွဲစဉ်များ မရပ်နားမီအထိ စီးရီးအေ၌ ကိုးပွဲသာ ပွဲထွက်ခွင့်ရရှိထားသူဖြစ်သည်။ ပေ့ါဂ်ဘာသည် ၂၀၁၆ ခုနှစ်တွင် ဂျူဗင်တပ်စ်အသင်းမှ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❍

## လေဖိအားနည်းရပ်ဝန်း အားပျော့သွားပြီးဖြစ်

**နေပြည်တော် မေ ၆**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီး ဖြစ်ပါသည်။

မိုး/ဇလ

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ မေ ၇၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း နေပြည်တော်ကောင်စီမှ ဆောင်ရွက်ချက်များ



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်

တွေ့ဆုံမေးမြန်း– နန္ဒာဝင်း၊ ဓာတ်ပုံ– ဇော်မင်းလွင် (ပြန်/ဆက်)

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မြို့ကြီး ၂၆ မြို့နယ်ကို အာဆီယံ Smart Cities ကွန်ရက် (ASEAN Smart Cities Network) ထူထောင်ရာတွင် နေပြည်တော်သည် ၂၀၁၈ ခုနှစ်တွင် ကနဦးမြို့တော်အဖြစ် ပါဝင်ခဲ့သည်။ အာဆီယံ Smart Cities မူဘောင်အဖြစ် ချမှတ်ထားသော လုပ်ငန်းစဉ်များ အနက် ပြည်သူလူထု၏ ကျန်းမာရေးနှင့် သာယာဝပြောရေး၊ အရည်အသွေးကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်နှင့် အခြေခံအဆောက်အအုံဟူသည့် ကဏ္ဍ (၃) ရပ် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ နေပြည်တော်ကောင်စီသည် လုပ်ငန်းစဉ် (Action Plan) များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်း၊ တံတားများအပြင် အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်ကို တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည် –

**မေး။ ။နေပြည်တော်ကောင်စီရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုတွေကို သိရှိလိုပါတယ်ရှင့်။**

ဖြေ။ ။နိုင်ငံတော်အစိုးရရဲ့ ချမှတ်ထားတဲ့ မူဝါဒတွေကို အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်နိုင်ဖို့အတွက် ချမှတ်ထားတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်တွေနဲ့အညီ နေပြည်တော်ကောင်စီက ဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ္ဍာရန်ပုံငွေခွဲဝေရရှိမှုအပေါ် အခြေခံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

(၄) နှစ်တာကာလအတွင်း နှစ်အလိုက်လုပ်ငန်းတွေကို ကဏ္ဍအလိုက် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေတို့နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပထမ (၁) နှစ်တာကာလမှာ လုပ်ငန်းပေါင်း ၁၄၃၁ ခုကို ငွေကျပ်သန်းပေါင်း ၄၁၆၃၂ ဒသမ ၂၄၇ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

ဒုတိယ (၁) နှစ်တာကာလမှာ လုပ်ငန်းပေါင်း ၁၃၉၂ ခုကို ငွေကျပ်သန်းပေါင်း ၄၂၄၆၄ ဒသမ ၅၅၅ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး တတိယ (၁) နှစ်တာကာလမှာ လုပ်ငန်းပေါင်း ၁၈၈၀ ကို ငွေကျပ်သန်းပေါင်း ၉၀၇၈၈ ဒသမ ၇၀၉ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ စတုတ္ထ (၁) နှစ်တာကာလ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ လုပ်ငန်းပေါင်း ၁၇၅၇ ခုကို ငွေကျပ် သန်းပေါင်း ၁၀၀၃၆၄ ဒသမ ၄၇၂ နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ပညာရေးကဏ္ဍအတွက် အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကို သိရှိလိုပါတယ်။**

ဖြေ။ ။စတုတ္ထ (၁) နှစ်တာကာလ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းပေါင်း ၃၉၃ ခုကို ငွေကျပ်သန်းပေါင်း ၆၈၈၇ ဒသမ ၅၉၄ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော်တစ်ခုလုံးမှာ ကျောင်းဆောင်သစ် ၆၉ ကျောင်းကို ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်။ ဆရာ/ဆရာမ ၂၆၈ ဦးကို အသစ်ခန့်ထားနိုင်ခဲ့ပြီး လက်ရှိမှာ ဆရာ/ဆရာမ ၈၅၆၂ ဦးနဲ့ ပညာသင်ကြားပေးလျက်ရှိပါတယ်။

စာပေသင်ကြားမှု လွယ်ကူအဆင်ပြေစေဖို့အတွက် သံဖရိန်စာသင်ခုံ ၁၂၇၅၃ ခုံကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ကျောင်းအဆင့်တိုး ဖွင့်လှစ်ခဲ့မှုအနေနဲ့ မူလတန်းကျောင်း အမက (ခွဲ)သို့ ခြောက်ကျောင်း၊ အမက(ခွဲ)မှ အမကသို့ ခုနစ်ကျောင်း၊ အမကမှ မူလတန်းလွန်သို့ ၂၉ ကျောင်း၊ မူလတန်းလွန်မှ အလက (ခွဲ)သို့ ၂၃ ကျောင်း၊ အလက(ခွဲ)မှ အလကသို့ ကျောင်း ၂၀၊ အလကမှ အထက(ခွဲ)သို့ ၂၁ ကျောင်းနဲ့ အထက(ခွဲ)မှ အထကသို့ ခုနစ်ကျောင်း စသဖြင့် အခြေခံပညာကျောင်း ၁၁၃ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ်။

အလှူရှင်တွေရဲ့ ဆောက်လုပ်လှူဒါန်းမှုနဲ့ ပတ်သက်ပြီး ဝင်းပြည်သစ်ဖောင်ဒေးရှင်းနဲ့ ကိုရီးယားနိုင်ငံအလှူရှင်တွေရဲ့ လှူဒါန်းမှုတွေနဲ့ ဇမ္ဗူသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်နဲ့ လယ်ဝေးမြို့နယ်တို့မှာရှိတဲ့ အထကကျောင်း သုံးကျောင်းမှာ ရေသန့်စက်တွေ တပ်ဆင်ခဲ့ပါတယ်။ DB Insurance Company က ပုဗ္ဗသီရိမြို့နယ်မှာ Steel Structure သွပ်မိုး အုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင်နဲ့ စိုးလျှပ်စစ်ဖောင်ဒေးရှင်းက ဇေယျာသီရိမြို့နယ်မှာရှိတဲ့ အထက(ခွဲ) စည်ပင်ကြီး ကျောင်းမှာ ဆရာ၊ ဆရာမတွေ နေထိုင်ဖို့ ရှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံးတို့ကို ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။

*အချပ်ပို (ခ) သို့*



နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါအတွက် ကြိုတင်ပြင်ဆင်ထားမှုများအား နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ကြည့်ရှုစစ်ဆေးစဉ်။

**“ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း စီစဉ်ဆောင်ရွက်မှုအနေနဲ့ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၆ ရက်ကစပြီး အပြည်ပြည်ဆိုင်ရာ ဆိုက်ရောက်လေယာဉ်တွေက ခရီးသည်တွေကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန Surveillance Team အဖွဲ့တွေက ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းတွေကို နေ့စဉ် ဆောင်ရွက်လျက်ရှိ”**

*အချပ်ပို (က) မှ*

နေပြည်တော်အတွင်း အခြေခံပညာကျောင်းပေါင်း ၇၄၈ ကျောင်းမှာ ကျောင်းသားပေါင်း ၂၁၀၆၁၇ ဦး ပညာသင်ယူလျက်ရှိပါတယ်။ ကျောင်းပေါင်း ၅၆၄ ကျောင်းမှာ နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်ချက်နဲ့ အညီ စာကြည့်တိုက်တွေ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ ဘက်စုံပညာရေးဖွံ့ဖြိုးမှုအနေနဲ့ ဗဟိုအဆင့်ကျောင်းသား အားကစားပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ပါတယ်။ ဒါ့ပြင် နိုင်ငံတော်ရဲ့ ထူးခြားတဲ့ နေ့ရက်တွေ၊ အခမ်းအနားတွေနဲ့ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တို့မှာ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်စေခဲ့ပါတယ်။

**မေး။ ။ ကျန်းမာရေးကဏ္ဍအနေနဲ့ ဆောင်ရွက်နေမှုကို သိရှိလိုပါတယ်ရှင့်။**

ဖြေ။ ။ နေပြည်တော်အတွင်းမှာ ဗဟိုအဆင့်ဆေးရုံကြီး ငါးရုံ၊ ခရိုင်အဆင့်ဆေးရုံနှစ်ရုံ၊ မြို့နယ်အဆင့်ဆေးရုံ ၁၅ ရုံနဲ့ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့ပြင် စတုတ္ထ (၁)နှစ်တာကာလအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းပေါင်း ၁၉ ခုကို ငွေကျပ်သန်းပေါင်း ၄၉၈၂ ဒသမ ၅၆၃ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူလူထုအကြားမှာ ကာကွယ်ဆေးထိုးနှံပေးမှုတွေ ပိုမိုလွှမ်းခြုံလာနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းကို အထူးကုဆေးရုံကြီးတွေ၊ ခုတင် ၅၀၀ ဆံ့ ကလေးအထူးကုဆေးရုံကြီး၊ ခုတင် ၅၀၀ ဆံ့ သားဖွားမီးယပ်အထူးကုဆေးရုံကြီး၊ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၊ အမှတ် (၂) ခုတင် ၃၀၀ ဆံ့ တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီး၊ ခုတင် ၂၀၀ ဆံ့ ပျဉ်းမနားပြည်သူ့ဆေးရုံကြီး၊ ခုတင် ၁၀၀ ဆံ့ လယ်ဝေးပြည်သူ့ဆေးရုံကြီးနဲ့ တပ်ကုန်းပြည်သူ့ဆေးရုံကြီး၊ ခုတင် ၅၀ ဆံ့ ဇမ္ဗူသီရိမြို့နယ်ဆေးရုံနဲ့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းတွေမှာ ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နေပြည်တော်အတွင်း ပုဂ္ဂလိကဆေးရုံ ၁၅ ရုံ၊ ဆေးခန်းပေါင်း ၂၀၅ ခန်း၊ ခွဲစိတ်ခွဲခြာတ်မှန်အပါအဝင် ကျန်းမာရေးလုပ်ငန်း ၃၀ စုစုပေါင်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း ၂၅၀ တို့က ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အားဖြည့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။



၁၃-၂-၂၀၂၀ ရက်က နေပြည်တော် သပြေကုန်းအဝိုင်း၌ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တု ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနဲ့ တုံ့ပြန်ဆောင်ရွက်ရေးကော်မတီတွေ ဖွဲ့စည်းပြီး ကော်မတီအစည်းအဝေးတွေကို အပတ်စဉ် ပြုလုပ်လျက်ရှိပါတယ်။ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ အဆင့်ဆင့် သတင်းပေးပို့နိုင်ဖို့အတွက် သတင်းပေးပို့စနစ်တစ်ခု ထူထောင်ပြီး Emergency Operations Center (EOC) ကို ၂၄ နာရီ ဖွင့်လှစ်ထားရှိပါတယ်။ ဆက်သွယ်ဆောင်ရွက်နိုင်မယ့် ဖုန်းနံပါတ်တွေကို စီစဉ်ထားရှိပါတယ်။ ဟိုတယ်ဇုန်တွေမှာ သံသယလူနာ တည်းခိုမှုရှိရင် ဆက်သွယ်နိုင်ဖို့ EOC တယ်လီဖုန်းအပါအဝင် တာဝန်ရှိသူတွေရဲ့ ဖုန်းနံပါတ်တွေကို ဖြန့်ဝေထားပါတယ်။

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း စီစဉ်ဆောင်ရွက်မှုအနေနဲ့ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၆ ရက်ကစပြီး အပြည်ပြည်ဆိုင်ရာ ဆိုက်ရောက် လေယာဉ်တွေက ခရီးသည်တွေကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန Surveillance Team အဖွဲ့တွေက ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွေကို နေ့စဉ်ဆောင်ရွက်လျက်ရှိပါတယ်။

သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ကျန်းမာရေးဝန်ထမ်းတွေက သူတို့မြို့နယ်တွေမှာရှိတဲ့ Hotel တွေမှာ တည်းခိုနေတဲ့ ဧည့်သည်တွေကို သံသယလက္ခဏာတွေ ရှိ/မရှိ နေ့စဉ်စုံစမ်းထောက်လှမ်းတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ဗဟိုအဆင့်ဆေးရုံ လေးရုံ၊ မြို့နယ်အဆင့်ဆေးရုံ ကိုးရုံ၊ တိုက်နယ်ဆေးရုံ ခုနစ်ရုံနဲ့ ပုဂ္ဂလိကဆေးရုံ ၁၆ ရုံတို့ကို သံသယလူနာ လာရောက်ပြသခဲ့ခြင်း ရှိ/မရှိ နေ့စဉ်စုံစမ်းထောက်လှမ်းပြီး သတင်းအချက်အလက် ရယူပေးပို့တာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ Community Surveillance လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုမှုအနေနဲ့ သက်ဆိုင်ရာမြို့နယ်တွေမှာ ကိုဗစ်-၁၉ ဖြစ်ပွားရာ နိုင်ငံတွေက ပြန်လည်ရောက်ရှိလာသူတွေ ရှိ/မရှိ နေ့စဉ်စုံစမ်းဆောင်ရွက်ပါတယ်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာရှိတဲ့ မြို့နယ်တွေမှာ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ မြို့နယ်အလိုက် ကျန်းမာရေးအသိပညာပေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ရောဂါကူးစက်ပြန့်ပွားမှုကို လျှော့ချနိုင်ဖို့နဲ့ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအနေနဲ့ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု မရှိစေဖို့အတွက် ဌာနအဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်တွေနဲ့ ပြည်သူတွေက ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ပူးပေါင်းပါဝင်လုပ်ဆောင်ဖို့ လိုက်နာဆောင်ရွက်ရမယ့် အမိန့်ကြေညာချက်ကို နေပြည်တော်ကောင်စီရဲ့ ၂၀၂၀ ပြည့်နှစ် မတ်လ ၁၈ ရက် ရက်စွဲပါ အမိန့်အမှတ် (၂၅/၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။ စိုက်ပျိုးရေးကဏ္ဍအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ နေပြည်တော် ကောင်စီနယ်မြေက မြို့နယ် ရှစ်မြို့နယ်ဆိုပေမယ့် ကျေးရွာတွေ များပါတယ်။ နေပြည်တော်ရဲ့ အဓိကထွက်ကုန်က စိုက်ပျိုးရေးထွက်ကုန်ဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ကျေးလက်နေပြည်သူတွေအတွက် အဓိကထားပြီး ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့ မိုးရာသီက မိုးစပါးဧက ၁၇၁၉၆၉ ဧက စိုက်ပျိုးခဲ့ပြီး ပျမ်းမျှတစ်ဧက အထွက်နှုန်း ၈၄ ဒသမ ၇၉ တင်း ထွက်ရှိခဲ့တဲ့အတွက် စုစုပေါင်းတင်းပေါင်း ၁၄၅ သိန်းကျော် ထွက်ရှိပါတယ်။ နွေစပါးအနေနဲ့ ၂၀၄၄၃ ဧက လျာထားပြီး ၃၄၃၄ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။

ဒါ့ပြင် ပြောင်းသီးနှံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနဲ့ အခြားသီးနှံစုစုပေါင်း ၃၄၀၀၄၆ ဧကကို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နေပြည်တော်အနေနဲ့ ဒေသဝမ်းစာ ဆန်ဖူလုံမှုအနေနဲ့ ၁၀၀ ဒသမ ၃၁ ရာခိုင်နှုန်းရှိပြီး ဆီဖူလုံမှုက ၁၃၇ ဒသမ ၃၂ ရာခိုင်နှုန်းရှိပါတယ်။ နေပြည်တော်ဒေသရဲ့ ဒေသအတွင်းနေထိုင်သူ ပြည်သူလူထုနဲ့ ဆန်/ဆီထွက်ရှိမှုအချိုးကို တွက်ကြည့်တဲ့အခါ ဆန်ရော၊ ဆီရော ဖူလုံမှုရှိတဲ့ဒေသ ဖြစ်ပါတယ်။

**မေး။ ။ ဆည်မြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုကို သိရှိလိုပါတယ်။**

ဖြေ။ ။ လယ်ယာမြေ ဆည်မြောင်းကဏ္ဍအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းပေါင်း ၁၄၈ ခုကို ငွေကျပ်သန်းပေါင်း ၈၅၅၅ ဒသမ ၀၅၀ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလုပ်ငန်းတွေက ဆည်ရေသောက်စနစ်ပြုပြင်တည်ဆောက်တဲ့လုပ်ငန်း၊ သဲနုန်းတူးဖော်တဲ့လုပ်ငန်း၊ ကျောက်စီမြောင်းတွေ ပြုလုပ်တဲ့လုပ်ငန်း၊ ရေနုတ်မြောင်းပေါ်မှာ Check Structure တည်ဆောက်တဲ့လုပ်ငန်း၊ တာပေါင်မြေဖို့တာနဲ့ ကျောက်လိုင်နင်ပြုပြင်တဲ့လုပ်ငန်း၊ Main Canal ကျောက်လိုင်နင်စီတဲ့လုပ်ငန်း၊ ကျောက်နံရံတည်ဆောက်တဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။

နိုင်ငံတော်ဘတ်ဂျက်အပြင် ကမ္ဘာ့ဘဏ်ချေးငွေ ADSP Batch I အရ ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ တပ်ကုန်းမြို့နယ်အတွင်းမှာရှိတဲ့ ဆင်သေလက်ဝဲမြောင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်တဲ့လုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၃၀၆၄ ဒသမ ၁၂ သန်းနဲ့ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၈၄ ဒသမ ၉၀၀ သန်းနဲ့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းပြီးစီးရင် ဆင်သေလက်ဝဲရေသောက်စနစ်မှာရှိတဲ့ စိစစ်ပြီး လက်ရှိဆည်ရေသောက်ဧရိယာ ၆၈၄၆ ဧကကို ရေဖူလုံစွာပေးဝေနိုင်မယ့်အပြင် တပ်ကုန်းမြို့နယ်အတွင်းရှိ ရှောက်ကုန်း၊ ကင်ပွန်းတန်းနှင့် ကျားသေအိုင်ကျေးရွာတို့မှာရှိတဲ့ လယ်မြေ ၉၁၅ ဧကတို့ကို စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်မှာ ဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်ချေးငွေ ADSP Batch II ဒုတိယပိုင်းမှာ ငလိုက်တမံ ရေပိုလွှဲပြုပြင်ခြင်းလုပ်ငန်းနဲ့ ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်တဲ့လုပ်ငန်းတွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၀၀ ဒသမ ၀၀၀ သန်းနဲ့ စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းပြီးစီးရင် ငလိုက်ဆည်ရေသောက်စနစ်ရှိ လယ်မြေဧက ၁၇၇၈၄ ဧကကို ရေဖူလုံစွာပေးဝေနိုင်မှာ ဖြစ်ပါတယ်။

ဒါ့ပြင် IFAD ချေးငွေနဲ့ စနစ်တကျ လယ်ယာမြေဖော်ထုတ်တဲ့လုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် ၃၀၆၀ ဒသမ ၁၀၀ သန်းနဲ့ လယ်ယာမြေ ၅၉၈ ဒသမ ၃၈ ဧက ဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

*အချပ်ပို (ဂ)သို့*



ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာ ကျောင်းဆောင်သစ်ဖွင့်ပွဲ၌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

**မေး။ ။မွေးမြူရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ပြည်ထောင်စုနယ်မြေက ကျေးလက်တောရွာအခြေပြုတဲ့ ဒေသကြီးဖြစ်တဲ့အတွက် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ကို ဆောင်ရွက်နေပါတယ်။ ပထမအဆင့်အနေနဲ့ မြစိမ်းရောင်စီမံချက်ဖြစ်တဲ့ သားငါးထုတ်လုပ်ရေးကဏ္ဍမှာ ပျဉ်းမနားမြို့နယ် ဝဲကြီးကျေးရွာမှာ ဒေသန္တွားမွေးမြူရေး လုပ်ကိုင်ဆောင်ရွက်ဖို့ ငွေကျပ်သန်းပေါင်း ၃၀ ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ထောက်ပံ့ကြေးအပြင် မွေးမြူရေးနဲ့ပတ်သက်တဲ့ နည်းပညာအဆင့်မြှင့်ဖို့ ကျေးလက်ပြည်သူတွေကို အခြေခံမွေးမြူရေးပညာပေး ဟောပြောပွဲတွေ ကျင်းပပေးပါတယ်။ ဟောပြောပွဲ အကြိမ်ပေါင်း ၅၉ ကြိမ်၊ ကျွဲ/နွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ပညာပေးဟောပြောပွဲ ၆၁ ကြိမ်၊ ဝက်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဟောပြောပွဲ ၂၂ ကြိမ်၊ ကြက်မွေးမြူရေးပညာပေးဟောပြောပွဲ ၁၄ ကြိမ်၊ ကောင်းမွန်စွာ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာကျင့်စဉ် (Good Animal Husbandary Practices, GAHP) သင်တန်းနဲ့ တိရစ္ဆာန်ကျန်းမာရေးလုပ်သားဆိုင်ရာ (Community Animal Health Worker, CAHW) သင်တန်း (၃) ကြိမ်တို့ကို ပညာပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ မေထုံမွဲ့သားစပ်လုပ်ငန်း ဆောင်ရွက်မှုအနေနဲ့ နွားမကောင်ရေ ၃၅၆၃ ကောင်ကို အသားစပ်ပေးနိုင်ခဲ့ပြီး နွားမကောင်ရေ ၁၅၈၇ ကောင် ဇီးရရှိခဲ့ကာ သားပေါက်ကောင်ရေ ၁၄၉၃ ကောင် ရရှိခဲ့ပါတယ်။

**မေး။ ။လျှပ်စစ်မီးလင်းရေးကဏ္ဍ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ထားရှိမှုကို သိပါရစေ။**

ဖြေ။ ။နေပြည်တော်ရဲ့ ဒေသပတ်လည်မှာ လျှပ်စစ်ထောက်ပံ့ရေးမှာ အခြေခံကျပြီး သန့်ရှင်းတဲ့ လျှပ်စစ်ဓာတ်အား ထောက်ပံ့ရေးအတွက် အဓိကကျတဲ့ ဆည်ကြီးနှစ်ခုက လျှပ်စစ်ဓာတ်အား ထောက်ပံ့နေပါတယ်။

နေပြည်တော်မှာရှိတဲ့ မြို့နယ် ရှစ်ခုမှာ ဇမ္ဗူသီရိမြို့နယ်နဲ့ ဇေယျာသီရိမြို့နယ်တို့ဟာ ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိပြီးဖြစ်တဲ့အပြင် နေပြည်တော်မှာ ကျေးရွာပေါင်း ၇၉၆ ရွာရှိတဲ့အနက် လက်ရှိမီးလင်းပြီးကျေးရွာ ၅၈၀ ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ နေပြည်တော်ကောင်စီဘတ်ဂျက်နဲ့ ရွာပေါင်း ၇၇ ရွာ၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းနဲ့ ရွာပေါင်း ၂၀ စုစုပေါင်း ၉၇ ရွာ ဓာတ်အားရရှိမှာ ဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့နည်းစေရေးနဲ့ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၃၀ ဒသမ ၇၈ မိုင်နဲ့ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၆ ဒသမ ၂၅ မိုင်ကို Open Wire မှ Insulated Cable နဲ့ လဲလှယ်တာတွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။သောက်သုံးရေဖူလုံဖို့ ဆောင်ရွက်ထားရှိမှုကို သိလိုပါတယ်။**

ဖြေ။ ။နေပြည်တော်မှာ လူဦးရေတစ်သန်းကျော် ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းလေးသိန်းဝန်းကျင် ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းအိမ်ရာတွေအတွက် နေပြည်တော်စည်ပင်က တာဝန်ယူပြီး သောက်သုံးရေထောက်ပံ့ပေးနေပါတယ်။ နေပြည်တော် ရှစ်မြို့နယ်မှာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းပေါင်း ၁၁၅ ခုကို ငွေကျပ်သန်းပေါင်း ၁၉၇၀ ဒသမ ၀၃၈ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ၂၈-၂-၂၀၂၀ ရက်က တပ်ကုန်းမြို့နယ် သစ်ဆိန်ပင်ကျေးရွာ ဒေသခံပြည်သူများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

မြို့နယ် ရှစ်မြို့နယ်ရှိ ကျေးရွာပေါင်း ၄၇ ရွာမှာ စက်ရေတွင်း ၄၂ တွင်း၊ မြစ်ရေတင်နှစ်ခုနဲ့ စိမ့်စမ်းရေ တစ်ခုတို့ကို တူးဖော်ပေးလျက်ရှိပါတယ်။ ပိုက်လိုင်းတွေကတစ်ဆင့် သိုလှောင်ဖြန့်ဝေပေးနိုင်ဖို့အတွက် ရေသိုလှောင်ကန် ၂၉ ကန်၊ ကွန်ကရစ်ရေစင် ၁၈ ခု တည်ဆောက်လျက်ရှိပါတယ်။ လုပ်ငန်းတွေပြီးစီးရင် သောက်သုံးရေ ဖူလုံလာမှာဖြစ်ပါတယ်။

ဒါ့ပြင် နိုင်ငံတော်ထောက်ပံ့ငွေ၊ Unicef ပူးပေါင်းရန်ပုံငွေတွေနဲ့ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဇေယျာသီရိမြို့နယ်နဲ့ တပ်ကုန်းမြို့နယ်တို့မှာ စက်ရေတွင်း နှစ်တွင်းတူးဖော်ခြင်း၊ ရေသိုလှောင်ကန် တစ်ကန်နဲ့ ကွန်ကရစ်ရေစင် နှစ်ခု တည်ဆောက်ခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်ကောင်စီရန်ပုံငွေနဲ့ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်နဲ့ ဥတ္တရသီရိမြို့နယ်တွေမှာ စက်ရေတွင်း ၂၂ တွင်း၊ မြစ်ရေတင် နှစ်ခုနဲ့ စိမ့်စမ်းရေ ၁၃ ခုတို့ကို တူးဖော်ဆောင်ရွက်လျက်ရှိပြီး သိုလှောင်ဖြန့်ဝေပေးနိုင်ဖို့အတွက် ရေသိုလှောင်ကန် ၁၄ ကန်နဲ့ ကွန်ကရစ်ရေစင် ၁၃ ခုတို့ကို ဆောင်ရွက်လျက်ရှိတဲ့အတွက် သောက်သုံးရေ လုံလောက်စွာ ဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။လူမှုစီးပွားကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်မှုတွေရရှိအောင် ဘယ်လိုတွေ ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။နိုင်ငံတော်က ခွဲဝေချထားပေးတဲ့ ဘဏ္ဍာငွေထဲမှာ အခြားဖွံ့ဖြိုးရေး လုပ်ငန်းတွေအတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ သီးသန့်ဖွံ့ဖြိုးရေးအနေနဲ့ လုပ်ငန်းပေါင်း ၁၇၂ ခုကို ငွေကျပ်သန်းပေါင်း ၁၁၉၀၆ ဒသမ ၅၉၉ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်က မြို့နယ်တွေမှာရှိတဲ့ မြစ်/ ချောင်းတွေ မိုးရာသီရောက်တဲ့အခါမှာ ရေတိုက်စားမှုနဲ့ ရေကြီးရေလျှံမှုတွေ မဖြစ်ပေါ်စေဖို့အတွက် ဒက္ခိဏသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နဲ့ ဥတ္တရသီရိမြို့နယ်တွေမှာ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတွေ၊ သောင်တူးဖော်တဲ့လုပ်ငန်းတွေနဲ့ ချောင်းပြုပြင်ထိန်းသိမ်းတဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့ပြင် အထူးကိစ္စတစ်ရပ်အနေနဲ့ ပြည်ထောင်စုအစိုးရက နေပြည်တော်အတွင်းမှာရှိတဲ့ ဝန်ကြီးဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ နေထိုင်မှု အဆင်ပြေစေဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ဘီလီယံ ၅၀ နဲ့ အရာထမ်း၊ အမှုထမ်းအိမ်ရာတွေ၊ အပျိုဆောင်၊ လူပျိုဆောင်တွေ တည်ဆောက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ လုပ်ငန်းအားလုံးရဲ့ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး မကြာမီ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို လွှဲပြောင်းပေးမှာ ဖြစ်ပါတယ်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ဘီလီယံ ၄၀ နဲ့ အရာထမ်း၊ အမှုထမ်းအိမ်ရာတွေ၊ လူပျိုဆောင်၊ အပျိုဆောင်တွေ၊ စုစုပေါင်းအိမ်ရာ ၆၀ တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းအားလုံးပြီးစီးရင် နေပြည်တော်အတွင်းမှာရှိတဲ့ ဝန်ကြီးဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ပြည်ထောင်စုနယ်မြေ အတွင်း တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာဖို့ ဘယ်လိုအစီအစဉ်တွေ ချမှတ်လုပ်ဆောင်နေတယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ။ နေပြည်တော်ကောင်စီနယ်မြေက နိုင်ငံရဲ့ အုပ်ချုပ်ရေးမြို့တော်ဖြစ်တဲ့အတွက် လုပ်ဆောင်ရမယ့် လုပ်ငန်းမူဝါဒမှာ အချက်တစ်ချက်အနေနဲ့ ထည့်ထားတာက တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး ဖြစ်ပါတယ်။ အဲဒါတွေကို ဖော်ဆောင်ရာမှာ မူးယစ်ဆေးဝါးကိစ္စကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ချမှတ်ထားပါတယ်။

နေပြည်တော်မှာထွက်ရှိတာ မဟုတ်ပေမယ့် နေပြည်တော်က မူးယစ်ဆေးဝါး ဖြတ်သန်းသွားလာတဲ့လမ်းကြောင်းဖြစ်တဲ့အတွက် အထူးဂရုပြုပြီး စီမံချက်အနေနဲ့ ဖမ်းဆီးပါတယ်။ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးတွေ ဖမ်းဆီးရမိမှုက ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် မတ်လ ၄ ရက်အထိ အမှုပေါင်း ၇၈ မှုကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး တရားခံ အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ၂၅ ဦး၊ ဘိန်းဖြူ ၅၇ ဒသမ ၇၉ ဂရမ်၊ ဘိန်းမဲ ၂၈ ဒသမ ၁၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၇၉ ပြား၊ ဆေးခြောက် ၂၂၄ ဒသမ ၉ ဂရမ်၊ ICE ၀ ဒသမ ၄ ဂရမ်၊ ဟိုက်ဒရိုကလိုရစ်အက်ဆစ် လီတာ ၉၉၀၀ စုစုပေါင်းငွေကျပ် တန်ဖိုး ၁၂၅၆၇၄၂၉၀ ဖြစ်ပါတယ်။

ထိုနည်းတူစွာ နေပြည်တော်နယ်မြေထဲမှာ ထူးထူးခြားခြား ဖမ်းဆီးရမိတာတစ်ခုက လက်နက်ခဲယမ်းနဲ့ ပေါက်ကွဲစေနိုင်တဲ့ပစ္စည်းတွေ ဖမ်းဆီးရမိမှု ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အမှုနှစ်ခုကနေ တရားခံ အမျိုးသား ခုနစ်ဦးနဲ့ အမျိုးသမီး သုံးဦး ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး သိမ်းဆည်းရမိပစ္စည်း ဒီတိုနိတာအချောင်း ၅၀၀၊ ပေါက်ကွဲစေတတ်တဲ့ နိုက်ထရိတ် ရာခိုင်နှုန်း ၄၀ အထက်ပါဝင်တဲ့ ဓာတ်မြေသြဇာ ၂၂ အိတ်နဲ့ ဖောက်ခွဲရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်း ခုနစ်မျိုး ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

နေပြည်တော်နယ်မြေမှာ တရားဥပဒေစိုးမိုးဖို့အတွက် လိုင်စင်မဲ့မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်တွေကို စီမံချက်အနေနဲ့ စစ်ဆေးဖမ်းဆီးနေပါတယ်။ စတုတ္ထ(၁)နှစ်တာကာလအတွင်း အမှုပေါင်း ၉၄ မှု ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး မော်တော်ယာဉ် ၆၈ စီးနဲ့ မော်တော်ဆိုင်ကယ် ၁၄ စီး ဖမ်းဆီး အရေးယူနိုင်ခဲ့ပါတယ်။

သစ်ဖမ်းဆီးရမိမှုအနေနဲ့ တရားမဝင်သစ် ၄၃ မှု ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး သစ်မျိုးစုံ တန်ပေါင်း ၅၂၉ ဒသမ ၉၆၃၂ တန် စုစုပေါင်း ငွေကျပ်သိန်း ၁၇၀ ကျော်ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

နေပြည်တော်အတွင်း မှုခင်းဖြစ်ပွားမှု ကာကွယ်တားဆီးရေးအတွက် နေပြည်တော်တစ်ခွင်မှာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းတွေမဖြစ်ပွားရေး၊ ဖြစ်ပွားတဲ့မှုခင်းတွေ ဖော်ထုတ်နိုင်ရေးအတွက် CCTV အလုံး ၄၇၀ နဲ့ ၂၄ နာရီ စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ပြင် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ကောင်စီရဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း Safe City ရဲ့ အစိတ်အပိုင်းအဖြစ် မြို့နယ် ရှစ်မြို့နယ်တွင် အဝင်/ အထွက် ဂိတ်တွေ၊ အရေးကြီးနေရာတွေမှာ CCTV ကင်မရာတွေ တိုးချဲ့တပ်ဆင်မှာ ဖြစ်ပါတယ်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ မှုခင်းကျဆင်းရေးအတွက် e-Government Network၊ e-Lte Network တွေနဲ့ Command and Control Center တည်ဆောက်တာတွေအတွက် ငွေကျပ် ၄၄၅၄ ဒသမ ၂၆၈ သန်းကို ရန်ပုံငွေရရှိခဲ့ပြီး လုပ်ငန်းစတင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလုပ်ငန်းတွေပြီးစီးရင် လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးတို့ကို ပိုမိုထိရောက်စွာ ကာကွယ်ဆောင်ရွက်သွားနိုင်မှာဖြစ်တဲ့အတွက် နေပြည်တော်ကောင်စီနယ်မြေ လုံခြုံအေးချမ်းသာယာရေးကို ပိုမို ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

*အချပ်ပို (ဃ) သို့*



၁၃-၂-၂၀၂၀ ရက်က နေပြည်တော် သပြေကုန်းအဝိုင်း ဗိုလ်ချုပ် မြင်းစီးကြေးရုပ်တု ဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြတ်သန်းပုံအဆင့်ဆင့်ကို ပြခန်းများဖြင့် အများပြည်သူအား ခင်းကျင်းပြသစဉ်။

*အချပ်ပို (ဂ) မှ*

**မေး။ ။ ခရီးသွားကဏ္ဍမြှင့်တင်ဖို့ အစီအစဉ်တွေကို ပြောပြပေးပါဦးရှင်။**

ဖြေ။ ။ ခရီးသွားကဏ္ဍနဲ့ ပတ်သက်ပြီး နေပြည်တော်မှာရှိပြီးသား နယ်မြေတွေအပြင် သဘာဝသယံဇာတအရင်းအမြစ်တွေရဲ့ ဦးဆောင်မှုနဲ့အတူ ငလိုက်ဆင်စခန်းတစ်ခုကို ပြီးခဲ့တဲ့နှစ်က စတင်ဖော်ဆောင်နေပြီ ဖြစ်ပါတယ်။ လာရောက်လည်ပတ်သူတစ်ရက်ကို ၂၀၀ ဝန်းကျင် လောက်ရှိပါတယ်။ အခြားနယ်မြေက ဆင်စခန်းတွေလို ဆင်စီးလို့ရမယ်၊ ဆင်တွေရဲ့ သဘာဝတရားနဲ့ ကျွေးမွေးစောင့်ရှောက်ပုံတွေကို ကြည့်ရှုလေ့လာလို့ရပါတယ်။

ထိုနည်းတူစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်မှာရှိတဲ့ ရေပူစမ်းက အခု ပြည်တွင်းခရီးသွားတွေပဲ လာကြတာဖြစ်ပါတယ်။ နိုင်ငံခြားသားခရီးသွားတွေကို ဆွဲဆောင်ဖို့ဆိုရင် နိုင်ငံတကာအဆင့်မီတဲ့ ရေပူစမ်းတည်ဆောက်ဖို့ လိုပါတယ်။ ဒါကို စိတ်ဝင်စားတဲ့ကုမ္ပဏီတွေကို လာရောက်ဆောင်ရွက်ဖို့ ဖိတ်ခေါ်ထားပါတယ်။ ဒါကို PPP စနစ်နဲ့ အကောင်အထည်ဖော်မှာဖြစ်ပါတယ်။

နေပြည်တော်ကတစ်ဆင့် သွားရတဲ့ စခန်းက ပေါင်းလောင်းမှာရှိတဲ့ နန့်မွန်ကြီးရေတံခွန်သဘာဝအခြေခံ ခရီးသွားနေရာ အသစ်တစ်ခုဖြစ်ပြီး ယခုနောက်ပိုင်း လူသိများလာပါတယ်။ ပြီးခဲ့တဲ့နှစ်က ခရီးသွားဧည့်သည် ၄၀၀၀ နဲ့ ၅၀၀၀ လောက် လာရောက်လည်ပတ်ကြပါတယ်။ နန့်မွန်ကြီးဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူကိုယ်တိုင်သွားရောက်ပြီး ခရီးသွားလုပ်ငန်းဖြစ်နိုင်ခြေကို စစ်ဆေးကြည့်ရှုပြီးဖြစ်ပါတယ်။

**မေး။ ။ နေပြည်တော်ကို ပညာရေးရဲ့ ဗဟိုဌာန Smart City အဖြစ် ပုံဖော်နေတာနဲ့ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ နေပြည်တော်ကို မူဝါဒချမှတ်ထားတာက နိုင်ငံရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အသိအမှတ်ပြုထားတဲ့ အချက်တစ်ချက်က အနာဂတ်နေပြည်တော်ကို ပညာရေးဆိုင်ရာ ဗဟိုဌာနအဖြစ် ဖော်ဆောင်ဖို့ ရည်မှန်းချက်ထားရှိပါတယ်။ ဒါကြောင့် နှစ်စဉ်အလိုက် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းတွေကို ဖိတ်ခေါ်ပါတယ်။ ပြီးခဲ့နှစ်က ထူးခြားချက်အနေနဲ့ ကိုရီးယားနိုင်ငံက နိုင်ငံတကာ ဘက်စုံပညာရေးမြှင့်တင်မှုအနေနဲ့ မြေကို ပညာရေးဝန်ကြီးဌာနကတစ်ဆင့် မြေဧက ၁၀၀ ကျော် သတ်မှတ်ပေးပြီး ဖြစ်ပါတယ်။

ထိုနည်းတူစွာပဲ ရန်ကုန်မှာရှိတဲ့ ICT Park ကို နေပြည်တော် ဖိတ်ခေါ်တဲ့အခါ ICT Park တစ်ခုလာရောက်တည်ထောင်ဖို့ ပဏာမအနေနဲ့ သဘောတူညီချက်ရထားပြီး ဖြစ်သလို မြေဧက ၁၀၀ ချမှတ်ပေးပြီး ဖြစ်ပါတယ်။

**မေး။ ။ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာ တောင်သူတွေနဲ့ ကျပန်းအလုပ်သမားတွေအတွက် ဖော်ဆောင်ပေးတဲ့ အစီအစဉ်တွေ ရှိရင်လည်း သိရှိလိုပါတယ်။**

ဖြေ။ ။ စိုက်ပျိုးရေးကဏ္ဍမှာ အဆင့်မြင့်လယ်ယာဖော်ဆောင်ဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချမှတ်ထားတာ ရှိပါတယ်။ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း (EXIM Bank) က အခြေခံသမဝါယမအသင်း ၂၈၆ သင်းက တောင်သူအသင်းသားပေါင်း ၃၀၄၀၈ ဦးကို စိုက်ပျိုး စရိတ်ချေးငွေကို အတိုးနှုန်းသက်သာစွာနဲ့ အသုံးပြုနိုင်ဖို့အတွက် သူတို့ရဲ့ စုဆောင်းငွေနဲ့ China EXIM Bank ရဲ့ ပံ့ပိုးချေးငွေအပါအဝင် ချေးငွေတွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၅၁၉၉ ဒသမ ၁၀၂ သန်း ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။

အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း (သက်တံရောင်)အစီအစဉ်နဲ့ အခြေခံသမဝါယမအသင်း ၂၂၆ သင်းက အသင်းသား လက်လုပ်လက်စားကျပန်း အလုပ်သမား ၉၃၉၅ ဦးကို ထုတ်ချေးငွေကျပ်သန်းပေါင်း ၅၅၉၆ ဒသမ ၃၄၄ သန်း ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းကို ဖွဲ့စည်းပြီး လယ်ယာမြေ ၅၄၁ ဒသမ ၆၃ ဧက ထွန်ယက်ပေးခြင်း၊ အသင်းသား ၂၇၀ ရဲ့ လယ်မြေ ၆၇၅ ဒသမ ၁၅ ဧကကို စပါးရိတ်သိမ်းခြွေလှေ့စက်နဲ့ ရိတ်သိမ်းပေးခြင်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ အခြားဆောင်ရွက်ချက်တွေ ရှိရင်လည်း သိရှိလိုပါတယ်။**

ဖြေ။ ။ နေပြည်တော်အတွင်းက မြို့နယ်ရှစ်မြို့နယ်မှာရှိတဲ့ သက်ကြီးဘိုးဘွားတွေကို ထောက်ပံ့ပေးမှုအနေနဲ့ အမျိုးသား ၁၃၄၆ ဦးနဲ့ အမျိုးသမီး ၂၉၆၂ ဦးကို ၃ လလျှင် တစ်ဦးကို ငွေကျပ် ၃၀၀၀၀ နှုန်းနဲ့ ထောက်ပံ့နိုင်ခဲ့ပါတယ်။ ဒါ့ပြင် မသန်စွမ်းသူ ၁၁၈ ဦးကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းနဲ့ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

နေပြည်တော်နယ်မြေ အတွင်းမှာ လေဘေး၊ ရေဘေး၊ မီးဘေး၊ ကမ်းပြိုဘေးနဲ့ မိုးကြိုးဘေးစတဲ့ သဘာဝဘေးဖြစ်ပွားမှုအနေနဲ့ စုစုပေါင်းအကြိမ် ၁၄၀ ဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၁၇၁၆ စု၊ လူဦးရေ ၇၁၆၁ ဦး အတွက် ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်း၊ ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ်သန်း ၉၇ ဒသမ ၄၉၆ သန်းကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

အလားတူ သဘာဝဘေး အသိပညာပေးဟောပြောပွဲ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းတွေနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်းတွေကို ၁၈၅ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး သင်တန်းသား ၃၉၀၇၆ ဦး တက်ရောက်ခဲ့ပါတယ်။



ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ဝတ်ရွတ်အသင်းများ ရွတ်ဖတ်ပူဇော်နေကြစဉ်။

ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုငွေကျပ်သန်း ၂၀၄၀ ဒသမ ၇၀၀ နဲ့ စုစုပေါင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၄ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

**မေး။ ။ နေပြည်တော် စည်ပင်သာယာရေးကော်မတီရဲ့ ဆောင်ရွက်ချက်တွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ နေပြည်တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနက ဇမ္ဗူသီရိမြို့နယ် မြို့မဈေးအတွင်း မသန်စွမ်းပုဂ္ဂိုလ်တွေ (Physical and Visual Disabilities) အဆင်ပြေစွာ သွားလာနိုင်ဖို့အတွက် Wheel Chair Path Way, Steel Hand Rail, Wheel Chair Stand, Toilet နဲ့ မျက်မမြင်တွေအသုံးပြုဖို့ အမှတ်အသားပါ လျှောက်လမ်းတွေ၊ စတီးလက်ရန်းတွေနဲ့ ဆိုင်းဘုတ်တွေကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ငွေကျပ်သန်း ၁၈၃ ဒသမ ၂၉၀ နဲ့ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၀ ရက်ကနေ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်းမှာ လုပ်ငန်းတွေ ပြီးစီးမှာ ဖြစ်ပါတယ်။

ထို့အတူ အင်ဂျင်နီယာဌာန(လမ်းတံတား) အနေနဲ့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ သီရိ (၅) မြို့နယ်နဲ့ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့တို့မှာ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေနဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေတို့နဲ့ ကွန်ကရစ်လမ်းပေါင်း ၄၅ လမ်း စုစုပေါင်း ပေအရှည် ၃၈၉၀၂ ကို ရန်ပုံငွေကျပ် ၁၄၇၅ ဒသမ ၈၂၉ သန်းနဲ့ ဆောင်ရွက်ခဲ့ပါတယ်။

ကတ္တရာလမ်းပေါင်း ရှစ်လမ်း စုစုပေါင်း ပေအရှည် ၈၈၉၀ ကို ရန်ပုံငွေကျပ် ၁၄၂ ဒသမ ၉၂၈ သန်းနဲ့ ဆောင်ရွက်ခဲ့သလို ရိုးစာလမ်းပေါင်း ၅ လမ်း စုစုပေါင်းပေအရှည် ၆၄၄၀ ကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၄၅ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ Box Culvert ၆၁ စင်းကို ရန်ပုံငွေကျပ် ၃၉၃ ဒသမ ၃၆၁ သန်း၊ အုတ်စီရေမြောင်း ပေ ၄၀၈၀ ကို ငွေကျပ် ၂၁၃ ဒသမ ၅၁၅ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် စုစုပေါင်းရန်ပုံငွေ ၂၂၆၆ ဒသမ ၀၈၃ သန်း သုံးစွဲဆောင်ရွက်လျက် ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတွေအတွက် အိမ်ခန်း ၃၀၀၀ တည်ဆောက်မယ့် စီမံကိန်းကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့မဈေးနဲ့ ဝဏ္ဏသိဒ္ဓိ အဆင့်မြင့် အားကစားကွင်းတို့အကြားမှာ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းအတွက် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်တို့နဲ့ သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။

ဒါ့ပြင် ဥတ္တရသီရိမြို့နယ်မှာ တိုးတက်လျက်ရှိတဲ့ လူဦးရေနဲ့အညီ ဥတ္တရသီရိမြို့နယ်အတွင်း နေထိုင်တဲ့ပြည်သူတွေသို့ သန့်စင်ပြီး ရေလုံလောက်စွာ ပေးဝေနိုင်ဖို့အတွက် အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဌာနအနေနဲ့ ချောင်းမကြီးဆည်မှ ဥတ္တရသီရိ သဲရေစစ်ကန်ကို ရေတွန်းပို့တဲ့ မော်တာပန့်တွေ တပ်ဆင်ခြင်းနဲ့ လျှပ်စစ်မီးသွယ်တန်းခြင်းအတွက် စုစုပေါင်းငွေကျပ်သန်း ၁၅၅ ဒသမ ၉၄၉ သန်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနအနေနဲ့ နေပြည်တော်စိမ်းလန်းစိုပြည်ရေးနဲ့ သာယာလှပရေးအတွက် နေပြည်တော် ဧရိယာအတွင်းမှာရှိတဲ့ လမ်းလယ်ကျွန်းတွေ၊ လမ်းဘေးဝဲ/ယာတွေ၊ အဝိုင်းတွေမှာ နှစ်ရှည်/နှစ်တိုပန်းအလှပင်တွေ၊ အရိပ်ရပင်တွေ၊ ရာသီပန်းတွေ စိုက်ပျိုးတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ စိုက်ပျိုးပြီးအပင်တွေ ရာသီအလိုက် ဖူးပွင့်ဝေဆာပြီး အစဉ်စိမ်းလန်းစိုပြည်နေစေဖို့ ပုံမှန်ထိန်းသိမ်းတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့နိုင်ငံရေးသမိုင်းမှာ မော်ကွန်းထိုးထားရမယ့် ကြီးကျယ်ခမ်းနားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လုပ်ဆောင်ချက်တွေကို စံပြုနိုင်ကြစေဖို့အတွက် နေပြည်တော် သပြေကုန်းအဝိုင်းပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို ၂၀၁၉ ခုနှစ် အောက်တိုဘာလမှာ စတင်တည်ဆောက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ဖြစ်တဲ့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

စတုတ္ထ (၁) နှစ်တာ ကာလအတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေး၊ စည်ပင်သာယာရေးနဲ့ သန့်ရှင်းသပ်ရပ်၊ သာယာလှပ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ပြင် ပြည်ထောင်စုနယ်မြေဖြစ်တဲ့ တပ်ကုန်းမြို့နယ်မှာ တစ်မြို့နယ်လုံး စိမ်းလန်းစိုပြည်ရေးနဲ့ အမှိုက်ကင်းစင်ရေးအတွက် One State One Township Project အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်အဖြစ် ရှားတောကျေးရွာ၊ ရေအေးကျေးရွာ၊ မန်ကျည်းပင်ကျေးရွာ၊ ဥသျှစ်ကုန်းကျေးရွာ၊ တဲမြင့်ကျေးရွာနဲ့ အောင်မြေရိပ်သာကျေးရွာစတဲ့ ကျေးရွာခြောက်ရွာမှာ ပျိုးဥယျာဉ်ခြံတွေ တည်ဆောက်ထားရှိပါတယ်။

ပျိုးပင်တွေ ပျိုးထောင်နိုင်ဖို့အတွက် ပျိုးအိတ်တွေ ပြုလုပ်ထည့်သွင်းတာ၊ လှုံ့ဆော်ရေး ပိုစတာတွေကို အများပြည်သူသိရှိနိုင်မယ့် လူစည်ကားရာနေရာတွေဖြစ်တဲ့ မိုဃ်းကောင်းဘုရားရှေ့၊ မြို့မရဲစခန်းရှေ့နဲ့ နီလာရိုးမလမ်းစုံရှေ့တို့မှာ စိုက်ထူတာတွေ ဆောင်ရွက်ထားရှိပါတယ်။ အမှိုက်ကင်းစင်ရေးလုပ်ငန်းစဉ်အဖြစ် ရပ်ကွက်/ ကျေးရွာအုပ်စုတွေမှာ စွန့်ပစ် အမှိုက်တွေကို စုပေါင်းအမှိုက်ကောက်တာ၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းအတွင်းမှာရှိတဲ့ အမှိုက်ရှင်းလင်းတာတွေကို အပတ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ One State One Township Project အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဖြည့်စွက်ပြောကြားချင်တာ ရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းမှာရှိတဲ့ ပြည်သူတွေရဲ့ လူမှုရေးဆိုင်ရာ လိုအပ်ချက်တွေ၊ လူမှုဘဝအခက်အခဲတွေကို အစိုးရနဲ့ အလှူရှင်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ကူညီဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ အစိုးရရုံးလုပ်ငန်းအချို့ကို ရပ်ကွက်/ကျေးရွာတွေအထိ သွားရောက်ဆောင်ရွက်ပေးတာကြောင့် ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နေပြည်တော်ကောင်စီအနေနဲ့တာဝန်ယူရတဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းမြင့်မားရေးတို့ကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက်နေပါတယ်။ အဓိကလိုအပ်ချက်တွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်း၊ တံတားတွေအပြင် အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြု ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ။



နေပြည်တော် ငလိုက်စခန်းသာဆင်စခန်း။